# မြဝတီ နေ့စဉ်

သတင်းထူး၊ သတင်းဦး နေ့စဉ်ဖြန့်ချိမြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
၂၀၂၅ ခုနှစ်၊ မေ ၃ ရက်၊ စနေနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မိမိထက်အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲ အရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက် ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အား ကြီးခြင်းဟူသော အကျိုးထူးတရားလေးပါးတို့ သည်တိုးပွားကုန်၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား သင်ကြားရေးစခန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိ

နေပြည်တော် မေ ၂

မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများပျက်စီးသွားခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန်လ ၁၆ ရက်တွင် ပြန်လည်ဖြေကြားရမည်ဖြစ်ရာ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား ဧပြီလ ၂၈ ရက်မှစတင်၍ သတ်မှတ်ထားသည့်ကျောင်းများ၌ လေ့ကျင့်သင်ကြားရေးစခန်း(Camp)များဖွင့်လှစ်ထားရှိပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

စာမျက်နှာ ၆ ကော်လံ ၁ ➲

**မြန်မာ့မီးရထား၏ (၁၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုအပ်ပါသည် . . .**

စာ - ၁၃ သို့




**မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပြည်တွင်းဘိလပ်မြေစက်ရုံအချို့ စက်စွမ်းအားပြည့် ပြန်လည်လည်ပတ်ထုတ်လုပ်နိုင်ရေးပံ့ပိုးပေးမည်**

စာ - ၇ သို့

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလှူဒါန်းသော ဒီဇယ်မက်ထရစ်တန် ၁၈၀၀၀ အား လွှဲပြောင်းလက်ခံ**

စာ - ၁၇ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မေ ၃ ရက်)

# ရေကြောင်းနှင့် လေကြောင်းလူငယ်သင်တန်းများ

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစွာအသုံးချနိုင်ရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကိုလေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၅) နှင့် ရေကြောင်းလူငယ်တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၅)ကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ ဧပြီလ ၂၂ ရက်မှစတင်ဖွင့်လှစ်ခဲ့ပြီး သင်ကြားပေးလျက်ရှိသည်။

ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာ ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့်တန်းမြင့်သင်တန်းများတွင် တပ်မတော်(ရေ)သမိုင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်းဘာသာရပ်၊ အခြေခံစစ်ရေးပြနှင့် အခြေခံရေတပ်သားဘာသာရပ်၊ ရေကြောင်းလမ်းညွှန်အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်စ်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံရေတပ်သားအချက်ပြဆက်သွယ်ရေးဆိုင်ရာ၊ အခြေခံရေကူးနှင့် လှေလှော်ရွက်တိုက်နည်းတို့ကို သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်ခန်းစာများကို နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၈၀၀ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထို့အတူ တပ်မတော်(လေ)က ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း လေကြောင်းပညာသမိုင်းကိုလေ့လာခြင်းဖြင့် လေကြောင်းနှင့် အာကာသသိပ္ပံပညာရပ်များတွင် စိတ်ဝင်စားမှုတိုးပွားလာစေရန်၊ လေယာဉ်ပျံသန်းမှုနှင့်သက်ဆိုင်သော ပညာရပ်များကို တတ်သိနားလည်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကိုယ်လက်ကြံ့ခိုင်မှုကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်မှု အလေ့အကျင့်ရရှိစေရန်နှင့် လူငယ်များ၏ဝါသနာပါရာလေ့ကျင့်မှုအနေဖြင့် မြှင့်တင်ပေးရန်၊ မျိုးဆက်သစ်လူငယ်မောင်မယ်များကို ယုံကြည်ချက်၊ ခံယူချက်မြင့်မားမှန်ကန်စေပြီး အနာဂတ်တပ်မတော်နှင့် နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်၍ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့ရှိ သင်တန်းစခန်း ၁၅ ခုတွင် စုစုပေါင်းသင်တန်းသား ၈၀၄ ဦးဖြင့် ဧပြီလ ၂၂ ရက်နေ့မှဖွင့်လှစ်သင်ကြားလျက်ရှိသည်။ အခြေခံလေကြောင်းလူငယ်သင်တန်းတွင် လေကြောင်းပညာသမိုင်း၊ လေကြောင်းလူငယ်သမိုင်း၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရား၊ RC Simulator မောင်းနှင်ခြင်း၊ RC လေယာဉ်/ရဟတ်ယာဉ်မောင်းနှင်ခြင်းနှင့် အခြေခံစစ်ရေးပြ(လက်နက်မဲ့)ဘာသာရပ်များကိုလည်းကောင်း၊ တန်းမြင့်လေကြောင်းလူငယ်သင်တန်းတွင် လေကြောင်းဆိုင်ရာအခြေခံဗဟုသုတ Airfield Procedure၊ RC လေယာဉ်/ရဟတ်ယာဉ်မောင်းနှင်ခြင်း၊ Flight Simulator မောင်းနှင်ခြင်း၊ အခြေခံစစ်ရေးပြ(လက်နက်ပါ)၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်းကြောင်းဘာသာရပ်များကိုလည်းကောင်း ထည့်သွင်းပို့ချပေးလျက်ရှိသည်။ တပ်မတော်(လေ)တွင် လက်တွေ့ကွင်းဆင်းလေ့လာခြင်းများဆောင်ရွက်ပေးမည်ဖြစ်သည်။

လူငယ်များမှာ အနာဂတ်နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ပခုံးပြောင်းထမ်းဆောင်ကြရမည့်သူများဖြစ်ကြသည်။ ထို့ကြောင့် လူငယ်များကို ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံတွင်လေ့လာသိရှိနေစေရန်၊ ကျွမ်းကျင်နေစေရန် ပြုစုပျိုးထောင်ပေးနေခြင်းဖြစ်သည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်နေခြင်းသည် အနာဂတ်နိုင်ငံတော်ကို ပိုမိုလှပအောင်ဆောင်ရွက်နေခြင်းဖြစ်၍ လူငယ်များအနေဖြင့် မိမိတို့အတွက်ရရှိလာသည့်အခွင့်အရေးကောင်းများကို ကောင်းစွာဆုပ်ကိုင်နိုင်ကြရမည်ဖြစ်သည်။ ဤကဲ့သို့သော ရေကြောင်းလူငယ်သင်တန်းများ၊ လေကြောင်းလူငယ်သင်တန်းများသည် လူငယ်ဘဝတွင်သာ ရရှိနိုင်သည့်အခွင့်အရေးတစ်ခုဖြစ်သည်။ ထိုအခွင့်အရေးမှာ မိမိအတွက်သာမက နိုင်ငံတော်အတွက်ပါ အကျိုးရှိစွာအသုံးပြုရမည်ဖြစ်သည်။ နည်းပညာများ နေ့စဉ်တိုးတက်ပြောင်းလဲနေသည့် ယနေ့ကာလတွင် အဆိုပါနည်းပညာများကိုသိရှိနားလည်ရန်လိုအပ်သည်။

နိုင်ငံအတွက် ရေကြောင်းပညာရပ်များ၊ လေကြောင်းပညာရပ်များမှာ စဉ်ဆက်မပြတ်လေ့လာသိရှိနေရမည့်ပညာရပ်များဖြစ်ပေရာ လူငယ်မောင်မယ်များအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကိုတန်ဖိုးရှိစွာအသုံးပြုခြင်းနှင့်အတူ နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများ၏ တစ်စိတ်တစ်ပိုင်းကိုသိရှိလာမည်ဖြစ်သည်။ စိတ်ဓာတ်နှင့်စည်းကမ်းများပိုမိုကောင်းမွန်လာပြီး စည်းလုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်တတ်သည့်အလေ့အကျင့်ကောင်းများရရှိလာမည်။ မျိုးဆက်သစ်လူငယ်မောင်မယ်များ၏ ယုံကြည်ချက်၊ ခံယူချက်မြင့်မားမှန်ကန်ပြီး အနာဂတ်တပ်မတော်နှင့် နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးစွာ သယ်ပိုးဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူငယ်မောင်မယ်များအနေဖြင့် အချိန်ရှိခိုက်လုံ့လစိုက် ဆိုစကားအတိုင်း ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် သင်တန်းများတွင် ကြိုးစားသင်ယူကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# (၈၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားနှင့် ဆုပေးပွဲကျင်းပ

မြဝတီ မေ ၂

ကရင်ပြည်နယ်အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီးဌာန မြဝတီမြို့နယ် ကုန်တင်ကုန်ချကော်မတီရုံးမှ မေ ၁ ရက်တွင်ကျရောက်သည့် (၈၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားကို မေလ ၁ ရက် နံနက်ပိုင်းတွင် မြဝတီအမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားကို အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းခွဲမြဝတီမှ ကျောင်းသား၊ ကျောင်းသူလေးများက အသီးတစ်ရာအညွှာတစ်ခု သီချင်းဖြင့် ဧည့်ခံသရုပ်ပြသီဆိုဖွင့်လှစ်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သော ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ သဝဏ်လွှာကို မြဝတီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းနိုင်က ဖတ်ကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းစံလင်းနှင့်တာဝန်ရှိသူများက ထူးချွန်ဆုရရှိကြသည့် မြဝတီမြို့နယ် ကုန်တင်ကုန်ချကော်မတီရုံးမှ(ကာယဉာဏ) ပြည်သူ့ဝန်ထမ်းလုပ်သားကြီးများအား လုပ်အားထူးချွန်ဆုများ အသီးသီးပေးအပ်ကြကြောင်း သိရသည်။

(၄၀၆)

# ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူများ၏မိသားစုဝင်များအား ပံ့ပိုးငွေ ပေးအပ်ခြင်းနှင့် စားသုံးကုန်ပစ္စည်းများပေးအပ်ခြင်းအခမ်းအနားကျင်းပ

တံတားဦး မေ ၂

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၌ မတ်လ ၂၈ ရက်ကလှုပ်ခတ်သည့် မန္တလေးငလျင်ကြီးကြောင့် သေဆုံးသူများ၏ မိသားစုဝင်များအား ပံ့ပိုးငွေပေးအပ်ခြင်း၊ လတ်တလောစားသောက်ရေးအဆင်ပြေစေရန် စားသုံးကုန်ပစ္စည်းများပေးအပ်ခြင်းနှင့် နေအိမ်ပြိုကျပျက်စီးမှုများအား ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပံ့ပိုးပေးခြင်းအခမ်းအနားကို မေလ ၁ ရက် နံနက်ပိုင်းတွင် တံတားဦးမြို့ အမှတ်(၂)ရပ်ကွက် ဆုံကုန်းရပ်ရှိ မြို့နယ်ခန်းမ၌ ကျင်းပသည် ။

အခမ်းအနားတွင် ကျောက်ဆည်တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက ငလျင်ဘေးကြောင့် တံတားဦးမြို့နယ်မှ သေဆုံးသူများ၏ မိသားစုဝင်များအား ပံ့ပိုးငွေများနှင့် ငလျင်ဘေးဖြစ်ပွားခဲ့သည့် အိမ်ထောင်စုများအတွက် နိုင်ငံတော်မှပေးအပ်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ တစ်လစာပံ့ပိုးငွေကျပ် ၃၈၀ ဒသမ ၃၁၆ သန်းအား မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တံတားဦးခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းက တံတားဦးမြို့နယ်မှ သေဆုံးသူများ၏ မိသားစုဝင်များအား ပံ့ပိုးငွေနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးကိုလည်းကောင်း၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါ်အိဖြူဖြူနှင်းက ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးကိုလည်းကောင်း ပြည်သူများလက်ဝယ်အရောက်ပေးအပ်ကြသည်။

ဆက်လက်၍ တာဝန်ရှိသူများသည် ဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အားပေးစကားပြောကြားကာ ပံ့ပိုးငွေများပေးအပ်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ငလျင်ဘေးကြောင့် သေဆုံးသူ တစ်ဦးလျှင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ငွေကျပ် ၁၀ သိန်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ်ငါးသိန်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ငွေကျပ်သုံးသိန်း စုစုပေါင်းငွေကျပ် ၁၈ သိန်း၊ ပြိုကျပျက်စီးခဲ့သည့် အိမ်ခြေ ၈၁၆ လုံးအား ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးနှင့် စားနပ်ရိက္ခာအနေဖြင့် တစ်လစာအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ ရိက္ခာငါးမျိုးအတွက် တန်ဖိုးငွေကျပ်စုစုပေါင်း ၃၈၀ ဒသမ ၃၁၆ သန်းကိုပေးအပ်ခဲ့ကြောင်း သိရသည် ။

ဦးရဲတင့်(ပြန်/ဆက်)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၃-၅-၂၀၂၅(စနေနေ့)

| | |
|---|---|
| ၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့ | ၄။ ၁၄:၅၀ Business Tips |
| ၂။ ၀၈:၂၀ Morning Songs | ၅။ ၁၆:၀၀ Holiday Vibes |
| ၃။ ၁၁:၅၀ စိုက်မွေးသုတ | ၆။ ၂၁:၄၀ ဇာတ်လမ်းအသွင်တေးသံစဉ် |


မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မြန်မာ့ပင်လယ်ပြင်တွင် ငါးမဖမ်းရကာလသတ်မှတ်ထားသောကြောင့် ရန်ကုန်မြို့ ရွှေပိတောက်ငါးဈေးသို့ ရေချိုငါးများ အဓိကဝင်ရောက်နေ

ရန်ကုန်  မေ ၂

ယခုအခါ မြန်မာ့ပင်လယ်ပြင်တွင် ငါး၊ ပုစွန်သားပေါက်ချိန်ဖြစ်သောကြောင့် ကမ်းဝေးငါးဖမ်းရေယာဉ်များအား ငါးမဖမ်းရကာလနှင့် ငါးမဖမ်းရဇရိယာများ သတ်မှတ်ထားသည့်အတွက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် လှိုင်မြို့နယ်ရှိ ရွှေပိတောက်ငါးဈေးသို့ ရေချိုငါးများ အဓိကဝင်ရောက်လျက်ရှိကြောင်း သိရသည်။



လက်ရှိတွင် ရွှေပိတောက်ငါးဈေးသို့ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှထွက်ရှိသော မွေးမြူရေးနှင့် ရေချိုထွက်ကုန်များ အများအပြားဝင်ရောက်နေသည့်အပြင် ပြည်ကြီးငါး၊ ကင်းမွန်အပါအဝင် ရေငန်ထွက်ကုန်များလည်း နေ့စဉ်ဝင်ရောက်လျက်ရှိကြောင်း၊ အဆိုပါရေချို၊ ရေငန်ထွက်ကုန်များကို သင့်လျော်သောဈေးနှုန်းများဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ စားသုံးသူများအနေဖြင့် အဆင်ပြေလျက်ရှိပြီး တချို့သောရေထွက်ကုန်များကို အအေးခန်းစက်ရုံများသို့ တိုက်ရိုက်တင်ပို့လျက်ရှိကြောင်း သိရသည်။

"ရွှေပိတောက်ငါးဈေးကနေ ရန်ကုန်တိုင်းဒေသကြီးအတွင်းသာမက တခြားနယ်ဘက်တွေကိုလည်း တစ်ဆင့်ပြန်လည်ဖြန့်ဖြူးပေးနေပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာဆိုရင် တွံတေး၊ ခရမ်း၊ မှော်ဘီနဲ့ တိုက်ကြီးမြို့နယ်တွေမှာ မွေးမြူရေးကန်တွေကို စီမံကိန်းတွေနဲ့ ဆောင်ရွက်နေပြီး အဲဒီကန်တွေက ထွက်ရှိတဲ့ ငါး၊ ပုစွန်တွေကို ရွှေပိတောက်ငါးဈေးကို တင်ပို့ကြပါတယ်" ဟု ရွှေပိတောက်ငါးဈေးမှ ဈေးတာဝန်ခံ ဦးသန်းနိုင်ကပြောသည်။

လက်ရှိတွင် ရွှေပိတောက်ငါးဈေးသို့ တစ်ရက်လျှင် ရေထွက်ကုန်ပိဿာ သုံးသိန်းခန့်ဝင်ရောက်လျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူများအတွက် လုံလောက်မှုရှိသည့်အပြင် ရန်ကုန်တိုင်းဒေသကြီးနှင့် နီးစပ်ရာဒေသများသို့လည်း တင်ပို့ရောင်းချလျက်ရှိသည်။ ရွှေပိတောက်ငါးဈေး၌ ဈေးရုံပေါင်းရှစ်ရုံရှိပြီး မှတ်ပုံတင်ထားသည့် ဆိုင်ခန်းပေါင်း ၄၅၀ နီးပါးနှင့် ပျံကျဆိုင်ပေါင်း ၁၈၀ ခန့် ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

အဆိုပါဈေး၌ ဈေးသန့်ရှင်းရေးအတွက် ရေစုကန်၊ ရေကားနှင့် အမှိုက်ကားတို့စီစဉ်ထားပြီး သက်ဆိုင်ရာဝန်ထမ်းများက စဉ်ဆက်မပြတ် ဈေးသန့်ရှင်းရေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဈေးလုံခြုံရေးအတွက်လည်း CCTV ကင်မရာပေါင်း ၁၄၀ ကျော်တပ်ဆင်ကာ တာဝန်ရှိသူများက ၂၄ နာရီစောင့်ကြည့်လျက်ရှိသည့်အပြင် လုံခြုံရေးဝန်ထမ်းများကိုလည်း နေ့ညမပြတ်တာဝန်ချထားကြောင်း သိရသည်။

ဆောင်းဦး

# ပွင့်ဖြူမြို့နယ်၌ မြေအောက်ရေဖြင့်စိုက်ပျိုးသည့် စံပယ်ပန်းများ ဖြစ်ထွန်းအောင်မြင်ပြီး စိုက်ပျိုးသူများအဆင်ပြေ

ပွင့်ဖြူ  မေ ၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မြေအောက်ရေဖြင့် တစ်နိုင်တစ်ပိုင် စံပယ်ပန်းစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ စံပယ်ပန်းများ ဖြစ်ထွန်းအောင်မြင်ပြီး စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်ရှိ ဒေသခံတောင်သူများ၏ပြောကြားချက်အရ သိရသည်။

"ဒီဒေသမှာ တောင်သူအများစုက မြေအောက်ရေနဲ့ တစ်နိုင်တစ်ပိုင် ဘုရားပန်းမျိုးစုံနဲ့ စားဖိုဆောင်သီးနှံမျိုးစုံကို အားထားစိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ အဲဒီလိုစိုက်ပျိုးရာမှာ စံပယ်ပန်းစိုက်ပျိုးရေးလုပ်ငန်းက ဖြစ်ထွန်းအောင်မြင်ပြီး စိုက်ပျိုးတဲ့တောင်သူတွေ နေ့စဉ် စံပယ်ပန်းခူးဆွတ်ရောင်းချရပြီး ဝင်ငွေရရှိနေကြပါတယ်။ စံပယ်ပန်းစိုက်ပျိုးရာမှာ တောင်သူတွေက လူကြိုက်များပြီး ရောင်းအားကောင်းတဲ့ စံပယ်ကြက်ရုန်းနဲ့ ရွှေစံပယ်ပန်းတို့ကို အဓိကထားစိုက်ပျိုးကြပါတယ်။ လက်ရှိမှာ တောင်သူတွေ ဆောင်းရာသီက မြေအောက်ရေနဲ့ စိုက်ပျိုးခဲ့တဲ့ စံပယ်ပန်းတွေက အဖူးတွေ လှိုင်လှိုင်ထွက်ရှိပြီး နေ့စဉ် ခူးဆွတ်ရောင်းချနေရပါတယ်"ဟု တစ်နိုင်တစ်ပိုင် စံပယ်ပန်းစိုက်ပျိုးသူတစ်ဦးကပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် မုန်းချောင်းရေနှင့် မြေအောက်ရေကို အမှီပြုပြီး မိမိတို့၏ နေအိမ်ဝိုင်းများရှိ မြေကွက်လပ်များ၌ မိသားစုဝင်ငွေတိုးပွားစေရေးအတွက် ဂန္ဓမာပန်း၊ မေမြို့ပန်း၊ နှင်းပန်း၊ နှင်းဆီပန်း၊ သစ္စာပန်း၊ ကံ့ကော်ပန်း၊ စံပယ်ပန်း၊ သပြေပန်းနှင့် စားဖိုဆောင် ဟင်းသီးဟင်းရွက်သီးနှံမျိုးစုံတို့ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)



# ဂျပန်ကုမ္ပဏီများက မြန်မာလုပ်သားများကို တရားဝင်ခေါ်ယူရန် အလုပ်ကမ်းလှမ်းစာ ၃၇၀ ကျော်ရရှိထား

ရန်ကုန်  မေ ၂

ဂျပန်နိုင်ငံရှိကုမ္ပဏီများက မြန်မာလုပ်သားများကို တရားဝင်ခေါ်ယူရန် အလုပ်ကမ်းလှမ်းစာ (Demand Letter) ၃၇၀ ကျော် ရရှိထားကြောင်း တိုကျိုမြို့ရှိ မြန်မာနိုင်ငံသံရုံးမှ သိရသည်။

"တိုကျိုမြို့ရှိ မြန်မာသံရုံးအနေနဲ့ အလုပ်ကမ်းလှမ်းစာတွေကို ဂျပန်ကုမ္ပဏီတွေဆီကနေ ပြန်ကြားစာလက်ခံရရှိတဲ့ ရက်စွဲအလိုက် အစဉ်အတိုင်း စိစစ်ပေးနေတာဖြစ်ပါတယ်။ ဒီနှစ် ဇန်နဝါရီလ ၂၉ ရက်အထိ လက်ခံစိစစ်ပြီးစီးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနကို ပေးပို့ပြန်ကြားခဲ့တဲ့ အလုပ်ကမ်းလှမ်းစာ ၃၇၉ ခုရှိပါတယ်။ ဒါနဲ့ပတ်သက်တဲ့အချက်အလက်တွေကို အသိပေးထုတ်ပြန်ပါတယ်" ဟု တိုကျိုမြို့ရှိ မြန်မာနိုင်ငံသံရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဂျပန်နိုင်ငံရှိကုမ္ပဏီများက ယခုနှစ် ဇန်နဝါရီလ ၂၉ ရက်အထိ လက်ခံရရှိပြီး စိစစ်ပြီးစီးခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၃၇၉ ခုရှိကြောင်း၊ တိုကျိုမြို့ရှိ မြန်မာနိုင်ငံသံရုံးအနေဖြင့် အလုပ်သမားဝန်ကြီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးပို့လာသည့် အလုပ်ကမ်းလှမ်းစာများကို စိစစ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံရှိ အလုပ်သမားကြီးကြပ်ရေးကုမ္ပဏီနှင့် အလုပ်ခေါ်ယူသည့် စက်ရုံ၊ ကုမ္ပဏီများသည် ဂျပန်နိုင်ငံ၌ တရားဝင်တည်ထောင်ထားခြင်း ရှိ၊ မရှိ စာရွက်စာတမ်းအထောက်အထားများစိစစ်ပြီး စိစစ်တွေ့ရှိချက်များ၊ သဘောထားမှတ်ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အလုပ်သမားဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့ခြင်းဖြစ်ကြောင်း သိရသည်။

KK

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

တစ်လျှောက်တည်း ရှုံးခြင်း၊ တစ်လျှောက်တည်း နိုင်ခြင်းဆိုသည်မျိုးမှာ အလွန်တရာ တွေ့ရခဲပေသည်။ များစွာသော ကစားသမားတို့ပြောတတ်ကြသည်မှာ "နိုင်နေတုန်းက တော်လိုက်မိလျှင် ကောင်းသားဗျာ၊ မနည်းဘူးဗျ။ ငွေ ၃၀၀ ကျပ်လောက် နိုင်လိုက်သေးတယ်၊ လောဘကြီးပြီး ဆက်ကစားလိုက်တာ ပြောင်ပါလေရောဗျာ" ဟူသည်ပင်ဖြစ်၏။ ကျွန်ုပ်ကိုယ်တိုင် ငယ်စဉ်ကလည်း ဤအဖြစ်မျိုး ခဏခဏ ကြုံခဲ့ရဖူး၏။ "နိုင်တုန်းမှာ တော်ရမည်ဆိုလျှင် ဆက်ပြီးမနိုင်နိုင်ဟု မည်သူက ပြောနိုင်သနည်း"ဟု မေးဖွယ်ရာရှိ၏။ ဟုတ်တော့ ဟုတ်ပါသည်။ သို့သော် ကျွန်ုပ်တွေ့ထားသောစနစ်မှာ ဤသို့ဖြစ်၏။ နိုင်နေသမျှ ဆက်၍ကစားသင့်၏။ ဥပမာ ငွေ ၁၀၀ ကျပ် နိုင်နေရာမှ ဆက်ပြီးကစားသဖြင့် ၂၀၀ ကျပ်၊ ၃၀၀ ကျပ်အထိ ဆက်၍ နိုင်သည်ဆိုအံ့။ ဆက်လက်၍ ကစားသဖြင့် ၁၅၀ ကျပ်ခန့် ပြန်ရှုံးပြီး အနိုင် ၁၅၀ ကျပ်မျှသာ ကျန်တော့သည်ဆိုအံ့။ ကျွန်ုပ်မူကား ဘယ်နည်းနှင့်မျှဆက်၍ ကစားတော့မည်မဟုတ်ချေ။ အများအားဖြင့်မူ ၁၀၀ ကျပ်လောက် ပြန်ရှုံးသည် ဆိုလျှင်ပင် ကျွန်ုပ် တော်ခဲ့ပါသည်။ ဤစနစ်ကို အသုံးပြုခြင်းအားဖြင့် ကျွန်ုပ်မှာ အချို့လူများကဲ့သို့ ပက်ပက်စက်စက် မနိုင်သော်လည်း ပက်ပက်စက်စက် ရှုံးခဲလှသည်။ ကျွန်ုပ် လောင်းကစားတိုင်း ၁၀ ကြိမ်လျှင် ခုနစ်ကြိမ်၊ ရှစ်ကြိမ်ခန့် နိုင်လေ့ရှိ၏။ ထိုင်လိုက်ကတည်းက တောက်လျှောက်ရှုံးသောအခါများ၌သာ ကျွန်ုပ် ရှုံးရ၏။ ဤသို့သောအဖြစ်မျိုးမှာ ကစားသမားတိုင်းပင် ကြုံရခဲ၏။ နိုင်ပြီးမှ ပြန်ရှုံးသူတို့သာ များလေသည်။ ဂျပန်တစ်ခေတ်လုံး၌ ကျွန်ုပ်မှာ စာရေးဖို့ အခွင့်မရှိသောကြောင့် လောင်းကစားခြင်းဖြင့် အသက်မွေးခဲ့ရဖူးရာ ဤအကြောင်းကို သက်ဆိုင်သောအခန်းတွင်မှ ဖော်ပြပါဦးမည်။

**ရှေးခေတ်ဟောင်း အောက်မေ့ဖွယ်**

လမ်းမတော် တရုတ်ကလပ်များ၌ ကိုခင်မောင်တင့်နှင့် ကျွန်ုပ်သည် ၁၉၂၆ ခုနှစ်တွင် စနေနေ့ညတိုင်း အနီထောင် ကစားခဲ့ကြ၏။ ကလပ်တစ်ခုကို တက်၍ ကစားသဖြင့် (ဥပမာ) ကျွန်ုပ်၌ ငွေ ၅၀ ကျပ် နိုင်ပြီးရာမှ ပြန်ရှုံးသဖြင့် ၃၀ ကျပ်မျှ (အနိုင်) ကျန်တော့သည်ဆိုလျှင် ကျွန်ုပ်သည် ထိုင်ရာမှ ထလိုက်လေပြီ။ ကိုခင်မောင်တင့်၏အခြေအနေကို ကြည့်၍ သူကစားချင်သေးလျှင်လည်း ကျွန်ုပ်သည် ချောင်တစ်ခုသို့သွား၍ ဘီယာသောက်ရင်း စောင့်နေ၏၊ (ကျွန်ုပ်သည် ကိုသိန်းဖေ၊ ကိုညွှန်းတို့နှင့်အတူ ဖခင်ထံ သေအရက်လှူကြပြီးသည်နောက် သင်္ကန်းဝတ်သောအချိန်နှင့်ဆက်ပြီး သုရာမေရယအလုပ်မျိုး နှစ်နှစ်ခန့် ပြတ်လျက်ရှိခဲ့ရာ ကိုခင်မောင်တင့်နှင့် တရုတ်ကလပ်များသို့ ရောက်ခါမှ အမိဋ္ဌာန်ပျက်ရပါတော့သည်။ သို့သော် သူ့ကြောင့်ဟူ၍ကား မဆိုလိုပါ။) ကိုခင်မောင်တင့်မှာ ကလပ်ပြုတ်အောင် နိုင်ရမှတော်မည်ဟု ပြောဖူးသူဖြစ်သည့် အတိုင်း စိတ်ကျေနပ်သောအခါမှ ထလာတော့ရာ ကလပ်မပြုတ်ဘဲ သူပြုတ်၍သာ လာခဲ့သည်။ သို့သော် ကျွန်ုပ်၌ အနိုင်ကလေးရှိထားသောကြောင့် တော်ပါသေး၏။ တစ်ညတလေ၌မူ သူနိုင်နေခိုက်တွင် ကျွန်ုပ်က (တရုတ်များ အမုန်းခံပြီး) အတင်းဆွဲသောကြောင့် အနိုင်ကလေး ပါလာခြင်းများလည်းရှိပါ၏။ ထိုသို့သောညမျိုးတွင် ကျွန်ုပ်တို့နှစ်ယောက်သည် ကလပ်ပေါ်မှ ဘီယာ တစ်ပုလင်းစီလောက် သောက်ခဲ့ပြီး အောက်သို့ဆင်းလာကြ၍ ခေါက်ဆွဲဆိုင်များတွင် အကောင်းဆုံးသော စားစရာများကို စားသောက်ကြ၏။ ထို့နောက် လမ်းမတော် လမ်းကြီးတစ်လျှောက် လျှောက်ကြ၍ မည်သည့်ကလပ်သို့ ပြန်၍ တက်ကြရပါမည်နည်းဟု ရွေးချယ်ကြ၏။ ထိုစဉ်က လမ်းမတော်တစ်လျှောက်ရှိ တိုက်များမှာ အားလုံးလိုပင် ကလပ်များ ဖြစ်ကြ၍ ခတ်မီး တထိန်ထိန်၊ လေယပ်များ တဝီဝီဖြင့် လောင်းကစားသူများမှာလည်း ပျားပန်းခပ်သို့ ဆင်းကြ၊ တက်ကြ၊ စားကြ၊ သောက်ကြ၊ လောင်းကစားကြဖြင့် ဘုရားပွဲတမျှ စည်ကားလှ၏။

> **"ကျွန်ုပ်သည် ကစားသမားများ၏အမူအရာကို ကြည့်ခြင်းအားဖြင့် ထိုသူ၏ အနိုင်အရှုံးကို အကဲခတ်သောအလေ့အကျင့်ပြုလုပ်ထား၏။ ခေါက်ဆွဲဆိုင်၌ ရွှန်းရွှန်းဝေသောမျက်နှာနှင့် ဟောင်ဖွာဟောင်ဖွာ စကားပြောသောလူကား နိုင်ခဲ့သူဖြစ်ရမည်။ ထိုသူနှင့် တစ်ဝိုင်းတည်း ထိုင်လျက် မျက်နှာခပ်ညှိုးညှိုးနှင့် သူပြောသမျှကို ထောက်ခံလျက် ရှိသောလူသည်ကား ကိုယ်တိုင်ရှုံးလာခဲ့သဖြင့် ကပ်၍သောက်သောလူဖြစ်သည်ဟု သိနိုင်လေသည်..."**

ကျွန်ုပ်သည် ကစားသမားများ၏ အမူအရာကို ကြည့်ခြင်းအားဖြင့် ထိုသူ၏ အနိုင်အရှုံးကို အကဲခတ်သောအလေ့အကျင့်ပြုလုပ်ထား၏။ ခေါက်ဆွဲဆိုင်၌ ရွှန်းရွှန်းဝေသောမျက်နှာနှင့် ဟောင်ဖွာဟောင်ဖွာစကားပြောသောလူကား နိုင်ခဲ့သူဖြစ်ရမည်။ ထိုသူနှင့် တစ်ဝိုင်းတည်း ထိုင်လျက် မျက်နှာခပ်ညှိုးညှိုးနှင့် သူပြောသမျှကို ထောက်ခံလျက်ရှိသောလူသည်ကား ကိုယ်တိုင်ရှုံးလာခဲ့သဖြင့် ကပ်၍သောက်သောလူဖြစ်သည်ဟု သိနိုင်လေသည်။ များသောအားဖြင့်မူ ပထမလူစားမျိုးတစ်ယောက်တွေ့ရတိုင်း ဒုတိယလူစားမျိုး လေး၊ ငါးယောက်မျှ တွေ့ရသည်ချည်းဖြစ်၏။ ဝိုင်းတစ်ခုတွင် ဖင်ပေါ့ပေါ့နှင့် ခိုင်းသမျှ ထလုပ်ပြီး သွားတဖြဲဖြဲရှိနေသူမျိုးလည်း ပါရှိတတ်လေရာ ထိုသူမူကား ကစားသမားမဟုတ်၊ 'ကလပ်ကြမ်းပိုး' ဖြစ်လေသည်။ လူတစ်ယောက် နိုင်၍ ဆင်းသွားလျှင် ကြမ်းပိုးတစ်ကောင်၊ နှစ်ကောင်ကပ်၍ ပါသွားသည်ချည်း ဖြစ်လေသည်။ မည်သို့ဆိုစေ လေး၊ ငါးယောက်ရှုံးတိုင်း နိုင်သူတစ်ယောက် တလေ ပါရှိတတ်သည်ဖြစ်သောကြောင့် ထိုတစ်ယောက်ကိုကြည့်ပြီး သွားရည်ကျကြရခြင်းအားဖြင့် လမ်းမတော်ရပ်ကွက်သည် ကစားသမားများ၏ နတ်ပြည်တမျှ တမ်းတသူ ပေါများပါဘိသည်။

အသူရကာယ်ဘုံ၌ ခံချည်တစ်ခါ စံချည်တစ်လှည့်ဟုဆိုရာ ကျွန်ုပ်အဖို့ရာ၌ စနေနေ့များသည် စံစားသောအပိုင်းဟု သတ်မှတ်ထား၍ ထိုတစ်ရက်အတွက် ခြောက်ရက်လုံးလုံးလက်ချိုးကာ ရေတွက်မျှော်လင့်ခဲ့ရ၏။ နှစ်ယောက်စလုံးရှုံး၍ ပြောင်သောညများမှတစ်ပါး ကျွန်ုပ်တို့သည် ကလပ်တစ်ခုမှ တစ်ခုသို့ ကူးလိုက်၊ သောက်လိုက်၊ စားလိုက်၊ ကစားလိုက်ဖြင့် မိုးလင်းအောင် အချိန်ဖြုန်းကြ၏။ ဤသို့သော ပျော်နည်းမျိုးသည် မြန်မာပြည်မတွင် ယခုအခါ ဘယ်မှာမှ မရှိတော့သည့်အတွက် တစ်ခါတစ်ရံ လွမ်းရဦးမည်ကဲ့သို့ ဖြစ်မိပါသေးသည်။ မော်တော်ကားသည် လှည်းကြမ်းထက် ကောင်းသော်လည်း ရွှေစာရံ စသော ဘုရားပွဲမျိုးသို့ လှည်းကြမ်းဖြင့်သွား၍ ပျော်ရဖူးခြင်းကို မမေ့နိုင်သကဲ့ပင်။

**တာဝန်ကြီးသောအလုပ်တစ်ခု**

နယူးဘားမားတိုက် အတွင်းရေးမှူးအလုပ်သည် 'ဗာဟီရ' အလုပ်မျိုးဖြစ်သောကြောင့် ကျွန်ုပ် မနှစ်သက်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ရာ ထိုမှုမက ဦးနှောက်ခြောက်ရပုံကို ဖော်ပြရပါဦးမည်။ တစ်နေ့သ၌ ဝတ်လုံတော်ရတစ်ယောက်သည် တိုက်သို့လာ၍ ပုံနှိပ်လုပ်ငန်းတစ်ခု အကြောင်း စုံစမ်း၏။ အလုပ်မှာ ဤသို့တည်း၊ သူ၏ တရားခံတစ်ယောက်အား ဟိုက်ကုတ်လွှတ်တော်က လူသတ်မှုထင်ရှားသည်ဆိုကာ သေစားသေစေဟု ကြိုးမိန့်ချထားရာ တရားခံက အင်္ဂလန်ပြည် ပရီဗီကောင်စီသို့ အယူခံဝင်ချင်၏။ ပရီဗီကောင်စီ၏ထုံးစံမှာ ၎င်းသို့ အယူခံဝင်သောအမှုများတွင် အမှုတွဲကို မြန်မာပြည်လွှတ်တော်များမှာကဲ့သို့ လက်နှိပ်စက်ဖြင့် ရိုက်ကူးတင်ဆက်ရုံဖြင့် မပြီးဘဲ အမှုတွဲတစ်ခုလုံးကိုပုံနှိပ်၍ စာအုပ်အဖြစ်နှင့် တင်ပို့ရလေသည်။ စာအုပ်များကို (ရှစ်အုပ်ထင်သည်) တင်ပို့ရာတွင် ယခုကဲ့သို့ လေယာဉ်ပျံ မပေါ်သေးသဖြင့် သင်္ဘောနှင့် ပို့ရမည်ဖြစ်၏။ တရားခံသည် လွှတ်တော်မှ ကြိုးမိန့်ကျပြီးနောက် အယူခံရက် (ရက်ပေါင်း ၄၀ ဆိုလား) ရရှိရာ ထိုအချိန်အတွင်း ပရီဗီကောင်စီအဖွဲ့၏ လက်သို့ ရောက်ရမည်ဖြစ်၏။ သင်္ဘောတစ်စင်းသည် ထိုစဉ်က မြန်မာပြည်မှ အင်္ဂလန်သို့ ရက်သတ္တသုံးပတ် အနည်းဆုံးသွား၏။ အတိုချုံးလိုက်သော် အင်္ဂလန်ပြည်သို့ အယူခံရက်မီအောင်ရောက်မည့် သင်္ဘောသည် ထိုအခါ၌ မြန်မာပြည်မှ ထွက်ဖို့ ခုနစ်ရက်ခန့်မျှသာ လိုတော့၏။ အဓိပ္ပာယ်မှာ ဝတ်လုံတော်ရသည် အမှုတွဲစာအုပ်များကို ခုနစ်ရက်အတွင်း ပုံနှိပ်ပြီးစီးစေလိုသည်။ ခုနစ်ရက်အတွင်း မပြီးသဖြင့် သင်္ဘောမမီလိုက်ဘဲရှိခဲ့သော် ထိုအလုပ်သည် အချည်းနှီးအလဟဿဖြစ်ရလိမ့်မည်ဟု ဆိုလိုသည်။ ဝတ်လုံတော်ရသည် လက်နှိပ်စက်ဖြင့် ရိုက်နှိပ်ထားသည့် အမှုတွဲကိုထုတ်ပြ၍ ကိုဘလှိုင်နှင့် ကျွန်ုပ်တို့သည် ဖိုမင်၏အကူအညီဖြင့် တွက်ချက်ကြ၏။ ကျွန်ုပ်တို့၏တွက်ကိန်းအရမှာ ၎င်းအလုပ်သည် ၁၀ ရက်ခန့်ကြာမည့်အလုပ်တစ်ခုဖြစ်၍ လူပိုများခေါ်ပြီး တွန်းထိုးလုပ်ကိုင်မည်ဆိုပါက ခုနစ်ရက်မျှနှင့်ပြီးနိုင်လောက်သည်။ ဝတ်လုံတော်ရကမူ တခြားပုံနှိပ်တိုက်များမှ ငြင်းပယ်လိုက်သည့်လက္ခဏာနှင့် ကိုဘလှိုင်အား အတင်းအပူကပ်နေသည့်ပြင် ပုံနှိပ်ခကိုလည်း တန်ရာတန်ဖိုးထက် နှစ်ဆပေး၏။ ကိုဘလှိုင်ကား ဈေးကောင်းရသည်ဆိုကာ လက်ခံချင်လှပြီဖြစ်ရာ ဖိုမင်ကလည်း ကိုဘလှိုင်အား မျက်နှာလုပ်ချင်သည်နှင့် လက်ခံဖို့ တိုက်တွန်းလျက်ရှိ၏။

**ဆက်လက်ဖော်ပြပါမည်။**

# ဟသ်ာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်၌ ထောပတ်ပဲနီများဝယ်လိုအားကောင်းလာခြင်းကြောင့် အရောင်းသွက်နေ

ဟသ်ာတ မေ ၂

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် ပဲမျိုးစုံ အရောင်းအဝယ်ဈေးကွက်၌ ထောပတ်ပဲနီများ ဝယ်လိုအားကောင်းလာခြင်းကြောင့် အရောင်းသွက်နေကြောင်း ဟသ်ာတမြို့နယ်၌ ပဲအမျိုးမျိုး ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ရီဝင်း၏ပြောပြချက်အရ သိရသည်။

ဟသ်ာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်၌ ဧပြီလနောက်ဆုံးပတ်မှစ၍ လက်ရှိအချိန်ထိ ထောပတ်ပဲနီများဝယ်လိုအားကောင်းမွန်နေပြီး အရောင်းသွက်နေကြောင်း၊ တစ်ပတ်လျှင် အဆိုပါထောပတ်ပဲနီ ၁၆ ပြည်ပါအိတ်ရေ ၅၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ထိုသို့ ထောပတ်ပဲနီဝယ်လိုအားကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်၌ အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

''လက်ရှိ ပြည်တွင်းဈေးကွက်မှာ ထောပတ်ပဲနီတွေ အဝယ်လိုက်နေပြီး အရောင်းသွက်လာပါတယ်။ ပြည်ပပဲဈေးကွက်ကို ပြန်တင်ပို့နေလို့ အခုလိုဝယ်လိုအားကောင်းလာတာပါ။ ဧပြီလနောက်ဆုံးပတ်လောက်ကနေ အဝယ်လိုက်လာတာပါ။ ထောပတ်ပဲနီက ဈေးပါနည်းနည်းကောင်းလာတယ်။ လက်ရှိ ထောပတ်ပဲနီကို စိုက်ပျိုးသူတွေနဲ့ ပဲသိုလှောင်ထားတဲ့ကုန်သည်တွေ ရောင်းအားကောင်းနေတဲ့အခြေအနေမှာရှိပါတယ်။ ထောပတ်ပဲနီက လာမယ့်ပဲပေါ်ရာသီအထိ အရောင်းအဝယ် ဆက်ကောင်းနေဖို့ရှိပါတယ်" ဟု ဒေါ်ရီဝင်းကပြောသည်။

ဟသ်ာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်၌ ထောပတ်ပဲနီများ ဝယ်လိုအားကောင်းမွန်ပြီး အရောင်းသွက်လာခြင်းကြောင့် ပဲသိုလှောင်ထားသည့်လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများနှင့် ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



# မိတ္ထီလာခရိုင်အတွင်းရှိ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် အသစ်တည်ဆောက်လျက်ရှိသည့် ဓာတ်အားပေးစက်ရုံစီမံကိန်းများ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်း သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာခရိုင်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများသို့သွားရောက်ပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှု၊ ပြန်လည်ပြုပြင်၍ဓာတ်အားထုတ်လွှတ်ပေးနေမှုနှင့် အသစ်တည်ဆောက်လျက်ရှိသည့် နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်၊ တာဝန်ရှိသူများနှင့်အတူ သာစည်မြို့နယ်ရှိ Great Success Energy Co., Ltd. ၏ သာစည် (၃၀) မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံသို့ရောက်ရှိရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များအား ဓာတ်အားပေးစက်ရုံရှိရှင်းလင်းဆောင်တွင် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများက သာစည်(၃၀)မဂ္ဂါဝပ်၊ သပြေဝ(၃၀) မဂ္ဂါဝပ်၊ သပြေဝ-၃(၃၀)မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ တည်ဆောက်ထုတ်လုပ်မှုဆိုင်ရာ အခြေအနေများ၊ ငလျင်ဘေးဒဏ်ကြောင့် စက်ရုံများရှိ ဆိုလာချပ်များ၊ Pile Cap Foundation များ၊ ဆက်သွယ်ထားသောကြိုးများနှင့် ဆက်စပ်ပစ္စည်းများ ထိခိုက်ပျက်စီးခဲ့မှု၊ လက်ရှိအချိန်ထိ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု၊ ပြင်ဆင်ရန်ကျန်ရှိသည့် အခြေအနေများ၊ အမျိုးသားဓာတ်အားကွန်ရက်(National Grid)နှင့် ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားပို့လွှတ်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အသစ်တည်ဆောက်လျက်ရှိသော သာစည်(၄၀)မဂ္ဂါဝပ်နှင့်သပြေဝ(၄၀)မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများနှင့်ပတ်သက်သည့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပြုပြင်ရန်ကျန်ရှိသည်များကို အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ကြရန်၊ အချိန်မရွေး ဖြစ်ပေါ်လာနိုင်သည့်သဘာဝဘေးအန္တရာယ်အတွက်လည်း ကြိုတင်မြော်တွေး၍လိုအပ်နိုင်သည့်အရန်ပစ္စည်းများကို ကြိုတင်ထားရှိကြရန်၊ အသစ်တည်ဆောက်လျက်ရှိသော စီမံကိန်းများကိုလည်း သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် စက်ရုံဝင်းအတွင်း ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့မှုအခြေအနေများ၊ ဓာတ်အားထုတ်လုပ်မှု ထိန်းညှိခန်းအတွင်း နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေမှုအခြေအနေများနှင့်အသစ်တည်ဆောက်လျက်ရှိသည့် သာစည်(၄၀)မဂ္ဂါဝပ် စီမံကိန်းတိုးချဲ့တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ဝန်ထမ်းများအား စားသောက်ဖွယ်ရာများပေးအပ်သည်။



ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် Natural Solar Power Co., Ltd. ၏ သပြေဝ-၃(၃၀) မဂ္ဂါဝပ်နှင့် သပြေဝ(၃၀) မဂ္ဂါဝပ်နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံများသို့သွားရောက်၍ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့မှုအခြေအနေများ၊ လျှပ်စစ်ဓာတ်အားပြန်လည်ထုတ်လုပ်ပေးနေမှု အခြေအနေများနှင့် အသစ်တည်ဆောက်လျက်ရှိသည့် သပြေဝ(၄၀) မဂ္ဂါဝပ် စီမံကိန်းလုပ်ငန်းခွင်အတွင်း Solar Panel များ တပ်ဆင်နိုင်ရန် တိုးချဲ့တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား စားသောက်ဖွယ်ရာများပေးအပ်ခဲ့သည်။

မတ်လ ၂၈ ရက်ကဖြစ်ပေါ်ခဲ့သည့်မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် သာစည် (၃၀) မဂ္ဂါဝပ်၊ သပြေဝ(၃၀)မဂ္ဂါဝပ်၊ သပြေဝ-၃(၃၀)မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ သုံးရုံတို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလျော့နည်းခဲ့သဖြင့် လျှပ်စစ်ဓာတ်အားပုံမှန်ထုတ်လုပ်နိုင်ရေး အမြန်ဆုံးဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ၈၀ ရာခိုင်နှုန်းလျှပ်စစ်ဓာတ်အားပြန်လည်ထုတ်လုပ်၍ အမျိုးသားဓာတ်အားကွန်ရက် (National Grid) အတွင်းသို့ ပို့လွှတ်လျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိသည့်လုပ်ငန်းများကိုလည်း အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်လျက်ရှိပြီး ရာနှုန်းပြည့် ပြန်လည်ထုတ်လွှတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ

# မန္တလေးငလျင်ကြောင့် ခြေလက်ဆုံးရှုံးသူ လူနာများအားလုံးကို ၎င်းတို့၏ဘဝနေထိုင်မှု ပိုမိုကောင်းမွန်စေရေး ခြေတုလက်တုများတပ်ဆင်ပေးရန် စီစဉ်လျက်ရှိ

ရန်ကုန် မေ ၂

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ၊ ခြေတုလက်တုနှင့် အားပြုကိရိယာအလုပ်ရုံသို့ သွားရောက်သည်။



ထို့နောက် အစည်းအဝေးခန်းမ၌ တပ်မတော်ကိုယ်လက်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးရုံ ခုတင်-၃၀၀ မင်္ဂလာဒုံမှတပ်မှူးက အဆိုပါဆေးရုံ၌ ခြေတုလက်တုများ တပ်ဆင်ထုတ်လုပ်ပေးနေသည့်အခြေအနေများ၊ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာခင်သီတာအောင်က ဆေးရုံ၏ကုသရေးလုပ်ငန်းများနှင့် ခြေတုလက်တုအားပြုကိရိယာအလုပ်ရုံ လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်(ICRC)၏ ခြေတုလက်တုအလုပ်ရုံတွင် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်းရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အရည်အသွေးပိုမိုကောင်းမွန်သော ခြေတုလက်တုများ တပ်ဆင်ထုတ်လုပ်နိုင်ရေးအတွက် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခြေတုလက်တု ကျွမ်းကျင်ပညာရှင်များကို အရေအတွက်ပိုမို၍ လေ့ကျင့်သင်ကြားပေးရန်နှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းတိုးတက်ဖွံ့ဖြိုးရေးအတွက်ပါ တစ်ပါတည်းစဉ်းစားဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ မန္တလေးငလျင်ကြောင့် ခြေလက်ဆုံးရှုံးသူ လူနာများအားလုံးကို ၎င်းတို့၏ ဘဝနေထိုင်မှု ပိုမိုကောင်းမွန်စေရေးအတွက် ခြေတုလက်တုများတပ်ဆင်ပေးရန် စီစဉ်လျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲမှစေတနာအပြည့်အဝဖြင့် အလုံးစုံခြေတုလက်တုများ အပြီးအစီး တပ်ဆင်ပေးနိုင်သည်အထိ အပြည့်အဝ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်လမ်းညွှန်ထားကြောင်း၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့နှင့် နည်းပညာနှင့်ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ခြေလက်ဆုံးရှုံးရသူလူနာများအား ခြေတုလက်တုတပ်ဆင်ပေးနိုင်ရေးအတွက် ခြေတုလက်တုတိုင်းတာ တပ်ဆင်ထုတ်လုပ်သည့် နေရာ၊ လေ့ကျင့်သင်ကြားမှုဆောင်ရွက်သည့်နေရာ၊ ခြေတုလက်တုနှင့်အားပြု ကိရိယာဆိုင်ရာကျွမ်းကျင်သင်တန်းဆောင်ရွက်သည့် ဌာနနှင့် ခြေဖဝါးတုထုတ်လုပ်သည့် စက်ရုံတို့ကို လှည့်လည်ကြည့်ရှု၍ လူနာများအား အားပေးစကားပြောကြားပြီး အလုပ်ရုံလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်ရန်ကုန်မြို့ဗဟိုအအေးခန်းကာကွယ်ဆေး သိုလှောင်ရုံတွင်ကာကွယ်ဆေးများသိုလှောင်သိမ်းဆည်းထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာညှော့ခန်းမ၌ ငလျင်ဘေးဒဏ်သင့်လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီက လှူဒါန်းသော အလှူငွေကျပ် သိန်း ၁၀၀ ကို ပါတီဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဦးနှင့်အဖွဲ့က ပေးအပ်ခြင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံဆီးချိုသွေးချိုနှင့် ဟော်မုန်းရောဂါအသင်းနှင့် ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်သင်ကြားရေးဌာနများနှင့် ကျောင်းသား၊ ကျောင်းသူများက ငလျင်ဘေးဒဏ်ခံစားခဲ့ရသော လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ကျန်းမာရေးဝန်ထမ်းများနှင့် ငလျင်ဘေးဒဏ်သင့်လူနာများ ကျန်းမာရေးစောင့်ရှောက်မှုတို့အတွက် လှူဒါန်းသော အလှူငွေကျပ် သိန်း ၁၀၀ စီကို လည်းကောင်း လက်ခံရယူ၍ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (Grade-12) ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား စခန်းသွင်း လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိ



## ညောင်ဦး

ညောင်ဦး မေ ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင်တက္ကသိုလ်ဝင်စာမေးပွဲ(Grade-12) ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ အောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာ အနီးကပ်သင်ကြားပို့ချခြင်းကို ယနေ့မွန်းလွဲ ၂ နာရီတွင် ညောင်ဦးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ သင်ကြားပို့ချလျက်ရှိသည်။

အဆိုပါဘာသာရပ်ဆိုင်ရာ အနီးကပ်သင်ကြားပို့ချရာတွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာစန်းစန်းအေးက Grade-12 ဘောဂဗေဒဘာသာရပ်ဆိုင်ရာများနှင့်ပတ်သက်၍ သင်ရိုးညွှန်းတမ်းမှ အခန်းအလိုက်လေ့လာသင့်သည်များနှင့်မေးခွန်းပုံစံများကိုရှင်းလင်းဆွေးနွေးပို့ချပေးသည်။

အဆိုပါဘာသာရပ်ဆိုင်ရာ အနီးကပ်သင်ကြားပို့ချရာသို့ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးခရိုင်ပညာရေးမှူး ဦးကျော်ဝင်း၊ မြို့နယ်ပညာရေးမှူးနှင့် ကြီးကြပ်သူ ဆရာ၊ ဆရာမ ၂၃ ဦး၊ ဒုတိယ မြို့နယ်ပညာရေးမှူးများ၊ မြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် အခြေခံပညာအထက်တန်းကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ မေလ ၃ ရက်နေ့မှစတင်၍ ဘာသာရပ်အလိုက် သင်ကြားရေး ဆရာ၊ ဆရာမများက အခန်းအလိုက်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ဒီပါလင်း**

## ကျောက်ပန်းတောင်း

ကျောက်ပန်းတောင်း မေ ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင်တက္ကသိုလ်ဝင်စာမေးပွဲ (Grade-12) ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ အောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာ အနီးကပ်သင်ကြားပို့ချခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် စံပြရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းပညာဂုဏ်ရောင်ခမ္မာရုံ၌ ကျင်းပသည်။

အဆိုပါဘာသာရပ်ဆိုင်ရာ အနီးကပ်သင်ကြားပို့ချခြင်းတွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာစန်းစန်းအေးက Grade-12 ဘောဂဗေဒဘာသာရပ်ဆိုင်ရာများနှင့်ပတ်သက်၍ သင်ရိုးညွှန်းတမ်းမှ အခန်းအလိုက်လေ့လာသင့်သည်များနှင့် မေးခွန်းပုံစံများကို ရှင်းလင်းဆွေးနွေးပြီး သင်တန်းတက်ဆရာ၊ ဆရာမ ငါးဦးက စာသင်ခန်းငါးခန်းခွဲ၍ ဆက်လက်သင်ကြားပို့ချပေးကြသည်။



ဘာသာရပ်ဆိုင်ရာ အနီးကပ်သင်ကြားပို့ချရာသို့ ကျောက်ပန်းတောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်၊ အတွင်းရေးမှူး ရဲမှူးနိုင်ဝင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး(တာဝန်) ဒေါ်အေးအေးမော်နှင့် ဒုတိယမြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်းကျောင်းအုပ် ဆရာကြီး၊ ဆရာမကြီးများနှင့် သင်တန်းတက် ဆရာ၊ ဆရာမများ တက်ရောက်ကြပြီး မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၄၅၇ ဦးနှင့် ကြီးကြပ်သူ ဆရာ၊ ဆရာမ ၃၂ ဦး စုစုပေါင်း ၄၈၉ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## မြစ်သား

မြစ်သား မေ ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ရွှေသူငွေးရပ်ကွက်ရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းနှင့် သာလွန်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းတို့၌ ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ(Grade-12)ကို ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား Day Camp စခန်းသွင်းပြီး ကျောက်ဆည်တက္ကသိုလ်မှ ဆရာ၊ ဆရာမများက ယနေ့နံနက် ၉ နာရီတွင် လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိသည်။



အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ (Grade-12)ကို ပြန်လည်ဖြေဆိုမည့်ကျောင်းသား၊ ကျောင်းသူများအား Day Camp စခန်းသွင်း လေ့ကျင့်သင်ကြားပို့ချမှုပြုလုပ်ခဲ့ရာ ကျောက်ဆည်တက္ကသိုလ်မှ ဆရာ၊ ဆရာမ ၁၄ ဦးနှင့် မြစ်သားမြို့နယ် အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမ ၉၆ ဦးတို့ကပူးပေါင်း၍ မြစ်သားစာစစ်ဌာနမှ ကျောင်းသား ၉၉ ဦး၊ ကျောင်းသူ ၁၈၃ ဦး စုစုပေါင်း ၂၈၂ ဦး အားလည်းကောင်း၊ မြစ်သားစာစစ်ဌာနမှ ပြင်ပဖြေကျောင်းသား ၁၃ ဦး၊ ကျောင်းသူ ၁၂ ဦး စုစုပေါင်း ၂၅ ဦးအားလည်းကောင်း၊ နွားထိုးကြီးမြို့နယ်စာစစ်ဌာနမှ ကျောင်းသားသုံးဦး၊ ကျောင်းသူခြောက်ဦး စုစုပေါင်းကိုးဦး တို့အားလည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ(Grade-12)ကိုပြန်လည်ဖြေဆိုမည့် ကျောင်းသား ၁၁၅ ဦး၊ ကျောင်းသူ ၂၀၁ ဦး စုစုပေါင်း ၃၁၆ ဦးတို့အားလည်းကောင်း Day Camp စခန်းသွင်းလေ့ကျင့်သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြစ်သားမြို့နယ် သာလွန်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျောက်ဆည်တက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာဝါဝါသိန်း (ကြီးကြပ်တာဝန်ခံ)ပါ ၁၈ ဦးနှင့် မြစ်သားမြို့နယ် အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမ ၁၀၇ ဦးတို့ ပူးပေါင်း၍ အထက - ကူမဲစာစစ်ဌာနမှ ကျောင်းသား ၁၇၈ ဦး၊ ကျောင်းသူ ၂၁၁ ဦး စုစုပေါင်း ၃၈၉ ဦးအားလည်းကောင်း၊ အထက - ကူမဲစာစစ်ဌာနမှ ပြင်ပဖြေကျောင်းသား ၁၉ ဦး၊ ကျောင်းသူ ၂၂ ဦး စုစုပေါင်း ၄၁ ဦးအားလည်းကောင်း၊ အထက-ရွာခိုင်ကြီးစာစစ်ဌာနမှ ကျောင်းသား ၂၃ ဦး၊ ကျောင်းသူ ၃၆ ဦး စုစုပေါင်း ၅၉ ဦးအားလည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ(Grade-12)ကို ပြန်လည်ဖြေဆိုမည့်ကျောင်း သား ၂၂၀ ဦး၊ ကျောင်းသူ ၂၆၉ ဦး စုစုပေါင်း ၄၈၉ ဦး တို့အားလည်းကောင်း Day Camp စခန်းသွင်း လေ့ကျင့်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် မြစ်သားမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်တို့သည် ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲ(Grade-12)ကို ပြန်လည်ဖြေဆိုမည့် Day Camp စခန်းသွင်းလေ့ကျင့်သင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများကို စိတ်အေးချမ်းစွာဖြေဆိုနိုင်ရန်နှင့် အောင်ချက်မြင့်မားရန်အတွက် လိုအပ်သည့်အကူအညီများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဝါဝါမြင့်(မြစ်သား)**

➲ ရှေ့ဖုံးမှအဆက်

အဆိုပါကျောင်းများ၌ တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် ဆရာ၊ ဆရာမများက ဘာသာရပ်များအလိုက် စနစ်တကျပြန်လည်သင်ကြားပို့ချပေးလျက်ရှိသည့်အပြင် နိုင်ငံ၏အနာဂတ်ဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်ခွန်အားပြန်လည်မြှင့်တင်နိုင်ရန်အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ သင်ကြားပို့ချပေးလျက်ရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းနွမ်းခမ်းက "ကျွန်မတို့ကျောင်းမှာ ကျောင်းတွင်းဖြေဆိုသူ ၃၂၀ ဦးရှိပါတယ်။ ပြင်ပဖြေဆိုသူ ၁၃၁ ဦးရှိပါတယ်။ စာမေးပွဲပြန်လည်ဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူတွေအတွက် Camp ဖွင့်လှစ်ပြီး သင်ကြားပေးလျက်ရှိပါတယ်။ ကလေးတွေ စားသောက်ရေးအဆင်ပြေစေဖို့အတွက် မနက်စာ၊ နေ့လယ်စာနဲ့ ညစာတွေစီစဉ်ပေးထားပါတယ်။ နေထိုင်ရေးအတွက်လည်း အိပ်ရာခင်း၊ ဖျာ၊ ခေါင်းအုံး၊ စောင်၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ ဆပ်ပြာခဲနဲ့ဆေးဝါးအပါအဝင် အသေးစိတ်စီစဉ်ပေးထားပါတယ်။ စာသင်ချိန်အနေနဲ့ ဘာသာရပ်အလိုက် တစ်နေ့ကို ခြောက်ဘာသာ၊ တစ်ဘာသာကို တစ်နာရီနှုန်းနဲ့ ပြန်လည်ပြီးသင်ကြားပေးပါတယ်။ ညဘက်မှာလည်း သင်ခန်းစာတွေကို Revision သဘောမျိုးပြန်လည်ဆောင်ရွက်ပေးပါတယ်။ ကျွန်မတို့ကျောင်းမှာတော့ ဒီနေ့အထိ ကျောင်းသား၊ ကျောင်းသူ ၂၄၀ ဦး ရှိပါတယ်။ နောက်ထပ်ကလေးတွေထပ်ရောက်ဖို့လည်း ရှိပါတယ်။ အခုလို နိုင်ငံတော်ရဲ့စီစဉ်ဆောင်ရွက်ပေးမှုအပေါ် ကလေးတွေကလည်း အားတက်သရောရှိကြပါတယ်။ စာမေးပွဲကိုလည်း အောင်မြင်စွာဖြေဆိုနိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်"ဟုပြောသည်။

ထို့ပြင် ပညာရေးဝန်ကြီးဌာနအနေဖြင့် စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် Text Book၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ပေတံနှင့် သင်ကြားမှု အထောက်အကူပြုပစ္စည်းများကိုထောက်ပံ့ပေးသည့်အပြင် သင်ခန်းစာနှင့်သက်ဆိုင်သည့် အထောက်အကူပြုသင်ခန်းစာ စာရွက်စာတမ်းများကိုလည်း ဖြန့်ဝေပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**ဖိုးနိုင်(မြဝတီ)**

# ငလျင်ဒဏ်ကြောင့် ပျက်စီးသည့် အမရပူရမြို့နယ်အတွင်းရှိ သမိုင်းဝင်ဘုရားများအား သွားရောက်ကြည့်ရှု



မန္တလေး မေ ၂

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မဟာဂန္ဓာရုံဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်အတွင်းရှိတောင်မင်းကြီးဘုရား၊ ရွှေကူကြီးဘုရား၊ ပုထိုးတော်ကြီးဘုရားနှင့် တောင်သမန်ကျောက်တော်ကြီးဘုရားတို့သို့ သွားရောက်ကြည့်ရှုသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်အဖွဲ့သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၌ ကျင်းပသည့် ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးသွားသောဘုရား၊ စေတီများ၌ ဌာပနာရန်ဆင်းတုတော်၊ စေတီတော်၊ ဓမ္မစေတီတော်၊ ဓာတ်တော်များအား ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကေသရ အမှူးပြုသည့် ပါမောက္ခ/ဌာနမှူး ဆရာတော်ကိုးပါးတို့က ဆင်းတုတော်၊ စေတီတော်၊ ဓာတ်တော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပါမောက္ခချုပ် ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်၍သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် ပါမောက္ခချုပ်ဆရာတော်ကြီးထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကြည်ညိုကာ ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်အမရပူရမြို့၊ မဟာဂန္ဓာရုံပရိယတ္တိစာသင်တိုက်ဦးစီးပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုလ္လနွှောဘာသာဘိဝံသဆရာတော်ဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်တောင်မင်းကြီးဘုရား၊ ရွှေကူကြီးဘုရား၊ မဟာဝိဇယရံသီပုထိုးတော်ကြီး၊ တောင်သမန်ကျောက်တော်ကြီးဘုရားတို့ကို ကြည့်ရှုပြီး အမရပူရမြို့၏ သမိုင်းဝင်ကြီးလေးကြီး ဘုရားများဖြစ်သည့်အတွက် စနစ်တကျပြုပြင်ထိန်းသိမ်းပေးရန်မှာကြားခဲ့ပြီး အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပြည်တွင်းဘိလပ်မြေစက်ရုံအချို့ စက်စွမ်းအားပြည့်ပြန်လည်လည်ပတ်ထုတ်လုပ်နိုင်ရေး ပံ့ပိုးပေးမည်



နေပြည်တော် မေ ၂

မန္တလေးငလျင်ကြီးကြောင့် ပြည်တွင်းဘိလပ်မြေစက်ရုံအချို့ ထိခိုက်ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သဖြင့် စက်စွမ်းအားပြည့်ပြန်လည်လည်ပတ်နိုင်ရေးလိုအပ်သည့်ကူညီဖြည့်ဆည်းဆောင်ရွက်မှုများကို အပြည့်အဝပံ့ပိုးပေးရမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန၌ ပြုလုပ်သည့်ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများစက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးဒေါက်တာချာလီသန်းကပြောသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးကပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ၊ သံ၊ သံမဏိစက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေးအတွက် လိုအပ်သောသွင်းအားစုများ အပြည့်အဝရရှိရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ လအလိုက် ဘိလပ်မြေနှင့် သံ၊ သံမဏိလိုအပ်ချက်များကို ခန့်မှန်းတွက်ချက်ထားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဘိလပ်မြေစက်ရုံများ၊ သံ၊ သံမဏိစက်ရုံများ၏ လအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်မည့် အစီအမံများကိုလည်း ညှိနှိုင်းတောင်းခံထားရမည်ဖြစ်ကြောင်းပြောသည်။

ဆက်လက်၍ ဘိလပ်မြေစက်ရုံများနှင့် သံ၊ သံမဏိစက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် စက်ရုံတစ်ခုချင်းစီ၏ လိုအပ်ချက်များကို သိရှိအောင်ဆောင်ရွက်၍ အစွမ်းကုန်ဖြည့်ဆည်းကူညီပေးရမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ရှိပြီးအရင်းအမြစ်များကို အကျိုးရှိစွာအသုံးပြု၍ ပြည်သူများ၏ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များကို မြန်ဆန်တိကျစွာဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့များဖွဲ့စည်း၍ စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများနှင့်ပတ်သက်၍ စက်ရုံအလိုက်မှတ်တမ်းထားရှိပြီး ဘူမိဗေဒနှင့်သက်ဆိုင်သည့် သုံးသပ်ချက်များကိုလည်း ပြုစုမှတ်တမ်းထားရှိရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများက ပြည်တွင်း၌ ဘိလပ်မြေစက်ရုံများ၊ သံ၊ သံမဏိစက်ရုံများ၏ထုတ်လုပ်မှုအခြေအနေ၊ ကုန်ကြမ်းသွင်းအားစုများ လိုအပ်မှုအခြေအနေများကို စက်ရုံများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည့်အခြေအနေ၊ စက်ရုံအသီးသီး၏လိုအပ်ချက်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုနှင့်ဆက်လက်ဆောင်ရွက်ပေးမည့်အစီအမံတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အခြေအနေများကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

## (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် မေ ၂

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းကြသည်။

ဦးစွာ မီးသတ်တပ်ဖွဲ့ဝင် ၂၃ ဦးတို့က သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြပြီး ထိုသို့လှူဒါန်းနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)




အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက သွေးအလှူရှင်များအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ဆေးဝါးများပေးအပ်စဉ်။

## နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

(မိုး/ဇလ)

# ကန်စွန်းဥ၏ ကျန်းမာရေးဆိုင်ရာသိကောင်းစရာများ

ဒေါက်တာလပြည့်ခင်

လူတိုင်းသိပြီးဖြစ်သည့် ကန်စွန်းဥ၏ကျန်းမာရေးဆိုင်ရာသိကောင်းစရာများကို ဖော်ပြလိုပါသည်။ ကန်စွန်းကြီးပင်၏အမြစ်ဥဖြစ်သည့် ကန်စွန်းဥသည် အလွယ်တကူရရှိနိုင်ပြီး ဈေးနှုန်းချိုသာသောအသီးအနှံများတွင် တစ်မျိုးအပါအဝင်ဖြစ်သည်။ မြေအောက်ဥဖြစ်သည့်ကန်စွန်းဥ (Ipomoea batatas) သည် ရောင်ရမ်းနေသောအမြစ် (Tuberous Root) ဖြစ်ပြီး ပင်စည်ကဲ့သို့ အဖုငယ်များ (Nodes)၊ အဆစ်များ (Internodes)နှင့် အဖူးအတက်များ ( Buds) မရှိပေ။ ကမ္ဘာတစ်ဝန်းစိုက်ပျိုးသော ချိုမြိန်သည့် ကစီဓာတ်ရှိသောအသီးအနှံဖြစ်ပြီး ကစီဓာတ်များစွာပါဝင်မှုကြောင့် အပူပိုင်းနှင့်သမပိုင်းဒေသတို့၌ စိုက်ပျိုးသည့် သီးနှံတစ်မျိုးဖြစ်သည်။

**ခရမ်းရောင်ကန်စွန်းဥ၏အာနိသင်များ**

ခရမ်းရောင်ကန်စွန်းဥမှာ သဘာဝအရ အမြင်အာရုံတွင် ဆွဲဆောင်မှုရှိပြီး အစားအသောက်နှင့် အဖျော်ယမကာလုပ်ငန်းတွင် ကျယ်ပြန့်စွာအသုံးပြုသည်။ ခရမ်းရောင်ကန်စွန်းဥကို အဖျော်ယမကာများ၊ မုန့်များ၊ နို့ထွက်ပစ္စည်းများနှင့် မုန့်ဖုတ်ပစ္စည်းများတွင် တွေ့ရများသည်။ ယင်း၏သဘာဝမူလနှင့် တက်ကြွသောအရောင်ကြောင့် ကန်စွန်းဥအမှုန့်ကို အလှကုန်နှင့် တစ်ကိုယ်ရေထိန်းသိမ်းမှုဆိုင်ရာ ထုတ်ကုန်ပစ္စည်းများတွင် ပိုမိုအသုံးပြုကြသည်။ အသားအရေထိန်းသိမ်းမှုအမျိုးမျိုးနှင့် ဆံပင်ထိန်းသိမ်းမှုဖော်မြူလာများတွင် တွေ့ရှိနိုင်ပြီး ဓာတုဆိုးဆေးများ၏သဘာဝအတိုင်း အစားထိုးဆောင်ရွက်နိုင်သည်။ ဆေးဝါးနှင့်အာဟာရဆိုင်ရာလုပ်ငန်းများအနေဖြင့် ကန်စွန်းဥအမှုန့်ကို ဆေးတောင့်များ၊ ဆေးပြားများနှင့် ကျန်းမာရေးဖြည့်စွက်စာများတွင် ထည့်သွင်းအသုံးပြုလေ့ရှိသည်။ ခရမ်းရောင်ကန်စွန်းဥသည် အရောင်အစွမ်းထက် Antioxidant များအဖြစ် လုပ်ဆောင်ပေးသော Anthocyanins ကြွယ်ဝသည်။ ဤဒြပ်ပေါင်းများသည် ခန္ဓာကိုယ်အတွင်းရှိ ဖရီးရယ်ဒီကယ်များကို ချေဖျက်ပေးနိုင်ပြီး Oxidative Stress နှင့် ရောင်ရမ်းမှုကို လျှော့ချပေးသည်။ ဤဓာတ်တိုးဆန့်ကျင်ပစ္စည်း၏ လုပ်ဆောင်ချက်သည် ကျန်းမာရေးကို အထောက်အကူပြုသည်။ ခရမ်းရောင်ကန်စွန်းဥ၏ကျန်းမာရေးအကျိုးကျေးဇူးများနှင့်အတူ စွယ်စုံရသဘာဝဆေးအဖြစ် ထွက်ပေါ်လာပြီး သဘာဝပါဝင်ပစ္စည်းများကို နှစ်သက်သဘောကျသော ဈေးကွက်လမ်းကြောင်းများနှင့်အတူ စက်မှုလုပ်ငန်းခွင်အမျိုးမျိုးတွင် ကျယ်ပြန့်စွာအသုံးချမှုများကြောင့် ကမ္ဘာ့ဈေးကွက်တွင် Key Player အဖြစ် နေရာယူထားကြောင်း မှတ်သားရသည်။

**ဦးနှောက်လုပ်ဆောင်မှုကို ကောင်းမွန်စေနိုင်သောကန်စွန်းဥ**

ကန်စွန်းဥစားသုံးခြင်းဖြင့် ဦးနှောက်၏လုပ်ဆောင်မှုကို တိုးတက်ကောင်းမွန်စေနိုင်သကဲ့သို့ မှတ်ဉာဏ်ကိုလည်း တိုးစေနိုင်သည်။ ကန်စွန်းဥက အာဟာရကြွယ်ဝပြီး ဓာတ်တိုးဆန့်ကျင်အာနိသင် (Antioxidant) လည်းကြွယ်ဝသည့် စားစရာတစ်မျိုးဖြစ်သဖြင့် အသက်အရွယ်ကြောင့်ဖြစ်သော မှတ်ဉာဏ်ယုတ်လျော့မှုကိုလည်း လျော့ပါးစေနိုင်သည်။ ဗီတာမင်-A ကြွယ်ဝသည့်ကန်စွန်းဥသည် ဆေးလိပ်သောက်ခြင်းကြောင့်ဖြစ်တတ်သော အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများကို ပြေလျော့စေသည်။

**ကိုယ်ခံအားကောင်းစေသောကန်စွန်းဥ**

ကန်စွန်းဥတွင် ဗီတာမင်- A ပါဝင်သောကြောင့် ကိုယ်ခံအားဆဲလ်များထွက်ရှိအောင် လှုံ့ဆော်ပေးပြီး ကူးစက်ရောဂါများမဝင်ရောက်အောင် တားဆီးပေးနိုင်သည်။ ကန်စွန်းဥတွင် ကြွယ်ဝစွာပါဝင်သောအမျှင်





ဓာတ်က အစာကိုကြေညက်စေကာ အဆိပ်အတောက်များကိုလည်း ပြေပျောက်စေသည်။

**အမြင်အာရုံကောင်းမွန်စေနိုင်သောကန်စွန်းဥ**

ကန်စွန်းဥက ကိုယ်ခံအားကောင်းစေရုံသာမက ဗီတာမင်-A ကြွယ်ဝသည့်အတွက် အမြင်အာရုံကိုပါ ကောင်းမွန်စေနိုင်သည်။ ဗီတာမင်-A ချို့တဲ့မှုကြောင့်ဖြစ်သည့် မျက်စိခြောက်ခြင်း၊ ညဘက်တွင် အမြင်အာရုံဝေဝါးခြင်း၊ အသက်အရွယ်ကြောင့်ဖြစ်သည့် အမြင်အာရုံချို့ယွင်းမှုများနှင့် အမြင်အာရုံဆုံးရှုံးမှုများကို ကာကွယ်ပေးနိုင်သည်။

**ကိုယ်အလေးချိန်ကျစေပြီး ရင်သားကင်ဆာကို ကာကွယ်နိုင်သောကန်စွန်းဥ**

အာဟာရဓာတ်ကြွယ်ဝပြီး အမျှင်ဓာတ်များစွာပါဝင်သည့်ကန်စွန်းဥက အဆာခံစေနိုင်ပြီး အစာစားချင်စိတ်ကိုလျှော့ချပေးနိုင်သောကြောင့် ကိုယ်အလေးချိန်လျှော့ချလိုသူများ စားသုံးပေးသင့်သည်။ ထို့ပြင် ကန်စွန်းဥစားခြင်းဖြင့် ရင်သားကင်ဆာမဖြစ်အောင် ကြိုတင်ကာကွယ်နိုင်သည်။

**အစာအိမ်အနာကိုသက်သာစေနိုင်သောကန်စွန်းဥ**

ကန်စွန်းဥတွင်ပါသည့်အမျှင်ဓာတ်က အစာခြေစနစ်ကို ကောင်းမွန်စေနိုင်သကဲ့သို့ အူများ၏လှုပ်ရှားမှုကိုလည်း ပိုမိုကောင်းမွန်စေသည်။ ထို့ပြင် ဗီတာမင်-B အုပ်စု၊ ဗီတာမင်-C၊ ဘီတာကယ်ရိုတင်း (Beta-carotene)၊ ပိုတက်ဆီယမ်နှင့် ကယ်လ်စီယမ်ပါဝင်မှုကြောင့် အစာအိမ်အနာများကို သိသာစွာသက်သာစေနိုင်သည်။ ဝမ်းချုပ်မှုကင်းဝေးပြီး အစာအိမ်အတွင်း အက်စစ်ဖြစ်ပေါ်မှုနည်းစေသဖြင့် အစာအိမ်အနာဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်။

**ရေဓာတ်ဆုံးရှုံးမှုကို ကာကွယ်ပေးနိုင်သောကန်စွန်းဥ**

ကန်စွန်းဥတွင်ပါဝင်သည့်အမျှင်ဓာတ်သည် ခန္ဓာကိုယ်မှ ရေဓာတ်များမဆုံးရှုံးရအောင် ကာကွယ်ပေးနိုင်သည်။ ကိုယ်တွင်းရေဓာတ်ကိုထိန်းညှိပေးပြီး ဆဲလ်များ ကောင်းမွန်စွာလုပ်ဆောင်နိုင်အောင် ကူညီပေးသည်။

**သတိထားရမည့်ကန်စွန်းဥ**

ကန်စွန်းဥသည် စိတ်ကြိုက်စားသုံး၍ရသော အစားအစာတစ်မျိုးဖြစ်သော်လည်း အလွန်အကျွံမစားမိရန် လိုအပ်သည်။ အထူးသဖြင့် ပိုးသတ်ဆေးမပါဘဲ စိုက်ပျိုးထားသော ကန်စွန်းဥမျိုးကို ရွေးချယ်စားသုံးရန်လိုအပ်သည်။ လတ်ဆတ်သောကန်စွန်းဥ၏အပေါ်ယံအခွံသည် ပြောင်တင်းနေပြီး အစိမ်းရောင်သန်းနေပါက အဆိပ်အတောက်ဖြစ်စေနိုင်၍ လုံးဝမစားသင့်ပေ။ ကန်စွန်းဥကို အထူးတလည် ထုပ်ပိုးဖုံးအုပ်ထားစရာမလိုဘဲ အေးပြီးခြောက်သွေ့သောနေရာ၌ ၁၀ ရက်ခန့်ကြာသည်အထိ ထားနိုင်သော်လည်း ကန်စွန်းဥကို ရေခဲသေတ္တာအတွင်း ထည့်ထားခြင်း၊ ပလတ်စတစ်အိတ်နှင့်ထုပ်ပိုးထားခြင်းတို့ပြုလုပ်ပါက အာနိသင်ပျက်ပြယ်တတ်သည်။

**တခြားဘေးထွက်ဆိုးကျိုးများ**

တခြားဘေးထွက်ဆိုးကျိုးများအနေဖြင့် ဗီတာမင်-A မြင့်မားသဖြင့် ဗီတာမင်-A ကို အများအပြားစားသုံးပါက ဗီတာမင်လွန်ကဲခြင်းဖြစ်လာနိုင်ပြီး ခေါင်းကိုက်ခြင်း၊ အရေပြားနီမြန်းယားယံခြင်းတို့ ဖြစ်နိုင်ပြီး အချိန်အတော်ကြာ ဤအခြေအနေ၏ လက္ခဏာရပ်များဖြစ်သည့် မျက်ခုံးမွေးအပါအဝင် အမွေးအမှင်ကျွတ်ခြင်း၊ နှုတ်ခမ်းကွဲအက်ခြင်း၊ အရေပြားခြောက်သွေ့ကြမ်းတမ်းခြင်းတို့ ဖြစ်လာနိုင်သည်။ ဗီတာမင်-A များစွာ စွဲသောက်မည်ဆိုပါကလည်း အသည်းပျက်စီးလာနိုင်သည်။ အမျိုးသမီးများ တစ်ရက်လျှင် ဗီတာမင်-A ၇၀၀ မိုက်ခရိုဂရမ်နှင့် အမျိုးသားများ တစ်ရက်လျှင် ၉၀၀ မိုက်ခရိုဂရမ် သောက်သုံးပေးရန် အကြံပြုထားသည်။ ထိုပမာဏထက်ပိုပြီးသောက်သုံးမိပါက ဆရာဝန်နှင့်ပြသင့်သည်။ ထို့ပြင် ဆီးကျောက်တည်ရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးပြဿနာရှိသူများ ကန်စွန်းဥမစားမီ ဆရာဝန်နှင့် တိုင်ပင်သင့်သည်။

**ကန်စွန်းဥကိုအများအပြားမစားဘဲ ဆင်ခြင်ပြီးစားသင့်သူများ**

ကျန်းမာရေးအကျိုးကျေးဇူးများစွာရှိသည့် ကန်စွန်းဥကိုစားပါဟု တိုက်တွန်းနေသော်လည်း ကန်စွန်းဥမစားသင့်သူ အနည်းငယ်ရှိသည်။ သွေးတွင်းကိုလက်စထရောများသူများမှလွဲ၍ တခြားသူများမှာ အတိုင်းအတာပမာဏတစ်ခုအထိ စားသုံးနိုင်သည်။

**ဆီးကျောက်တည်ရောဂါရှိသူများ မစားသင့်သောကန်စွန်းဥ**

ကန်စွန်းဥက အော်ဂဲနစ်အက်စစ် (Organic Acid) အမျိုးအစားဖြစ်သည့် Oxalate ဓာတ်မြင့်မားသောကြောင့် ဆီးကျောက်တည်ရောဂါခံစားနေရသည့် အချိန်တွင် ကန်စွန်းဥကို များများစားမည်ဆိုပါက ပြဿနာဖြစ်လာနိုင်သည်။ Oxalate က ရှိနှင့်ပြီးသားကျောက်များပေါ်တွင် နှန်းတင်လာပြီး ရောဂါလက္ခဏာနှင့် နာကျင်မှုကိုတိုးလာစေနိုင်သည်။ ကန်စွန်းဥတွင် Oxalate ပါဝင်မှုမြင့်မားသည့်အတွက် ဆီးကျောက်တည်တတ်သူများ ရှောင်သင့်ပြီး ရံဖန်ရံခါမှသာ စားသုံးသင့်သည်။

**အစာအိမ်မကောင်းသူများ မစားသင့်သောကန်စွန်းဥ**

ကန်စွန်းဥတွင် သကြားအယ်လ်ကိုဟောဟုခေါ်သည့် ကာဗိုဟိုက်ဒရိတ်အမျိုးအစားတစ်ခုဖြစ်သော မန်နီတော (Mannitol) ပါဝင်သည့်အတွက် ကာဗိုဟိုက်ဒရိတ်အမျိုးအစားကိုစားသုံးလျှင် အန္တရာယ်မရှိသော်လည်း ပမာဏများစွာစားသုံးလျှင် အစာအိမ်မအီမသာဖြစ်သူများအတွက် ပြဿနာဖြစ်လာနိုင်သည်။ အစာအိမ်မအီမသာဖြစ်သည့်အခါ ကန်စွန်းဥများစွာစားခြင်းဖြင့် အစာအိမ်နာခြင်း၊ ဝမ်းလျှောခြင်းနှင့် ဗိုက်အောင့်ခြင်းတို့ဖြစ်လာနိုင်သောကြောင့် အစာအိမ်မကောင်းသူများ ကန်စွန်းဥမစားသင့်ပေ။

**ဆီးချိုရောဂါသည်များ မစားသင့်သောကန်စွန်းဥ**

ကန်စွန်းဥတွင်ပါဝင်သည့် သကြားဓာတ်ညွှန်းကိန်း (Glycemic Index) ပမာဏသည် အာလူးနှင့်နှိုင်းယှဉ်ပါက ပိုနည်းသောကြောင့် ကျန်းမာရေးနှင့်ပိုပြီးညီညွတ်သည်။ ကန်စွန်းဥကိုစားသုံးခြင်းဖြင့် အင်ဆူလင်တုံ့ပြန်နိုင်မှုကောင်းမွန်အောင် အထောက်အကူပေးသည်။ ကန်စွန်းဥသည် အမျှင်ဓာတ်မြင့်မားပြီး Glycemic Index (GI) (၄၄-၉၆) ကြားရှိသဖြင့် GI နည်းပါးသည့်ကန်စွန်းဥက ခန္ဓာကိုယ်အတွင်းရှိ သကြားဓာတ်ကို ထိန်းညှိပေးနိုင်သည်ဟုဆိုထားသော်လည်း သွေးတွင်းသကြားဓာတ်ပမာဏမြင့်တက်လာနိုင်သည့်အတွက် ဆီးချိုရောဂါသည်များ ကန်စွန်းဥကို ပမာဏများစွာ မစားသုံးသင့်ပေ။

**နှလုံးပြဿနာရှိသူများမစားသင့်သောကန်စွန်းဥ**

ပိုတက်ဆီယမ်ကြွယ်ဝသည့် ကန်စွန်းဥက နှလုံးပြဿနာဖြစ်နိုင်ခြေကို လျှော့ချပေးသော်လည်း ကန်စွန်းဥများစွာစားသုံးမည်ဆိုပါက ပိုတက်ဆီယမ်ပမာဏများပြီး ပိုတက်ဆီယမ်မြင့်မားလျှင်ဖြစ်တတ်သော Hyperkalemia ရောဂါဖြစ်လာနိုင်ကာ နှလုံးသွေးကြောကျဉ်းရောဂါဖြစ်လာရခြင်း၏အကြောင်းရင်းတစ်ခုဖြစ်လာနိုင်ကြောင်း သိရှိရသည်။

ဤကဲ့သို့ ကျန်းမာရေးအတွက် ဆေးဖက်ဝင်ဖြစ်သောကန်စွန်းဥကို စားသုံးပေးခြင်းဖြင့် ရရှိသောကျန်းမာရေးကောင်းကျိုးများနှင့် အလွန်အကျွံမစားသင့်သောသူများလည်းသိရှိပြီး အစာလည်းဆေး၊ ဆေးလည်းအစာဆိုသည့်အတိုင်း ဈေးနှုန်းချိုသာကာ အလွယ်တကူဝယ်ယူရရှိနိုင်သည့်ကန်စွန်းဥကို ချင့်ချိန်စားသုံးပေးသင့်ကြောင်း၊ ကန်စွန်းဥစိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးတောင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရောင်းဝယ်ဖောက်ကားသူများနှင့် ဒေသခံပြည်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိကြောင်းနှင့် စိုက်ပျိုးတောင်သူများအနေဖြင့်လည်း စိုက်ပျိုးရလွယ်ကူ၍ ကုန်ကျစရိတ်နည်းပြီး အကျိုးအမြတ်များစွာရရှိသောကန်စွန်းဥကို နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

အချုပ်အားဖြင့်ဆိုရသော် ဤကဲ့သို့ အာဟာရပြည့်ဝသောကန်စွန်းဥကို ကိုယ်အလေးချိန်ကျလိုသူများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာရှိသူများနှင့် အဆစ်ရောင်ရောဂါဖြစ်သူများကို စားသုံးရန်ထောက်ခံပေးထားသည်။ အားလုံးအတွက် ကန်စွန်းဥက ဘေးကင်းသော်လည်း တချို့သောသူများ စားသုံးသည့်အခါ အနည်းငယ်ဂရုစိုက်ပေးရန်လိုသည်။ အရောင်ရင့်သောကန်စွန်းဥများသည် ကျန်းမာရေးအတွက် ပိုမိုအစွမ်းထက်မြက်စေနိုင်သည်။ ကန်စွန်းဥကို မီးဖုတ်စားခြင်းထက် ပြုတ်စားခြင်းသို့မဟုတ် ချက်စားခြင်းက အာဟာရဓာတ်ပိုမိုရရှိကာ အထက်ဖော်ပြပါ ကျန်းမာရေးအကျိုးကျေးဇူးများ အပြည့်အဝရရှိစေမည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

# (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

**ပဲခူး မေ ၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး အောင်သုခဆေးကုသဆောင်၌ မေလ ၂ ရက် နံနက်ပိုင်းတွင် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက လိုက်လံကြည့်ရှုအားပေးပြီး သွေးလှူဒါန်းသည့် မီးသတ်တပ်ဖွဲ့ဝင်များအား ကြက်ဥ၊ မုန့်၊ အားဆေး၊ အချိုရည်နှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ သွေးအလှူရှင်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းရာတွင် ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောထွန်းဦးဆောင်၍ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်မီးသတ်ဦးစီးဌာနရုံးများနှင့် မီးသတ်နယ်မြေစခန်းများရှိ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း ၁၂၀ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြကြောင်းသိရသည်။ (၄၀၁)၊ **တင်စိုး(ပဲခူး)**

# (၇၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် သန့်ရှင်းရေးဆောင်ရွက်



**တောင်ကြီး မေ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့သစ်တောရပ်ကွက်ရှိ စူဠာမုနိလောကချမ်းသာစေတီတော်၌ မေလ ၂ ရက်နံနက်ပိုင်းတွင် (၇၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် မီးသတ်ဦးစီးဌာနကဦးဆောင်၍ သန့်ရှင်းရေးဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန ဒုတိယပြည်နယ်မှူး ဦးထွန်းထွန်းစိုးဦးစီး၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရေသယ်ယာဉ်များဖြင့် ဘုရားပရဝဏ်အတွင်းအပြင်နှင့် ရင်ပြင်တော်ရှိ အမှိုက်များရှင်းလင်းခြင်း၊ ဆေးကြောခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းဆယ်ယူခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန ပြည်နယ်မှူး ဦးအောင်ဝင်းစိန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

အလားတူ မီးသတ်တပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့်တောင်ကြီး-ဟိုပုံးသွားလမ်းရှိ တောင်ကြီးခရိုင်မီးသတ်ရုံးရှေ့၌ ၂၀၂၅ ခုနှစ် (၇၉)နှစ်မြောက်မီးသတ်တပ်ဖွဲ့နေ့ ဆိုင်းဘုတ်စိုက်ထူ၍ ပြည်နယ်မီးသတ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ကြောင်း သိရသည်။

**ဇော်မျိုး(မြဝတီ)**

# ချောင်းဆုံမြို့နယ်၌ မိုးစပါးမျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးခြင်းကွင်းသရုပ်ပြ

**ချောင်းဆုံ မေ ၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ မိုးစပါးစိုက်တောင်သူများ စပါးအထွက်နှုန်းတိုးပွားလာရေး မျိုးစေ့ချကိရိယာ(Seeder)ဖြင့် စိုက်ပျိုးကြရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ မေလ ၂ ရက်နံနက်ပိုင်းတွင် နတ်မော်ကျေးရွာ ကွင်းအမှတ်(၆၃)နှင့် ပလိုင်ဝမ်းကွင်းအမှတ်(၆၁၃)တို့ရှိ မိုးစပါးစိုက်ဧကငါး ဧက၌ အောင်နိုင်တိုးမျိုးစပါးအား မျိုးစေ့ချကိရိယာ(Seeder)ဖြင့် မျိုးစေ့ချစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်လွင်က မျိုးစေ့ချကိရိယာ(Seeder)စနစ်ဖြင့် စိုက်ပျိုးခြင်းကြောင့် မျိုးစေ့ကုန်ကျမှုလျှော့ချနိုင်ခြင်း၊ ပျိုးနုတ်ရန်မရှိခြင်းကြောင့် ပျိုးပင်ထိခိုက်မှုသက်သာကာ အမြစ်ကြီးထွားမှုစောစီးစွာရရှိခြင်း၊ မြေဩဇာအသုံးပြုရာတွင် အကျိုးသက်ရောက်မှုမြင့်မားခြင်း၊ ရေကြီးနစ်မြုပ်ခြင်းနှင့် ရေတော်ဒဏ်ကိုပိုမိုခံနိုင်ရည်ရှိခြင်းများကြောင့် တောင်သူများအထွက်နှုန်း သိသာစွာတိုးပွားလာမည်ဖြစ်ကြောင်း၊ မြို့နယ်အတွင်းလာမည့်စိုက်ပျိုးရာသီတွင် မိုးစပါး ၆၅၃၀၉ ဧက စိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက်စိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူများက အောင်နိုင်တိုးမျိုးစပါးအား မျိုးစေ့ချကိရိယာ(Seeder)ဖြင့် မျိုးစေ့ချခြင်းကို ကွင်းသရုပ်ပြစိုက်ပျိုးကြသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ မော်လမြိုင်ခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအဖွဲ့မှ သက်ဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ တောင်သူများတက်ရောက်ခဲ့ကြပြီး မြို့နယ်အတွင်း ကျေးရွာအုပ်စုတစ်စုလျှင် တစ်ခုနှုန်းဖြင့် မျိုးစေ့ချကိရိယာ (Seeder) ၄၇ ခုတို့အား မတ်လ ၃၁ ရက်က အခမဲ့ဖြန့်ဝေပေးထားခဲ့ပြီးဖြစ်ကြောင်း;သိရသည်။ **ကိုကျော်(ချောင်းဆုံ)**

## မိုးကြိုစိုက်ပြား တို့လယ်စပါး

❖ ညို့မှောင်ကာ မပြေလှပေဘု
ခိုရောင်ဖြာ အခြေချပါလို့
နွေသမယ နှောင်းခါချိန်။

❖ အစဉ်ရှေးရှူကာပ့်
မြင်သေးခု ဝသန်ခါမီ
မြန်ဌာနီ တို့လယ်တောပေမို့
ပေါ်ရှာတယ် ကန်စွန်းညိုကြ
ရွှန်းစိုမြ မြေတလူလူ
လေအကူ ကပာန်ယိမ်းပြန်တော့
စိမ်းလဲ့မမှိန်။

❖ ခြိုးခြိမ့်ခြိမ့် တည်ညံ
ထက်ယံက ရိုက်ဆော်ဟည်း
တီးပါတဲ့ ဗုံကြီးသံ
တုန်ဟည်းလျှံတဲ့ ဘဝင်အိမ်
ယှက်လိမ်ကာပ့် တိမ်ပြာမှိုင်း။

❖ ငြိုးတစ်ဖန်
မိုးလျှံ အာကာထက်ဆီက
ဖြိုးပြန် အခါခါဆက်အချိန်မှန်လျှင်ပ့်
ယာအထွက် တစ်ကြိမ်ပြန်မခြားရအောင်
စပါးပင် မလွဲအခိုက်ရယ်မို့
ကြဲစိုက်ဖို့ မြေကိုပြင်ကာဖြင့်
နွေအကြိုတွင် ကြာမညောင်းပါဘု
ယာစောင်းမကျန် မြေအခြောက်ကို
ပေါက်ရတယ် ပေါက်ပြားရယ်နဲ့
တစ်လျှောက်မနားပါဘူး
(လယ်သမားမှာ စပါးကြဲဖို့)
အားခဲလို့ဝိုင်း။ ။

**မိုးမြင့်မေ(သ.က.ဟ.အ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၅-၂၀၂၅(စနေနေ့)

၁။ ၀၇:၀၀ မေတ္တာပို့
၂။ ၀၇:၁၀ ဓမ္မပူဇာတေး
၃။ ၀၇:၂၅ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၄။ ၀၉:၃၀ အမှတ်တရနေ့ရက်များ
၅။ ၁၀:၁၀ နိုင်ငံတကာသတင်း
၆။ ၁၂:၃၀ တစ်ပတ်အတွင်း အားကစားသတင်း
၇။ ၁၄:၀၀ ကျန်းမာသုတ
၈။ ၁၅:၀၀ မြန်မာသံစဉ်ချိုနားဝင်
၉။ ၁၆:၀၀ ကိုယ်လက်လှုပ်ရှားအားကစား
၁၀။ ၁၇:၀၀ မျိုးချစ်တပ်မတော်
၁၁။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၁၂။ ၁၈:၄၀ နိုင်ငံတော်အတွက်အား MSME လုပ်ငန်းများ
၁၃။ ၁၉:၀၀ တောင်ပိုင်းပိုးလမ်းမကြီး တရုတ်-မြန်မာအခန်းကဏ္ဍ (အပိုင်း-၂၁)

# စစ်တွေမြို့နယ် ဆေးသမားကြီး(IDP)စခန်း မီးလောင်ပြင်အားရှင်းလင်းနေမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ကြည့်ရှုစစ်ဆေး မီးဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ ထောက်ပံ့

စစ်တွေ မေ ၂

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နေ့လယ်ပိုင်းတွင် စစ်တွေမြို့နယ် ဆေးသမားကြီး(IDP)စခန်း မီးလောင်ပြင်အားရှင်းလင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆေးသမားကြီး(IDP)စခန်းမီးလောင်ပြင်အား နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ညှိနှိုင်းပေါင်းစပ်ပေးခဲ့သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မီးဘေးသင့်ပြည်သူများအား ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါက်တာကြည်လွင် ဦးဆောင်ပြီး ဆရာဝန်၊ သူနာပြုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆေးသမားကြီး(IDP) စခန်းမှ မီးဘေးသင့်ပြည်သူများအား စခန်းတာဝန်ခံ ရုံး၌တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က ယခင်မီးဘေးဖြစ်စဉ်များတွင်လည်း နွေရာသီကာလဖြစ်သည့်အတွက် မီးဘေးအန္တရာယ်သတိပြုဆောင်ရွက်ကြရန်၊ IDP စခန်းများတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူပူးပေါင်းပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သောပစ္စည်းများအား စီစဉ်ဆောင်ရွက်ထားကြရန် မှာကြားထားပြီးဖြစ်ကြောင်း၊ မီးဘေးသင့်ပြည်သူများအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လိုအပ်သည်များကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း တွေ့ဆုံအားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မီးဘေးသင့်ပြည်သူများအတွက်အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သည့် တစ်ရက်စာထမင်းဖိုး (၁၀၀၈၀၀၀၀)၊ ဆန်ရိက္ခာဖိုး( ၆၃၀၀၀၀၀)၊ ခေါက်ဆွဲခြောက်များ၊ မီးဘေးသင့်အိမ်ထောင်စုများအတွက် မိုးကာတဲများ၊ မိသားစုသုံး ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုးပါပုံးများအား ထောက်ပံ့ပေးအပ်ကြရာ မီးဘေးသင့်ပြည်သူများက လက်ခံရယူကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် မီးဘေးသင့်ပြည်သူများအတွက် ယာယီမိုးကာတဲများ ဆောက်လုပ်နေရာချထားမည့်နေရာအား သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မိုးကာတဲများ စနစ်တကျဆောက်လုပ်ပေးပြီး နေရာချထားကြရန်၊ မီးဘေးသင့်ပြည်သူများအတွက် သန့်ရှင်းသောရေရရှိရေး၊ ယင်လုံအိမ်သာများ အသုံးပြုနိုင်ရေး၊ စနစ်တကျချက်ပြုတ်စားသောက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

စစ်တွေမြို့နယ် ဆေးသမားကြီး(IDP) စခန်းတွင်မေလ ၂ရက်နေ့နံနက်၄ နာရီ ၁၅ မိနစ်တွင် မီးလောင်မှုဖြစ်ပွားရာ မီးလောင်မှုဖြစ်ပွားသည့်နေရာသို့ နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်သုံးစီး၊ ရေသယ်ယာဉ်သုံးစီး၊ တပ်မတော်မှရေသယ်ယာဉ်တစ်စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ကြောင်း၊ မီးလောင်ကျွမ်းမှုကြောင့် ဆေးသမားကြီး(IDP)စခန်းတွင် အလျားပေ ၁၁၀၊ အနံ ၁၁ ပေ၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း၊ အဆောင် ၁၈ ဆောင်၊ အခန်း ၁၈၀ ခန်း မီးလောင်ကျွမ်းခဲ့ပြီး မီးဘေးသင့်ပြည်သူများအား နီးစပ်ရာနေရာများတွင် ယာယီနေရာချထားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

တင်ထွန်း(ပြန်/ဆက်)

ဓာတ်ပုံ– ဝင်းမင်းစိုး

# ၂၀၂၅ ခုနှစ် မတ်လအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

## မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၁၃ စခန်းတို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိ

နေပြည်တော် မေ ၂

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia – EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသော မိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

ပုံ(၁)မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




ပုံ(၂)၂၀၂၅ ခုနှစ် မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




၂၀၂၅ ခုနှစ် မတ်လအတွင်း စခန်း ၁၃ စခန်းမှ မိုးရေနမူနာများ စုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် ၁၃ စခန်းအနက် ၁၂ စခန်းတို့တွင် ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး (6.5 – 8.5) အတွင်းတွင်ရှိပြီး မန္တလေး(ချမ်းမြသာစည်)စခန်းတွင် ရွာသွန်းခဲ့သောမိုးရေ၏ pH တန်ဖိုးသည် ပုံမှန်မိုးရေ (Normal Rain) ဟု သတ်မှတ်ထားသည့် pH တန်ဖိုး (5.6 – 6.4) အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ–၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ် မတ်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၁၃ စခန်းတို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**၂၀၂၅ ခုနှစ် မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး(ချမ်းမြသာစည်) | ၆.၄ |
| ၂ | ပူတာအို | ၆.၆ |
| ၃ | ခန္တီး | ၆.၉ |
| ၄ | တောင်ကြီး | ၇.၂ |
| ၅ | မိုင်းဆတ် | ၆.၈ |
| ၆ | ကျိုင်းတုံ | ၆.၇ |
| ၇ | ပြင်ဦးလွင် | ၆.၇ |
| ၈ | မော်လမြိုင် | ၆.၇ |
| ၉ | ဘီးလင်း | ၆.၈ |
| ၁၀ | ကော့ကရိတ် | ၇.၁ |
| ၁၁ | ထားဝယ် | ၆.၇ |
| ၁၂ | မြိတ် | ၆.၉ |
| ၁၃ | ကော့သောင်း | ၆.၈ |

# ရန်ကုန်တိုင်းဒေသကြီးတွင် အကျုံးဝင်အာမခံအလုပ်သမား ၉၅၄၀၂၆ ဦးရှိပြီး အာမခံအလုပ်သမားများအတွက် ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တာမွေမြို့နယ်ရှိ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမားဆေးရုံ(ရန်ကုန်)သို့ သွားရောက်ပြီး ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့်ဝန်ထမ်းများအားတွေ့ဆုံခြင်း၊ ဆေးရုံအား လှည့်လည်ကြည့်ရှုစစ်ဆေးခြင်း၊ အရည်အသွေးပြည့်မီသော ကျန်းမာရေး ဝန်ဆောင်မှုများကိုပေးအပ်နိုင်ရန် ကုသရေးလုပ်ငန်းတွင် လိုအပ်သည့်ဆေးရုံသုံးပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန်နှင့် လိုအပ်သည့်ဆေးဝါးများဖြည့်တင်းနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးပြီး အလုပ်သမားဆေးရုံကြီးအတွင်း လူနာကုသပေးနေသည့် ကုသဆောင်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆေးရုံတက်ရောက်ကုသနေသော အာမခံအလုပ်သမားများအား ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် အလုံမြို့နယ်ရှိ လူမှုဖူလုံရေးအဖွဲ့ ပင်မဆေးသိုလှောင်ရေးဌာနသို့ ကြည့်ရှုစစ်ဆေးပြီး ကုသရေးလုပ်ငန်းသုံး ဆေးရုံသုံးပစ္စည်းများ ထိန်းသိမ်းခြင်းနှင့် သက်တမ်းလွန်ဆေးများ မဖြစ်စေရန်လိုအပ်သည့် ဆေးရုံ၊ ဆေးခန်းများသို့ဖြည့်တင်းပေးရေး မှာကြားသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် အကျုံးဝင် အာမခံအလုပ်သမား ၉၅၄၀၂၆ ဦးရှိပြီး အဆိုပါ အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ရန်ကုန်အလုပ်သမားဆေးရုံကြီး၊ ထန်းတပင်အလုပ်သမားဆေးရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၂၂ ခန်း၊ တိုင်းရင်းဆေးခန်းတစ်ခန်း၊ ဌာနကြီး ဆေးခန်း ၁၉ ခန်း၊ Fee For Service Payment ဆေးခန်း ၄၂ ခန်း၊ Capitation Payment ဆေးခန်းငါးခန်းနှင့် မီးဖွားခြင်းနှင့် ဆိုင်သော ဆေးရုံ/ဆေးခန်း ၁၁ ခန်းတို့ဖြင့် ကျန်းမာရေး ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ CMP စနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်သည့် ချန်းရီ ဖိနပ်ချုပ်စက်ရုံအား ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး နှင့်တာဝန်ရှိသူများသည် MoU စနစ်ဖြင့် ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်မည့် လုပ်သားများ၊ မိမိအစီအစဉ်ဖြင့် ပြည်ပသို့ သွားရောက်မည့် ကျွမ်းကျင်လုပ်သားများနှင့် ပြည်ပနိုင်ငံများမှ ခွင့်ပြန်လုပ်သားများအတွက် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC)အား တစ်နေရာတည်းတွင် ပြုလုပ်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ထားသည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး Cashless စနစ်ဖြင့် OWIC ကတ်များထုတ်ပေးနိုင်ရေး တာဝန်ခံအရာရှိများကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်္ဃန်းကျွန်းမြို့နယ်၌ ဖွင့်လှစ်ထားသော ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်ကြမည့် လုပ်သားများအတွက် အလုပ်ရှင်၊ အလုပ်သမားစာချုပ်အား တစ်နေရာတည်းတွင် စုစည်း၍ စာချုပ်ချုပ်ဆိုရန် ဆောင်ရွက်ပေးနေသည့် နည်းပညာအထောက်အကူပြုရုံး(ရန်ကုန်)ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။



မြဝတီ

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ရာဇာထွန်း ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။

နေပြည်တော် မေ ၂

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံနှင့် ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက် ကုသမှုခံယူလျက်ရှိသော အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မြန်မာ့ရိုးရာပန်းပညာ(၁၀)မျိုး အထိမ်းအမှတ် Block stamp အထူးထုတ် (၂၀၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် (၁) မျိုး ရောင်းချပေးသွားမည်

### မြန်မာ့ရိုးရာ ပန်း(၁၀)မျိုး



နေပြည်တော် မေ ၂

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာ့ရိုးရာပန်းပညာ (၁၀)မျိုး အထိမ်းအမှတ် Block stamp အထူးထုတ် (၂၀၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် (၁) မျိုးအား ၂၀၂၅ ခုနှစ်၊ မေလ(၅) ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ကဆုန်လဆန်း (၉)ရက် (တနင်္လာနေ့) နံနက် ၉ နာရီခွဲမှစတင်၍ ရောင်းချပေးမည်ဖြစ်ရာ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၅ ခုနှစ် မေလ ၅ ရက် (တနင်္လာနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။

အဆိုပါ စာပို့တံဆိပ်ခေါင်းသစ်ကို နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး / ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ




❐ **ကျောဖုံးမှအဆက်**

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၂

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# တက္ကသိုလ် ပါမောက္ခ၊ ဆရာ၊ ဆရာမများက အမှတ်ပေးစည်းမျဉ်းနှင့်ကိုက်ညီသော ဖြေဆိုနည်းများကို စနစ်တကျသင်ကြားပေးနေခြင်းဖြစ်၍ ကြိုးစားသင်ယူကြစေလို

နေပြည်တော် မေ ၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် လေ့ကျင့်သင်ကြားရေးစခန်းများဖွင့်လှစ်၍ တက္ကသိုလ်ပါမောက္ခ၊ ဆရာ၊ ဆရာမများက ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ အနီးကပ်သင်ကြားပို့ချနေမှုများကို လိုက်လံကြည့်ရှုအားပေး၍ လိုအပ်သည်များကိုမှာကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျောင်းသား၊ ကျောင်းသူများအားလုံး ကိုယ်စီရည်မှန်းချက်များဖြင့်ကြိုးစားခဲ့ကြသူများဖြစ်၍ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယအကြိမ် ပြန်လည်ဖြေဆိုခြင်းကို တရားမျှတမှုနှင့်ဂုဏ်သိက္ခာအတွက် အခွင့်အရေးအဖြစ်သတ်မှတ်ကာ ကြိုးစားအားထုတ်ကြစေလိုပါကြောင်း၊ ယခုလာရောက်သင်ကြားပို့ချပေးသည့် တက္ကသိုလ် ပါမောက္ခ၊ ဆရာ၊ ဆရာမများက အမှတ်ပေးစည်းမျဉ်းနှင့် ကိုက်ညီသောဖြေဆိုနည်းများကို စနစ်တကျသင်ကြားပေးနေခြင်းဖြစ်၍ ကြိုးစားသင်ယူကြစေလိုပါကြောင်း၊ မိမိတို့ရည်မှန်းချက်များအောင်မြင်စေရန် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဆက်လက်ကြိုးစားကြစေလိုပါကြောင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား ပုံနှိပ်ဖတ်စာအုပ်၊ ဗလာစာအုပ် စသည့်သင်ထောက်ကူပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် သင်ကြားပို့ချပေးကြသည့် တက္ကသိုလ်ပါမောက္ခ၊ ဆရာ၊ ဆရာမများအား ပြည်ထောင်စုဝန်ကြီးက ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကျောင်းသား၊ ကျောင်းသူများအောင်မြင်စွာဖြေဆိုနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးစားသင်ကြားပေးကြစေလိုပါကြောင်း ပြောကြားကာ ချီးမြှင့်ငွေများကိုပေးအပ်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းမြို့ စစ်ကိုင်းပညာရေးတက္ကသိုလ်သို့ သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား စခန်းသွင်းလေ့ကျင့်သင်ကြားပေးနေမှုများကို လိုက်လံကြည့်ရှုပြီး ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းသို့ သွားရောက်၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နွေရာသီကျောင်းဖွင့်အမီ ယာယီကျောင်းဆောင်များ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။



ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့်အတူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ မန္တလေးမြို့ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းတို့ရှိ လေ့ကျင့်သင်ကြားရေးစခန်းများသို့သွားရောက်၍ သင်ကြားသင်ယူနေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# မြန်မာ့မီးရထား၏ (၁၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုအပ်ပါသည် . . .

ညီညီ(ရထား)

မြန်မာနိုင်ငံမှာ ၁၈၇၇ ခုနှစ် မေလ ၁ ရက်တွင် ရန်ကုန်-ပြည်ရထားလမ်း စတင်ဖောက်လုပ်ပြေးဆွဲခဲ့ခြင်းနှင့်အတူ ရထားလုပ်ငန်းပေါ်ထွန်းခဲ့သည့်အချိန်မှစ၍ ၂၀၂၅ ခုနှစ် မေလ ၁ ရက်တွင် (၁၄၈)နှစ်မြောက်ရှိခဲ့ပြီဖြစ်သည်။ သမိုင်းကြောင်းရှည်လျားခဲ့သည့် ကာလအတွင်းတွင် ရထားပြေးဆွဲခြင်းလုပ်ငန်းဖြင့် ပြည်သူ့ဝန်ဆောင်မှုပေးလျက်ရှိသည့် ရင့်ကျက်နေပြီဖြစ်သော ဌာနကြီးတစ်ခုဖြစ်ကြောင်း တင်စားလိုသည်။

မြန်မာနိုင်ငံ၏ ရထားပြေးဆွဲခြင်းလုပ်ငန်းသည် အရှေ့တောင်အာရှနိုင်ငံများ၏ ရထားပြေးဆွဲခြင်းများထက် သက်တမ်းအရင့်ဆုံးဖြစ်ကြောင်း သမိုင်းကသက်သေပြလျက်ရှိသည်။ ရထားလမ်းတိုးချဲ့ဖောက်လုပ်နိုင်ခဲ့မှုများကိုလေ့လာကြည့်မည်ဆိုပါက မြန်မာနိုင်ငံတွင် ရထားလုပ်ငန်းစတင်ခဲ့သည့် ၁၈၇၇ ခုနှစ်မှ လွတ်လပ်ရေးမရမီ ၁၉၄၈ ခုနှစ်အထိ ရထားလမ်းခရီးမိုင် ၁၉၂၄ မိုင်ခန့်နှင့် ဘူတာရုံပေါင်း ၄၇၆ ခု တည်ရှိခဲ့ရာ လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ ရထားလမ်းခရီးမိုင် ၅၄ မိုင်ခန့်နှင့် ဘူတာရုံ ၁၁ ခု တိုးတက်တည်ဆောက်နိုင်ခဲ့ပြီး ၁၉၈၈ ခုနှစ်မှစ၍ ယနေ့ထိ ရထားလမ်းခရီးမိုင် ၁၈၂၂မိုင်ခန့်နှင့် ဘူတာရုံ ၄၇၃ ခု ထပ်မံတိုးချဲ့ဖောက်လုပ်တည်ဆောက်နိုင်ခဲ့သည့်အတွက် နိုင်ငံအတွင်း ရထားလမ်းခရီးမိုင်စုစုပေါင်း မိုင် ၃၈၀၀ ကျော်ခန့်နှင့် ဘူတာရုံပေါင်း ၉၆၀ ခုရှိနေပြီဖြစ်သည်။

ရှေးယခင်က နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို ကိုလိုနီအဖြစ် ကျွန်ပြုအုပ်ချုပ်ခဲ့စဉ်က ၎င်းတို့၏ အကျိုးစီးပွားကို အထောက်အကူဖြစ်စေသည့်ရထားလမ်း၊ကားလမ်းများကိုသာဦးစားပေးဖောက်လုပ်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရပြီး နိုင်ငံတစ်ဝန်းလုံး မြေပြန့်၊ တောင်ပေါ် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးဟူသော ရည်ရွယ်ချက်ကောင်းများမရှိခဲ့သည့်အတွက် ကိုလိုနီခေတ်နှင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းကာလတစ်လျှောက်လုံး နယ်မြေဒေသအများစုသည် လမ်းပန်းဆက်သွယ်မှုခက်ခဲ၍ ဖွံ့ဖြိုးမှုနောက်ကျခဲ့သည်ကို တွေ့ရှိရသည်။

မြန်မာ့မီးရထားအနေဖြင့် ဖြတ်သန်းခဲ့ရသည့် (၁၄၈)နှစ်ကြာ ခရီးရှည်တစ်လျှောက်တွင် ခေတ်စနစ်များ အမျိုးမျိုးအဖုံဖုံပြောင်းလဲခဲ့သော်လည်း မြန်မာ့မီးရထားသည် ပြည်သူ့အကျိုးအားတစိုက်မတ်မတ်ဖော်ဆောင်ထမ်းရွက်ခဲ့ပြီး ယနေ့ထိတိုင် ဆက်လက်ရပ်တည်လျက်ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်နေဆဲဖြစ်သည်။ မြန်မာ့မီးရထား၏ အဓိကလုပ်ငန်းတာဝန်မှာ ခရီးသည်နှင့်ကုန်စည်များကို လုံခြုံချောမွေ့စွာ သယ်ယူပို့ဆောင်ပေးခြင်းဖြင့် နိုင်ငံတော်၏ဘက်စုံ၊ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်ပင်ဖြစ်သည်။ တစ်ချိန်တည်းတွင် လူ၊ ပစ္စည်း၊ ငွေကြေးစသော သယံဇာတများကို လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေး၊ ဈေးကွက်စီးပွားရေးမူဝါဒနှင့်အညီ ယှဉ်ပြိုင်ရသောအခြေအနေတွင် စီးပွားရေးဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတစ်ဝန်း ရထားလမ်းကွန်ရက်တစ်လျှောက် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်နိုင်မှုစွမ်းပကားမြှင့်တင်ရန်၊ လုံခြုံစိတ်ချစွာအချိန်တိုအတွင်း ခရီးသည်နှင့် ကုန်စည်အများအပြားကို လိုရာခရီးဆုံးအရောက် အထိရောက်ဆုံးသယ်ပို့နိုင်သည့် စွမ်းရည်မြင့်မားသောအဖွဲ့အစည်းဖြစ်လာစေရေးအတွက် ရည်မှန်းချက်တာဝန်များချမှတ်ထားရှိမှုနှင့်အတူ အဆိုပါရည်မှန်းချက်တာဝန်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်ရေးကိုလည်း ရထားဝန်ထမ်းအားလုံးက ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ကြိုးပမ်းထမ်းဆောင်နေကြသည်ကို မြင်တွေ့နေရသည်။

ပြည်သူလူထုကို ဝန်ဆောင်မှုပေးလျက်ရှိသော သယ်ယူပို့ဆောင်ရေးစနစ်တစ်ခုဖြစ်သည်နှင့်အညီ ခရီးသွားပြည်သူများအပေါ် ကောင်းမွန်ပြည့်စုံသည့် ဝန်ဆောင်မှုပေးနိုင်ရေးနှင့်ပါဆယ်ပစ္စည်းနှင့် ကုန်စည်အမျိုးမျိုးကို ရထားလမ်းတစ်လျှောက် ဒေသအသီးသီးသို့ ဈေးနှုန်းချိုသာစွာ ဆောလျင်စွာသယ်ပို့ပေးနိုင်ရေးတို့သည် ပဓာနကျသည့် ရည်မှန်းချက်တာဝန်တစ်ရပ်ဖြစ်ကြောင်းကို မြန်မာ့မီးရထားဝန်ထမ်းအားလုံးက နှလုံးသွင်းခံယူထားရှိကြပြီးလည်းဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် နိုင်ငံအနှံ့အပြားပြည်သူများ၏ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေး၊ ရထားလမ်းအခြေခံအဆောက်အဦများ ပိုမိုကောင်းမွန်လာစေရေးတို့အတွက် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း မသမာသူအကြမ်းဖက်သောင်းကျန်းသူများက နိုင်ငံတော်ပိုင် ရထားစက်ခေါင်းနှင့်တွဲများ၊ ခရီးသွားပြည်သူများနှင့်ကုန်စည်များထိခိုက်ပျက်စီးစေရေး ပြည်သူအများရထားဖြင့် ခရီးသွားလာမှုမပြုရဲအောင်ခြိမ်းခြောက်ခြင်း၊ ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်းများ အချိန်ပိုမိုကြန့်ကြာစေရန်ရည်ရွယ်၍ အဖျက်အမှောင့်လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှစ၍ ယနေ့အချိန်ထိ မြန်မာ့မီးရထား၏ ရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရခြင်း ၈၁ ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရခြင်း ၁၇၅ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခံရခြင်း ၁၆ ကြိမ်ဖြစ်ပေါ်ခဲ့ရာ ရထားလမ်း/




တံတားများထိခိုက်ပျက်စီးခြင်း၊ ရထားစက်ခေါင်းနှင့်တွဲများလမ်းချော်တိမ်းမှောက်မှုများကြုံတွေ့ခဲ့ရခြင်း၊ ရထားလမ်းပိုင်းပိတ်ဆို့မှုများကြောင့် ခရီးသွားပြည်သူများ၏လူမှုစီးပွားဘဝ ထိခိုက်နစ်နာမှုကြုံတွေ့ခဲ့ကြရသည်။ ယင်းကဲ့သို့ ထိခိုက်ပျက်စီးခဲ့မှုများဖြစ်ပေါ်လာသည့်အခါတိုင်းတွင်လည်း မြန်မာ့မီးရထားမှ အရာထမ်း၊ အမှုထမ်းများက ဘေးအန္တရာယ်အခက်အခဲများကြားက ရထားလမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး နေ့နေ့ညညတာဝန်ကျေပွန်စွာပြုပြင်မွမ်းမံခြင်းဆောင်ရွက်ပေးနိုင်ခဲ့ကြသည်ကိုလည်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

သယ်ယူပို့ဆောင်ရေးကဏ္ဍသည် ပြည်သူတစ်ဦးချင်း၏ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတို့နှင့်ဆက်စပ်နေသလို နိုင်ငံအတွင်းရှိ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းသာယာဝပြောမှုများအပါအဝင် ကဏ္ဍအသီးသီးနှင့်ဆက်စပ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအားနည်းလျှင် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအပါအဝင် ကျန်ကဏ္ဍအားလုံးထိခိုက်စေနိုင်ပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အဘက်ဘက်က အားနည်းသွားစေနိုင်သည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ရေဘေး၊ မြေငလျင်ဘေးစသည့် သဘာဝဘေးများဖြစ်ပေါ်မှုကြောင့် ရထားပြေးဆွဲရေးလုပ်ငန်းများအပေါ် ကြီးမားသည့်ထိခိုက်မှုများကြုံတွေ့ခဲ့ကြရသော်လည်း မြန်မာ့မီးရထားမှဝန်ထမ်းများ၏ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ရထားများ အမြန်ဆုံးပြန်လည်ပြေးဆွဲနိုင်ခဲ့မှုများကိုလည်း အသိအမှတ်ပြုတင်ပြလိုသည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၉ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း "ရာဂိ"၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ စမုံ-သပြေတောင်း ဘူတာအကြား မြေသားတာပေါင်/ တံတားများ ကြီးမားစွာပျက်စီးခဲ့ရသည်။ အစုန်လမ်း၊ တံတားပျက်စီးခဲ့မှုကြောင့် ဒွေးလမ်းစနစ်မှ ဧကလမ်းစနစ်သို့ပြောင်းလဲပြီး လမ်းပိုင်းအား ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၃ ရက်တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်ကိုတွေ့ရသည်။ ထို့ပြင် မြစ်သား-မင်းစုဘူတာအကြား အစုန်/အဆန်ရထားလမ်း ထိခိုက်ပျက်စီးသွားခဲ့ခြင်းကိုလည်း လူအင်အား၊ ပစ္စည်းအင်အား၊ ထိရောက်သောထောက်ပံ့ပို့ဆောင်ရေးအစီအစဉ်တို့ဖြင့် စနစ်တကျစီမံကြီးကြပ်ဆောင်ရွက်ခဲ့မှုများကြောင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၁ ရက်မှစ၍ လူစီးအမြန်ရထားအား စတင်ပြေးဆွဲပေးနိုင်ခဲ့ကြောင်း တွေ့ရသည်။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၉ ရက်တွင် အဆိုပါလုပ်ငန်းခွင်များအထိ လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များလမ်းညွှန်မှာကြားခြင်း၊ ပံ့ပိုးဖြည့်ဆည်းပေးခြင်းများ ပြုလုပ်ခဲ့သည်။ မြန်မာ့မီးရထားဝန်ထမ်းများ၏ စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းပြုပြင်ဆောင်ရွက်ခဲ့မှုများကြောင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂ ရက်တွင် သဲတော-သပြေတောင်းအကြား အဆန်လမ်းအား ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ရန်ကုန်-မန္တလေးလမ်းပိုင်း ရထားခရီးစဉ်များကို ၂၀၂၄ ခုနှစ်အောက်တိုဘာလ ၃ ရက်မှစတင်၍ ပုံမှန်အတိုင်းပြန်လည်ပြေးဆွဲပေးနိုင်ခဲ့သည်ကိုတွေ့ရှိရသည်။

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း တစ်လျှောက်နှင့် အခြားလမ်းပိုင်းအချို့ရှိ စုစုပေါင်း ဘူတာ ၅၆ လုံးနှင့် ရထားသွားလာရေးလုပ်ငန်းဆောင်ရွက်သည့် ဆက်စပ်အဆောက်အအုံခြောက်လုံးပြိုကျပျက်စီးခြင်း၊ ရထားလမ်းမြေသားတာပေါင်ကွဲအက်မှုများဖြစ်ပေါ်ခြင်း၊ သံလမ်းများတွန့်လိမ်ပျက်စီးမှု ၉၄ နေရာ၌ ဖြစ်ပေါ်ခြင်းနှင့် အဓိကရေးပေါင်းတံတားကြီးဖြစ်သည့် စစ်ကိုင်းတံတားကြီးအပါအဝင် ရထားတံတား ၁၁ စင်းတို့ ထိခိုက်ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ရသည်။ မြေငလျင်ဒဏ်ကြောင့် ဝန်ထမ်းနေအိမ်အချို့ ပြိုကျပျက်စီးပြီး ဝန်ထမ်းနှင့်မိသားစုဝင်အချို့ သေဆုံး/ထိခိုက်ဒဏ်ရာရမှုများဖြစ်ပေါ်ခဲ့ရသည့်ကြားကပင် မြန်မာ့မီးရထားမှ ဝန်ထမ်းများသည် ဤမျှကြီးမားစွာထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ရသည့် ရထားလမ်းနှင့် တံတားများကို ယင်းတို့၏ လူအင်အား၊ စက်ယန္တရားအင်အား၊ ထိရောက်သော ထောက်ပံ့ပို့ဆောင်မှုများအသုံးပြု၍ အမြန်ဆုံးပြုပြင်ဆောင်ရွက်နိုင်ခဲ့ကြသည်ကိုလည်းတွေ့ရှိရသည်။ ရက်သတ္တပတ်အတွင်း ရထားလမ်းပိုင်းများကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဧပြီလ ၅ ရက်မှစတင်ကာ ရန်ကုန်-မန္တလေး လူစီးရထားခရီးစဉ်များကို ပုံမှန်ပြန်လည်ပြေးဆွဲပေးနိုင်ခဲ့ခြင်းများအပေါ် မှတ်တမ်းတင်ဂုဏ်ပြုလိုက်ရပါသည်။

နိုင်ငံတော်အနေဖြင့်လည်း ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများကို စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်နှင့် ချီးမြှင့်ငွေများပေးအပ်လျက်ရှိရာတွင် မြန်မာ့မီးရထားမှဝန်ထမ်းများအနေဖြင့် ၁၉၈၉ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ စက်မှုစီးပွားထူးချွန်တံဆိပ် ပထမအဆင့်တစ်ဦး၊ ဒုတိယအဆင့်ကိုးဦး၊ တတိယအဆင့် ၂၈ ဦး၊ စီမံထူးချွန်တံဆိပ် ပထမအဆင့် ၁၁ ဦး၊ ဒုတိယအဆင့် သုံးဦး၊ တတိယအဆင့်ခုနစ်ဦး၊ လူမှုထူးချွန်တံဆိပ် ပထမအဆင့် ၁၂ ဦး၊ ဒုတိယအဆင့် ၂၃ ဦး၊ တတိယအဆင့် ၇၅ ဦး၊ ရဲဗလတံဆိပ်ရှစ်ဦးနှင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ချီးမြှင့်ခံရသူ အရာထမ်း/အမှုထမ်းစုစုပေါင်း ၄၇၅၉ ဦး ရှိခဲ့ကြောင်း မှတ်တမ်းများအရ ဂုဏ်ယူဖွယ်တွေ့ရှိရသည်။

အချုပ်အားဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံတစ်ဝန်းလုံး၏ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် မရှိမဖြစ်လိုအပ်သည်ဖြစ်ရာ မြန်မာ့မီးရထားမှဝန်ထမ်းများအနေဖြင့် ရထားပြေးဆွဲမှုလုပ်ငန်းတွင် အဓိကကျသည့် လုံခြုံစိတ်ချရမှု၊ အချိန်မှန်ကန်မှု၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာခရီးသွားလာနိုင်မှုစသည့်အချက်များကို အထူးအလေးထားပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆတက်ထမ်းပိုးကြိုးပမ်းစွမ်းဆောင်သွားကြစေလိုကြောင်းနှင့် ခေတ်စနစ်နှင့်အညီခေတ်မီတိုးတက်ပြောင်းလဲလာသည့် ရထားလုပ်ငန်းများကိုလည်း မျက်ခြည်မပြတ်လေ့လာ၍ ရထားပို့ဆောင်ရေးလုပ်ငန်းဖြင့် မိဘပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ကြိုးပမ်းထမ်းဆောင်လျက် မြန်မာ့မီးရထားဂုဏ်၊ နိုင်ငံ့ဂုဏ်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်ကြပါစေကြောင်းဆန္ဒပြုရင်း **၂၀၂၅ ခုနှစ် မေလ ၁ ရက်တွင်ကျရောက်ခဲ့သော မြန်မာ့မီးရထား၏ (၁၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့အားဂုဏ်ပြုအပ်ပါသည်။** ။

# နိုင်ငံ့ဝန်ထမ်းများအတွက် နိုင်ငံတော်ကလိုအပ်သည့်ထောက်ပံ့မှုများ ဆောင်ရွက်ပေးနေမှုအခြေအနေများ အားပေးပြောကြား



နေပြည်တော်  မေ ၂

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝန်ထမ်းအဆောင်များအနက် အပြာရောင်အဆင့်သတ်မှတ်ထားသည့် အပျိုဆောင်များ၌ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ ပြန်လည်နေထိုင်လျက်ရှိသည့်အခြေအနေကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများကို တွေ့ဆုံအားပေးစကားပြောကြားသည်။

ဦးစွာ ငလျင်ဒဏ်ခံရသော်လည်း ထိခိုက်ပျက်စီးမှုနည်းပါးပြီး ပြန်လည်နေထိုင်နိုင်သည့်အတွက် အပြာရောင်အဆင့်သတ်မှတ်ထားသော ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်အတွင်းရှိ သဇင်(၇)နှင့်သဇင်(၁) အပျိုဆောင်တို့၌ ပြန်လည်နေထိုင်လျက်ရှိသည့် ဝန်ထမ်းများအားတွေ့ဆုံ၍ ငလျင်ဒဏ်ကြောင့် အဆောက်အအုံများထိခိုက်ခဲ့မှု၊ ဝန်ထမ်းများပြန်လည်နေထိုင်လျက်ရှိမှုနှင့် နေထိုင်စားသောက်မှု၊ လျှပ်စစ်မီးနှင့် ရေပြန်လည်ရရှိမှုအခြေအနေများကို မေးမြန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ငလျင်ဒဏ်သင့်ဒေသများရှိ အပျက်အစီးများကို နိုင်ငံတော်ကဖယ်ရှားရှင်းလင်းပေးနေမှု၊ နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ပြီး လက်ရှိအချိန်တွင်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေမှု၊ နိုင်ငံ့ဝန်ထမ်းများအတွက်လည်း နိုင်ငံတော်ကလိုအပ်သည့်ထောက်ပံ့မှုများဆောင်ရွက်ပေးနေမှု၊ မိမိတို့၏လုပ်ငန်းတာဝန်များကိုလည်း တာဝန်သိစိတ်၊ တာဝန်ယူစိတ်ဖြင့် ကြိုးပမ်းထမ်းဆောင်ကြစေလိုမှုအခြေအနေများကို အားပေးတိုက်တွန်းပြောကြားကာ ဝန်ထမ်းများ၏တင်ပြချက်များအပေါ်လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မြဝတီ

# ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများနေထိုင်ရန်အတွက် ဘာရှာများတည်ဆောက်လျက်ရှိ



နေပြည်တော်  မေ ၂

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအဆင်ပြေချောမွေ့စွာနေထိုင်နိုင်ရန်အတွက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း မိန်းဂိတ်ဝဘယ်/ ညာရှိအဆောင်(၁၊ ၂၊ ၃နှင့် ၄) တို့တွင် နှစ်ခန်းတွဲဘာရှာများဖွဲ့စည်းတည်ဆောက်နေမှု အခြေအနေများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့်ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အရည်အသွေးကောင်းမွန်စေရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ပေါင်းစပ်ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် မှာကြားသည်။

ထို့နောက် နေပြည်တော်ရုံးအမှတ်(၃၁) ရှိ Call Room ၌ ဂျူဒိုနှင့်ဂျူဂျစ်ဆုအားကစားနည်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဂျူဒိုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများကို လက်ခံတွေ့ဆုံပြီး လာမည့်(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအပြင် အနာဂတ်တွင် ဂျူဂျစ်ဆုအားကစားနည်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ညှိနှိုင်းပေါင်းစပ်ပြီးအားထည့်၍ ကြိုးပမ်းဆောင်ရွက်ပေးသွားရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဂျူဒိုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက ဂျူဒိုအားကစားအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်နှင့်အောင်မြင်မှုဆုတံဆိပ်များရရှိစေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီးဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ရန်ကုန်၊ မန္တလေး၊ မကွေး၊ ပဲခူးနှင့်နေပြည်တော်ကောင်စီနယ်မြေတို့မှ အလုပ်အကိုင် ၁၁ မျိုးအတွက် အမျိုးသားအဆင့်အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များပေးအပ်

ရန်ကုန်  မေ ၂

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု"စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ၏ အမျိုးသားအဆင့်အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း(ရန်ကင်း)၌ ကျင်းပသည်။

ဦးစွာ ဒုတိယဝန်ကြီးက NSSA အနေဖြင့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့်အသိအမှတ်ပြုရေးလုပ်ငန်းစဉ်ကို ၂၀၁၄ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဧပြီလကုန်ထိ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန ၃၁၄ ခု၊ စစ်ဆေးအကဲဖြတ်သူ ၁၀၈၆ ဦး၊ စစ်ဆေးရေးမှူး ၁၃၈ ဦးဖြင့် လည်ပတ်ခဲ့ပြီး အလုပ်အကိုင် ၅၂ မျိုးတွင် ဖြေဆိုသူ ၃၂၀၃၃ ဦး အနက် ၂၉၅၅၀ ကို ကျွမ်းကျင်လုပ်သားများအဖြစ် အသိအမှတ်ပြုခဲ့ကြောင်း။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်နေပြည်တော် ကောင်စီနယ်မြေတို့မှ အလုပ်အကိုင် ၁၁ မျိုးအတွက် ကျွမ်းကျင်လုပ်သား ၂၉၉ ဦးနှင့် အလုပ်အကိုင်နှစ်မျိုးအတွက် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနနှစ်ခုတို့ကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ UMFCCI အထွေထွေအတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်နှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များက အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာဌာနများမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့်အသိအမှတ်ပြုရေးကော်မတီ (ACC) နှင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု လေ့ကျင့်ရေးကော်မတီဝင်များ၊ UMFCCI မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ NSSA ၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ရယူမည့် ကျွမ်းကျင်လုပ်သားများ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန တာဝန်ခံများ၊ စစ်ဆေးရေးမှူးများနှင့် စစ်ဆေးအကဲဖြတ်သူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဘဝမြင့်ရပ်ကွက် ရတနာလမ်း၊ မလိခအိမ်ရာရှိ MEGA ACE HOSPITALITY ACADEMY သင်တန်းကျောင်းသို့သွားရောက်၍ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) သင်တန်းများ ဇွန်လဆန်းတွင် ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိ

နေပြည်တော်  မေ ၂

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်သည် ဥက္ကဋ္ဌရုံးညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေတို့နှင့်အတူ ယနေ့တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တက္ကသိုလ်အစည်းအဝေးခန်းမ၌ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ တက္ကသိုလ်ပညာရပ်အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ၂၀၂၅-၂၀၂၆ လေ့ကျင့်ရေးနှစ် သင်တန်းလျာထားချက်နှင့်အညီ ဇွန်လဆန်းတွင် သင်တန်းများစတင်ဖွင့်လှစ်နိုင်ရေး သင်တန်းအင်အားအလိုက် သင်တန်းအိပ်ဆောင်၊ စာသင်ဆောင်များတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ လေ့ကျင့်သင်ကြားနိုင်ရေးနှင့်စားသောက်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရမည့်ကိစ္စရပ်များ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသော သင်တန်းအိပ်ဆောင်များ၊ စာသင်ဆောင်များ ပြင်ဆင်နေမှုအခြေအနေ၊ ပြင်ဆင်ရာတွင် ကျွမ်းကျင်သူများ၏အကြံပြုချက်အတိုင်း အလေးထားဆောင်ရွက်ရေး၊ ပညာဌာနအလိုက် သင်ရိုးညွှန်းတမ်း၊ ပို့ချဘာသာရပ်များ စနစ်တကျပြင်ဆင်ထားရေး မှာကြားသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ လေ့ကျင့်ရေးနှစ်သင်တန်းလျာထားချက်နှင့်အညီ ဇွန်လဆန်းတွင် သင်တန်းများထားရှိမည့် သင်တန်းအိပ်ဆောင်၊ စားရိပ်သာများ၊ သင်တန်းခန်းမများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

နေပြည်တော် မေ ၂

၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ငူလေတပ်စခန်းဌာနချုပ်ရှိ စက်ပစ်ကွင်း၌ ပြုလုပ်ရာ တောင်ငူလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်စွမ်းလှိုင်မင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းသေနတ်ပစ်ပြိုင်ပွဲတွင် တစ်ဦးချင်းဆုရရှိသူများနှင့် အသင်းလိုက်ဆုရရှိသူများကို တာဝန်ရှိသူများကလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း ရရှိသော တောင်ငူလေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား တောင်ငူလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးကလည်းကောင်း တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါသေနတ်ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်(လေ) ကွပ်ကဲမှုအောက်ရှိ လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ပစ္စတိုပစ်ခတ်စဉ် (အမျိုးသား/အမျိုးသမီး)၊ ကာဘိုင်ပစ်ခတ်စဉ်(အမျိုးသား/အမျိုးသမီး)၊ ရိုင်ဖယ်ပစ်ခတ်စဉ် (အမျိုးသား)နှင့် စက်သေနတ်ပစ်ခတ်စဉ်(အမျိုးသား)စသည့် ပစ်ခတ်စဉ်များကို ဧပြီလ ၂၈ ရက်မှ ယနေ့အထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တောင်ငူလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်စွမ်းလှိုင်မင်းက တံခွန်စိုက်ဒိုင်းရရှိသော တောင်ငူလေတပ်စခန်းဌာနချုပ်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။





၂၀၂၅ ခုနှစ်၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများ လေ့ကျင့်သင်ကြားပေးစဉ်။

● ကျောဖုံးမှအဆက်

သင်တန်းစခန်းများ၌ တစ်ပြိုင်တည်းစတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် ရေတပ်သားဘာသာရပ်၊ လှေလှော်ရွက်တိုက်ဘာသာရပ်နှင့် ရေကူးဘာသာရပ်တို့တွင် ပါဝင်သည့်သင်ခန်းစာများကို နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်စခန်းတန်းခွဲ(၂)မှ သင်တန်းသား၊ သင်တန်းသူ ၁၀၀ ဦး၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၆၅ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဟိန်းဇဲဒေသရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၄၀ ဦး၊ မြိတ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၅၀ ဦးတို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး တပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း(၁၁)ခု၌ သင်တန်းသား၊ သင်တန်းသူစုစုပေါင်း(၈၀၀)ဦးတို့ကိုလေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၅ ခုတွင် စုစုပေါင်းသင်တန်းသား ၈၀၄ ဦးဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိရာ မိတ္ထီလာမြို့ရှိ မြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်းမှ သင်တန်းသား ၅၀ ဦးအား လည်းကောင်း၊ တောင်ကြီးမြို့ရှိ တောင်ကြီးသင်တန်းစခန်းမှ သင်တန်းသား ၅၇ ဦးအားလည်းကောင်း၊ ပြည်မြို့ရှိ ပြည်သင်တန်းစခန်းမှ သင်တန်းသား ၅၃ ဦးအားလည်းကောင်း၊ မြိတ်မြို့ရှိ မြိတ်သင်တန်းစခန်းမှ သင်တန်းသား ၅၂ ဦးအားလည်းကောင်း၊ မှော်ဘီမြို့ရှိ မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်းမှ သင်တန်းသား ၆၁ ဦးအားလည်းကောင်း အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာအခြေခံဗဟုသုတများဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေးဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်းဘာသာရပ်၊ RC Simulator နှင့် Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များကို တာဝန်ရှိသူနည်းပြများမှ လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ကျန်သင်တန်းစခန်းအသီးသီးတွင်လည်း ဆက်လက်လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



၂၀၂၅ ခုနှစ်၊ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများလေ့ကျင့်သင်ကြားပေးစဉ်။

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော်　မေ ၂

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ ရွာထောင်ရပ်ကွက်ရှိ မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ၎င်းစက်ရုံရှိ ယာယီရှင်းလင်းဆောင်၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော စက်ရုံအလုပ်ရုံနှင့် မီးရထားဝန်ထမ်းအိမ်ရာအဆောက်အအုံများ ပျက်စီးမှုအခြေအနေများအား တာဝန်ရှိသူတစ်ဦးက Power Point ဖြင့် ရှင်းလင်းတင်ပြသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ရှိ မြန်မာ့မီးရထားဒီဇယ်စက်ခေါင်းစက်ရုံအတွင်း မီးရထားဝန်ထမ်းများအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားစဉ်။

ထို့နောက် စက်ရုံဝင်းအတွင်း ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးနေသော စက်ရုံအလုပ်ရုံနှင့် မီးရထားဝန်ထမ်းအိမ်ရာအဆောက်အအုံများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး မီးရထားစက်ရုံဝင်းအတွင်း၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့မှ ကလေးငယ်များ ငလျင်ဒဏ်ကြောင့် စိတ်ဒဏ်ရာများပြေပျောက်စေရေးအတွက် ကလေးပျော်နေရာများစီစဉ်ထားရှိမှုနှင့် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ရွာထောင်ဘူတာတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်ရှိ စကုမော်ငလျင်ဒဏ်သင့်ပြည်သူများစောင့်ရှောက်ရေးစခန်း၊ ပါရမီရပ်ကွက်ရှိ ငလျင်ဒဏ်သင့်ပြည်သူများစောင့်ရှောက်ရေးစခန်းနှင့် နန်းဦးမြို့သစ်ရှိ ငလျင်ဒဏ်သင့်ပြည်သူများစောင့်ရှောက်ရေးစခန်းများသို့ သွားရောက်၍ စခန်းအတွင်း အပြင်းအထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေးတိုက်ကျွေးနေမှု၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေး စခန်းတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ သောတပန်ရပ်ကွက်ရှိ နှစ်ပေါင်း(၃၀၀)ခန့်ရှိ သမိုင်းဝင်စေတီတော်ကြီးတစ်ဆူဖြစ်သော လေးကျွန်းမာရ်အောင်မြတ်စွာဘုရားကြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ထီးတော်အား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ရန်အတွက် စေတီတော်ကြီး၏အပေါ်မှ မြေသို့ပြန်လည်ပင့်ဆောင်နေမှုတို့ကို သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

၎င်းနောက် သံပုဏ္ဏာရာမကျောင်းတိုက်ကျောင်းပရိဝုဏ်အတွင်း ငလျင်ဘေးသင့် သံဃာတော်များ၊ သီလရှင်များနှင့် ပြည်သူများအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် ပဲကတိုးရပ်ကွက်ရှိစစ်ကိုင်းတက္ကသိုလ်၊ ပတ္တမြားရပ်ကွက်ရှိ စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ပါမောက္ခများမှ Grade-12 ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူ ၁၀၈၀ ဦးတို့အား အနီးကပ်စခန်းသွင်းလေ့ကျင့်သင်ကြားနေမှုများနှင့် ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သော အဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှုများကိုကြည့်ရှုအားပေးသည်။ ထို့နောက် စစ်ကိုင်းမြို့၊ စီတီးရပ်ကွက်ရှိ ရာဇမဏိစူဋာကောင်းမှုတော်စေတီနှင့် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီများ၊ သောတပန်ရပ်ကွက်ရှိသီရိရတနာသီလရှင်ကျောင်းတိုက်နှင့် လူနေအဆောက်အအုံများတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံ၊ အရံစေတီများနှင့် ကျောင်းဆောင်အဆောက်အအုံတို့အား ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုအားပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့်တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ(PE) အဖွဲ့များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများလိုက်ပါလျက် ချမ်းအေးသာစံမြို့နယ်ရှိ ငလျင်ဒဏ်ထိခိုက်ခဲ့သော အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး အသိအမှတ်ပြုလက်မှတ်ရအင်ဂျင်နီယာ(PE) အဖွဲ့များက (SOP) အတိုင်း လိုက်လံစစ်ဆေးနေမှုများအား သွားရောက်ကြည့်ရှု၍ သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် အဆောက်အအုံပျက်စီးမှုအမြန်အကဲဖြတ်ခြင်း အစီအစဉ်များအတိုင်း မြေပြင်တွင်လိုက်လံစစ်ဆေးခြင်း ရှိ/မရှိ အခြေအနေများအားလည်းကောင်း၊ အဆောက်အအုံအပျက်အစီးများအား စနစ်တကျကြည့်ရှု၍ ခန့်မှန်းတွက်ချက်ခြင်း၊ Level-1 အဆင့် စစ်ဆေးပြီး အဆောက်အအုံများအား သတ်မှတ်ခွဲခြားထားသည့် အရောင်များအတိုင်း အဆင့်သတ်မှတ်မှုအခြေအနေများအားလည်းကောင်း၊ စစ်ဆေးမှုလုပ်ငန်းစဉ်နှင့် အဆောက်အအုံအခြေအနေများအား သက်ဆိုင်ရာ အိမ်ပိုင်ရှင်များအားသိရှိနားလည်စေရန် တာဝန်ရှိသူများက ရှင်းလင်းပြောဆိုမှုအခြေအနေများအားလည်းကောင်း ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မဟာအောင်မြေမြို့နယ်ရှိ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းတိုက်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများနှင့် မန္တလေးမြို့၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ငလျင်ဒဏ်ထိခိုက်ခဲ့သည့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများအား အသိအမှတ်ပြုလက်မှတ်ရအင်ဂျင်နီယာ(PE) အဖွဲ့များက (SOP)အတိုင်း လိုက်လံစစ်ဆေးနေမှု၊ ပျက်စီးမှုအဆင့်အတန်းအလိုက် POST EARTHQUAKE ASSESSMENT သတ်မှတ်၍ ခွဲခြားထားသည့်အရောင်များအတိုင်း အဆင့်သတ်မှတ်မှု အခြေအနေများအားလည်းကောင်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား အဆောက်အအုံပျက်စီးမှုများကို အကဲဖြတ်ခြင်းဆောင်ရွက်ရာတွင် စနစ်တကျရှိစေရေး ရပ်ကွက်/မြို့နယ်အလိုက် လုပ်ငန်းတာဝန်များခွဲခြားပြီး အကဲဖြတ်ခြင်းဆောင်ရွက်မှုလုပ်ငန်းများအား ပိုမိုမြန်ဆန်စွာပြီးမြောက်စေရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ နန်းမြို့ရိုးပတ်လည်တွင် အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှု အခြေအနေများအားလည်းကောင်း၊ မြို့ရိုးပတ်လည်ရှိ ပြကလေးပြာသာဒ်များတွင် မှန်ကင်းတိုင်များတည့်မတ်ခြင်း၊ ထီးတော်တည့်မတ်ခြင်း လုပ်ငန်းများအားရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်ပူးပေါင်း၍

## မန္တလေးငလျင်ကြီးကြောင့် စစ်ကိုင်းတိုင်းဒေသကြီးမှ တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြန်လည်ဖြေဆိုရမည့်စစ်သည်များနှင့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြား



နေပြည်တော်　မေ ၂

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခဲ့သော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အချို့ဒေသများတွင် တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြန်လည်ဖြေဆိုရမည့် စစ်သည်များနှင့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြားခြင်းကို ယနေ့နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး

အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုရမည့် စစ်သည်များနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ပြန်လည်ဖြေဆိုရမည့် စစ်သည်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုရမည့် စစ်သည်များနှင့် ကျောင်းသား၊ ကျောင်းသူများအား တစ်ဦးချင်းလိုအပ်သည်များကို မေးမြန်း၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ရေးမှုမပျက် ပြန်လည်ထိန်းသိမ်းပြုပြင်နေမှုများအားလည်းကောင်း၊ အောင်မြေသာစံမြို့နယ်ရှိ ရတနာဂီရိဂူကြီးတိုက်၊ အမရပူရမြို့နယ်ရှိပုံ့ပါမင်းကျောင်းတိုက်၊မဟာဝိဇယရံသီ ပုထိုးတော်ကြီး မြတ်စွာဘုရားနေရာများသို့ သွားရောက်၍ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် ကျောက်ဆည်မြို့၊ နန်းဦးဘုရား၌ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များစုပေါင်း၍ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော နန်းဦးဘုရားစေတီတော်အား ထပ်မံပြိုပျက်မှုမဖြစ်စေရေးအတွက် စတီးသံပတ်ကြိုးပတ်ခြင်း၊ အက်ကွဲသွားသော နေရာများမှ မိုးရေဝင်ရောက်၍ ပျက်စီးမှုများထပ်မံမဖြစ်ပေါ်စေရေးအတွက် ပလတ်စတစ်စများဖြင့် ပတ်၍ မိုးရေလုံအောင်ပြုလုပ်ခြင်း စသည့် စေတီတော်ကြွခိုင်မှုထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့၊ မြင်းစိုင်းရပ်ကွက်ရှိ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ယာယီရုံးပြောင်းရွှေ့ဖွင့်လှစ်နိုင်မည့်နေရာနှင့် ဝန်ထမ်းလိုင်းခန်းပြောင်းရွှေ့မည့် နေရာများစီစဉ်ပေးခဲ့ပြီး အဆောက်အအုံပျက်စီးဆုံးရှုံးမှုများအား သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြသွားရန်၊ ယာယီရုံးဖွင့်လှစ်မည့်နေရာသို့ ဌာနပိုင်ပစ္စည်းများ အမြန်ရွှေ့ပြောင်းနိုင်ရေး ဆောင်ရွက်သွားရန်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ကျောက်ဆည်မြို့၊ ဈေးတန်းရပ်ကွက်ရှိနေထိုင်ရန်မသင့်သော အန္တရာယ်ရှိ အဆောက်အအုံ ၃ လုံးအား စက်ယန္တရားဖြင့် ရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများအားသွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေးမြို့ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်၌ အသိအမှတ်ပြုလက်မှတ်ရအင်ဂျင်နီယာ(PE)အဖွဲ့များက လိုက်လံစစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ပုံ့ပါမင်းကျောင်းတိုက်၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်မြို့ ဈေးတန်းရပ်ကွက်ရှိ နေထိုင်ရန်မသင့်သော အန္တရာယ်ရှိ အဆောက်အအုံ ၃ လုံးအား စက်ယန္တရားဖြင့် ရှင်းလင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့်အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၅၃၃၅ လုံးအား စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နေထိုင်နိုင်မည့်အဆောက်အအုံ ၅၀၅၆ လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံ ၂၇၉ လုံးမှ အဆောက်အအုံ ၂၁၂ လုံးအား ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၆၇ လုံးရှိကြောင်း သိရှိရသည်။

ဆက်လက်၍ ကျောက်ဆည်မြို့၊ အေးမြကြည်လင်ရပ်ကွက်ရှိအမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက် ကျောင်းသား၊ ကျောင်းသူများအား တက္ကသိုလ်အသီးသီးမှ ဆရာ၊ ဆရာမများက သင်ခန်းစာများ ပြန်လည်သင်ကြားလေ့ကျင့်ပေးနေမှုအခြေအနေများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ စားသောက်ရေးအဆင်ပြေစေရေးအတွက် နိုင်ငံတော်မှ စီစဉ်ထောက်ပံ့ပေးနေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆရာ၊ ဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ရွှေပေါက်ပင်ဘုန်းတော်ကြီးကျောင်း၌ အန္တရာယ်ရှိအဆောက်အအုံအား ဌာနဆိုင်ရာတာဝန်ခံများ၊ SOP ဘုတ်အဖွဲ့များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလှူဒါန်းသော ဒီဇယ်မက်ထရစ်တန် ၁၈၀၀၀ အား လွှဲပြောင်းလက်ခံ

ရန်ကုန် မေ ၂

မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် မန္တလေး




မြေငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးကိစ္စများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလှူဒါန်းသော ဒီဇယ်မက်ထရစ်တန် ၁၈၀၀၀ အား လွှဲပြောင်းလက်ခံခြင်းကို ယနေ့နံနက်ပိုင်းတွင် သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် Brighter Energy ဆိပ်ကမ်း၌ ပြုလုပ်သည်။

ထိုသို့လွှဲပြောင်းလက်ခံရာတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Counsellor ဖြစ်သူ Mr. Ouyang Daobing၊ သန်လျင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောက်တန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လွှဲပြောင်းလက်ခံကြသည်။

အဆိုပါရောက်ရှိလာသည့် ဒီဇယ်များကို ငလျင်ဘေးသင့်ဒေသများသို့ ပြန်လည်ထူထောင်ရေးကိစ္စများတွင်အသုံးပြုရန်အတွက် စွမ်းအင်ဝန်ကြီးဌာနမှ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝန်းရုံခ**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Merchants send 74,000 bags of Manawthukha rice to Yangon market

KYAIKLAT May 2

Daw Ei Ei Moe, a rice and paddy trading business owner in Kyaiklat Township of Ayeyawady Region, said that up to 74,000 sacks of 24-basket Manawthukha rice were sent to the Yangon market from Kyaiklat Township.

"Over the past month, we have sold a significant amount of Manawthukha rice to the Yangon market. Kyaiklat Township is one of the largest suppliers of agricultural products from Ayeyawady Region to Yangon. There is still strong demand for Manawthukha rice in the Yangon market this month, with ongoing purchase arrangements. Compared to other rice varieties, the trade volume of this type has increased over the past month. We mainly transport and sell the rice via land routes," said Daw Ei Ei Moe.

During the past month, the price of a 24-basket sack of Manawthukha rice transported from Kyaiklat to Yangon fetched Ks-92,500 per bag. Due to the strong trade activity, farmers, traders, transport workers, and truck rental businesses have benefited from increased job opportunities. SMK



# Pyapon Township sells 77,000 viss of Platu fish to Yangon market



PYAPON May 2

Daw Moe Myint, a seafood trading business owner in Pyapon Township, Ayeyawady Region, stated that up to 77,000 viss of Platu fish were sold to the Yangon market.

Platu fish, naturally caught in Pyapon Township, continue to be supplied to the Yangon market.

"In the past month alone, there has been significant demand for Platu fish in the domestic market. Compared to previous months, we have been able to export and sell larger quantities. In addition to prawns and crabs, Platu fish are being transported and sold. Pyapon Township primarily exports Platu fish to the Yangon market. With increased trade activity, fishermen and traders are experiencing better job opportunities," said Daw Moe Myint.

Platu fish sold from Pyapon Township to the Yangon market fetched Ks-17,500 per viss. Seafood traders not only deal in Platu fish but also purchase various types of fish, prawns, and crabs, which are properly processed, processed, and packaged before being exported and sold in Yangon. SK

# More than 16,000 acres of chickpea harvested in Monywa Township

MONYWA May 2

Local farmers have harvested 16,502 acres of chickpea planted in cold season in Monywa Township of Sagaing Region, according to the statistics of Monywa Township Agriculture Department.

During the winter crop cultivation season in Monywa Township, chickpeas were cultivated on up to 16,502 acres of croplands. The plantations have now been completely harvested, with an average yield of 16.63 baskets per acre.

U Soe Thet Aung, head of Monywa Township Agriculture Department stated, "Chickpea cultivation has been increasing year by year. To improve yield and quality, we have collaborated with farmers to provide high-quality seeds, fertilizers, and post-harvest technology."

Farmers in Monywa Township have chosen to cultivate Yezin-8 and Yezin-11 chickpea varieties, which are well-suited to the region and offer high yields. The cost of cultivating chickpeas per acre is estimated to be over Ks-300,000.

During the winter crop season, efforts are being made to enhance yield and quality by supplying quality seeds, necessary inputs, and post-harvest techniques in collaboration with farmers. Additionally, awareness campaigns are being conducted to promote the use of beneficial Trichoderma fungi in legume cultivation.

Sagaing Region has the largest cultivation area for legumes in Myanmar, making it the top-producing region in the country. Farmers grow legumes as a primary crop as well as an additional intercropping option, ensuring a stable source of income. SMK

# Monywa District plants over 2,100 acres of summer sesame

MONYWA May 2

A total of 2,107 acres of sesame have been planted in Monywa District, Sagaing Region during the summer crops planting season, according to the Department of Agriculture for Monywa District.

Monywa District has planned to plant 6,427 acres of summer sesame this year, and planting has begun since February this year. To date, 2,107 acres have been planted, 160 acres in Monywa Township and 1,947 acres in ChaungU Township.

"We are working to achieve the target. We are also working to expand the sesame planting area, to improve yields, and to grow with GAP techniques," said Daw San San Myint, head of the Department of Agriculture for Monywa District.

In the 2024-2025 summer crops planting season, the allocation of the cultivation of sesame in Monywa District is as per following: 480 acres in Monywa Township, 2,739 acres in Budalin Township, 3,200 acres in Ayadaw Township, and 8 acres in ChaungU Township.

This year, the relevant Township Department of Agriculture is educating farmers in Monywa District on how to expand sesame cultivation, to plant using GAP methods, to plant good varieties, and high-yielding varieties. SK

# More than 9,000 acres of sunflower planted in Mingin Township



MINGIN May 2

According to records from the Agriculture Department of Mingin Township of Sagaing Region, a total of 9,349 acres of sunflowers planted during the winter crop season have already been harvested.

In Mingin Township, a total of 16,337 acres of sunflowers were cultivated during the winter crop season. The harvesting of these sunflower fields began in January of this year, and as of today, 9,349 acres have been harvested. The yield per acre is reported to be 30.07 baskets.

"The total area of sunflower cultivation in Mingin Township during the winter crop season reached 16,337 acres. At present, the harvesting process is ongoing, with 9,349 acres already harvested. To reduce reliance on imported palm oil, efforts are being made to expand sunflower cultivation as an alternative oil crop. Sunflowers produce more oil per acre compared to other oilseeds such as peanuts and sesame. That is why sunflower cultivation mainly takes place during the winter season," said Daw Hayman Kyaw Win, the head of the Mingin Township Agriculture Department.

To promote the expansion of sunflower cultivation in Mingin Township, the Agriculture Department has conducted training programmes for farmers. These programmes aim to enhance the skills and capabilities of both agricultural staff and sunflower growers.

Moreover, support measures have been implemented for farmers, including the provision of quality seeds, the sale of fertilizers at affordable prices, and the establishment of a seed exchange system that allows farmers to share and distribute sunflower varieties among themselves. **SK**

# Yangon Region cultivates over 260,000 acres of summer paddy

YANGON May 2

Cultivation of summer paddy covered 267,078 acres in Yangon Region, exceeding the target of 250,896 acres for this season. Summer paddy cultivation outperformed by 16,182 acres against those sowing acres recorded last year.

A total of 267,078 acres of summer paddy were cultivated in Yangon Region, and 113,715 of them have been harvested as of the third week of April, according to the Department of Agriculture in Yangon Region.

The remaining acres of 153,363 are being harvested. The average paddy yield this summer is 93.47 percent per acre.

The department provided 8,000 drum seeders in the respective townships to establish systematic agriculture and promote uniform crop growth. In 2024, 85,726 acres were sown under the seeder system. The effective sowing under the seeder system reached 106,005 acres in 2025.

Although there was light rainfall in certain areas in the region starting from the pre-Thingyan Festival, it did not have an impact on the summer paddy harvest.

Moreover, the department is assisting the farmers in ploughing and cultivating flax plants as green manure to enrich the soil, treat farmland and improve soil health and fertility. The summer paddy fields can be found in eight districts of the region, including Twantay District, with 91,197 acres of summer paddy. **SMK**

# Cultivation of Potato resumes in Naungtaya Township

NAUNGTAYA May 2

In Naungtaya, the harvest of potatoes has now commenced, and the production has been promising, making farmers happy, said an official from the Naungtaya Potato Association.

Potato demand has been normal, and at present, potatoes are already being yielded in Heho, he said.

"The market demand has been normal. It is the nature of the market that the price will fall if the production is in surplus, or the price will rise if the production is low. This year, the production seems promising at the beginning of the harvest time because the weather is not bad," he said.

The potato price climbed up slightly during the Thingyan and post-Thingyan period, however, it has now returned to normal. It is expected that the price will fall a little in May and June when the production is peak and will rise up again in July, August and September when the supply is limited, he added.

In Naungtaya, potatoes are grown in three rounds-first in June, second in August and third in December and January yearly. **SK**

# Indaw Township completes harvest of kidney bean on more than 1,200 acres of croplands

INDAW May 2

According to records from the Indaw Township Agriculture Department in Sagaing Region, the harvest of 1,200 acres of kidney beans planted during the winter crop season has been completed.

In Indaw Township, a total of 3,430 acres of kidney beans were cultivated during the winter planting season. The harvesting process began in January this year, and as of today, 1,200 acres have been harvested, with an average yield of 16.58 baskets per acre.

"The kidney beans have been cultivated across 3,430 acres in Indaw Township, and the harvesting process is ongoing. So far, a total of 1,200 acres have been harvested. To ensure high yield and quality, we have collaborated with farmers by providing high-quality seeds, fertilizers, and post-harvest technology support," said U Thein Khine, the Head of the Indaw Township Agriculture Department.

To support large-scale kidney bean cultivation, improve yield, and promote farming under the Good Agricultural Practices (GAP) system, the Indaw Township Agriculture Department has been conducting educational programs for farmers.

Crops grown using the GAP system are of higher quality compared to those grown using conventional methods. This results in better market prices and increased opportunities for export, benefiting farmers by expanding their business potential in both domestic and international markets. **SMK**

# More than 1,000 acres of green gram reaped in Budalin Township



BUDALIN May 2

According to statistics from the Budalin Township Department of Agriculture, the harvest of green gram cultivated during the winter crop season in Budalin Township, Monywa District, Sagaing Region, has been completed across 1,571 acres.

During the winter crop season, a total of 1,571 acres of green gram were planted in Budalin Township. The harvesting process began in January of this year, and as of today, 100 percent of the cultivated acres have been harvested. The yield per acre was reported to be 16.89 baskets.

The Budalin Township Agriculture Department has provided guidance to green gram farmers on obtaining quality seeds suited to the local environment, proper cultivation techniques, pest control, systematic fertilizer application, and methods to improve yield quality.

During this year's winter crop season, efforts were made in collaboration with farmers to enhance yield and quality by providing necessary high-quality seeds, input supplies, and post-harvest technology. **SK**

# China, Russia to hold art exhibition marking 80th anniversary of WWII victory

BEIJING May 2

An art exhibition will be held in Beijing to commemorate the 80th anniversary of the victory of the World Anti-Fascist War and promote art exchanges between China and Russia.

The exhibition, themed "Peace and Friendship – Commemorating the 80th Anniversary of the Victory of the World Anti-Fascist War," is co-organized by the Beijing People's Association for Friendship with Foreign Countries and the Beijing Russian Cultural Center, among others.

Artists aged 18 to 45 from China and Russia have been invited to submit their works. The submission period runs until mid-June, with the evaluation to be conducted at the end of June. An offline exhibition will take place at the China Millennium Monument in Beijing from August 7 to 16.

A total of 80 participants will receive awards, comprising 15 first-place, 25 second-place, and 40 third-place winners from each country.




**Xinhua**

# Pakistani PM reaffirms call for credible, neutral int'l probe into Kashmir incident



ISLAMABAD May 2

Pakistani Prime Minister Shehbaz Sharif on Friday reaffirmed his call for a credible, transparent and neutral international investigation into a recent Kashmir incident.

Sharif made it clear during a meeting with Ambassador of the United Arab Emirates to Pakistan Hamad Obaid Ibrahim Salem Al-Zaabi, according to a statement from the Prime Minister's Office.

The prime minister categorically rejected what he called "baseless accusations" by India attempting to link Pakistan to the incident without any evidence. He said Pakistan had no role in the event and was reaching out to friendly countries to present its position.

Sharif said Pakistan had suffered heavily from terrorism. He added that India's recent actions and aggressive posture were undermining Pakistan's ongoing counter-terrorism operations along its western frontier.

He urged brotherly nations to help de-escalate tensions and promote stability in South Asia.

Tensions between the two South Asian neighbors have escalated following a deadly attack on tourists in Pahalgam in the Indian-controlled Kashmir on April 22.

**Xinhua**

# Yemen's Houthis take responsibility for missile attacks at N. Israel

SANAA May 2

Yemen's Houthi group claimed responsibility for two missile attacks towards northern Israel on Friday.

"We carried out a military operation targeting a vital Israeli target in Haifa (city) ... using a hypersonic ballistic missile," Houthi military spokesperson Yahya Sarea said in a statement aired by Houthi-run al-Masirah TV.

The spokesperson added that the ongoing U.S. airstrikes in northern Yemen "have failed" to prevent the group from targeting Israel and its ships in the Red and Arabian seas.

The Israeli military reported earlier in the day that it had intercepted two missiles fired from Yemen, adding that its Home Front Command had distributed an early warning to large parts of northern Israel, including the Haifa metropolitan area.

The Houthis, who control much of northern Yemen, have been targeting Israel since November 2023 to show solidarity with Palestinians amid the ongoing Israeli offensive in the Gaza Strip.

The U.S. military resumed airstrikes against Houthi targets on March 15 in a bid to deter the group.

**Xinhua**

# Israel struck target near presidential palace in Damascus - Netanyahu

MOSCOW May 2

Israel struck a target near the presidential palace in Damascus to prevent a threat to the Druze community in Syria, Israeli Prime Minister Benjamin Netanyahu said.

"This is a clear signal to the Syrian regime. We will not allow the deployment of forces south of Damascus and any threat to the Druze community," Ynet quoted the prime minister as saying.

Overnight to Wednesday, clashes broke out between armed groups and Druze self-defence fighters in the Syrian town of Sahnaya, near Damascus, where the Druze population mainly lives. The Syrian Interior Ministry later reported that the situation was under control.




The Druze are an ethno-religious group of Arabs who live in Lebanon, Syria, Israel and Jordan. After the change of power in Damascus in December 2024 Israel has repeatedly expressed its commitment to protect the Syrian Druze.

**Sputnik**

# Five Eyes now getting sensitive space intel – The Times

WASHINGTON May 2

The US has begun sharing its "most sensitive" military intelligence on China's and Russia's space operations with the UK and other members of The Five Eyes (FVEY) global intelligence group, The Times has reported, citing a senior commander within the US Space Force.

Until this month, the work of Space Delta 9, a unit focused on America's orbital warfare, was largely meant only for US officials with top-secret security clearance.

However, in a move that a Space Delta 9 spokesman described to The Times as "momentous," British military chiefs have been allowed to observe operations at the unit's base in Colorado.

The other Five Eyes members, Australia, New Zealand and Canada, have also been allowed access to the highest levels of US space intelligence, the British daily reported on Wednesday.

The Times attributed the development to Beijing and Moscow allegedly developing "new space capabilities," such as dual use satellites, and orbiters designed for both civilian and military applications.

The US Defence Department has accused China of stockpiling anti-satellite weapons, raising concerns over what it describes as Beijing's increasing emphasis on space warfare. Chinese officials have rejected the claims and argued that militarization of space by the US poses the real threat to global stability.

Washington has made similar allegations against Russia, suggesting that Moscow may possess covert anti-satellite systems, potentially with nuclear capabilities. The Kremlin has dismissed the claims as baseless attempts to deflect attention from America's own military ambitions in space.

**RT**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Warning signs of deadly 'crypto' parasite everyone must know- after major UK outbreak

At least 28 people have been struck down by a deadly parasite that causes bowel-cancer like symptoms at a petting farm in Wales.

Called cryptosporidium, commonly known as 'crypto', it can infect the digestive system of animals and people.

People become infected with cryptosporidium via contact with infected faeces and the disease, medically known as cryptosporidiosis, can then be passed between people who do not wash their hands thoroughly.

According to the US Centers for Disease Control and Prevention (CDC), infected people can shed up to 100mllion crypto germs in a single bowel movement.

Swallowing just ten of these germs is enough to get ill.

Those with vulnerable immune systems, such as the elderly, pregnancy women and people undergoing cancer treatment, are at high risk of the bug turning life-threatening.

However, symptoms can often be hard to spot as they're easily mistaken for more common digestive conditions like irritable bowel syndrome and food poisoning.

Some of the symptoms, such as abdominal pain and blood in the stools, may be particularly anxiety-provoking as they mimic the signs of bowel cancer, which is known to be on the rise.

Due to the bug's highly infectious nature, people with symptoms are advised to stay home from work or school until they have been free of symptoms for at least 48 hours.

They are also encouraged to take steps to minimise the risk of passing the parasite on to other people in their household, including washing dirty clothes, bedding and towels on the hottest setting, and not preparing food others.

Victims can also experience periods of false hope where their symptoms clear for a few days, making them believe they are finally over the infection, only for it to return.

Sufferers often have to endure these symptoms for two weeks before it is finally clear from their systems, but bouts of illness can last even longer, particularly in people with weakened immune systems and the elderly.

Most people aren't offered treatment for crypto and instead are told to drink plenty of fluids and minimise contact with other people while waiting until symptoms pass.

People are typically infected with crypto via contact with faeces containing the parasite, either from humans or animals that then enters their mouth.

Risk of water supplies becoming infected is higher following periods of heavy rainfall and when animals are giving birth, such as the lambing season.

People can also get it by caring for people infected with crypto, particularly young children.

This can occur when people change a nappy and then put their hands near or in their mouth without washing them thoroughly, for example.

Other possible sources of infection are contact with infected milk, or from vegetables that have been fertilised with infected animal manure and not washed thoroughly.

As crypto can survive in faecal matter for long periods of time sufferers are asked not to go swimming until two weeks after their diarrhoea has stopped.

This includes both natural bodies of water as well as swimming pools as traces of infected dried poo can wash off an infected swimmer's anus.

In regard to the current outbreak, health chiefs investigating the cluster of cases believe they are all linked to Cowbridge Farm Shop at Marlborough Grange Farm in Cowbridge.

The shop is thought to have offered cuddle and feeding sessions with lambs and calves—which have since been stopped due to 'unforeseen circumstances', according to the farm's Facebook page.



Su Mably, a consultant in health protection at Public Health Wales said: 'We are working closely with partners to investigate these cases and to understand if there is a wider risk to the public.

'We would advise anyone who has visited the farm, particularly those who attended feeding or petting sessions, and who is now experiencing symptoms to contact their GP.'

According to the UK health Security Agency (UKHSA) people visiting farms should take precautions to protect themselves from infection including checking there are good hand-washing facilities at the farm with hot water, soap and paper towels.

Last year the UKHSA issues a warning about the risk of cryptosporidium infection from farm visits.

In a twist on the classic children's rhyme the agency wrote on social media: 'Mary had a little lamb, its fleece was white as snow.

'But wash your hands and dry them too in case it has crypto.'

Last May, more than 100 people were also infected by cryptosporidium in Brixham, Devon.

The outbreak was believed to be linked to water contaminated with infected faeces making its way into the drinking supply.

Whole streets in the town were infected, with victims forced to endure days of diarrhoea and agonising stomach cramps, with one sufferer even comparing them to 'childbirth'.

**Mail Online**

# TRANSPORTATION

## တက်စမေးနီးယားမှာရေချလိုက်တဲ့ကမ္ဘာ့အကြီးဆုံး လျှပ်စစ်စွမ်းအင်သုံးသင်္ဘော

Hull 096 လို့အမည်ပေးထားတဲ့ ကမ္ဘာ့အကြီးဆုံးလျှပ်စစ်စွမ်းအင်သုံးသင်္ဘောကြီးကို တက်စမေးနီးယားပြည်နယ်မှာ ရေချလိုက်ပါတယ်။ ကမ္ဘာ့အကြီးဆုံးလျှပ်စစ်စွမ်းအင်သုံးသင်္ဘောလို့ပြောလိုက်ရတဲ့အကြောင်းရင်းက သူဟာအလျားအားဖြင့် ၄၂၆ ပေရှိတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ သူ့ကိုထုတ်လုပ်ထားတဲ့ကုမ္ပဏီက Incat ဆိုတဲ့သင်္ဘောထုတ်လုပ်ရေးကုမ္ပဏီပါ။

အဲဒီသင်္ဘောကြီးက ခရီးသည်ဦးရေ ၂၁၀၀ အထိနဲ့ ယာဉ်အစင်းရေ ၂၂၅ စင်းကို တင်ဆောင်နိုင်စွမ်းရှိတာကြောင့် ပင်လယ်ရေကြောင်းပို့ဆောင်ရေးကဏ္ဍမှာ သမိုင်းဝင်မယ့် အလှည့်အပြောင်းတစ်ခုဖြစ်လာတာကိုတွေ့ရပါတယ်။

သူ့မှာတပ်ဆင်ပေးထားတဲ့ ဘက်ထရီပမာဏက တန်ချိန်အားဖြင့် ၂၇၅ တန်အထိရှိပါတယ်။ ထုတ်လုပ်နိုင်တဲ့လျှပ်စစ်စွမ်းအင်ပမာဏက ၄၀ မဂ္ဂါဝပ်နာရီရှိပါတယ်။ ဒါကြောင့်လည်း အခုလိုမျိုးဘက်ထရီစွမ်းအင်ကို သင်္ဘောတစ်စင်းမှာ တပ်ဆင်တာဟာ အကြီးဆုံးသော တပ်ဆင်မှုဖြစ်လာပါတယ်။

ဘက်ထရီကနေထွက်လာတဲ့စွမ်းအင်က လျှပ်စစ်စွမ်းအင်သုံး Water Jet ရှစ်လုံးကိုလည်ပတ်စေပါတယ်။ ဒါကြောင့်ပဲ မြစ်အတွင်းမှာ မိနစ် ၉၀ ကြာခရီးသွားလာနိုင်စေမှာပါ။ ဒါ့အပြင် သူ့ကိုအားသွင်းဖို့အတွက် နေရာတွေကို သူပြေးဆွဲမယ့် ရီယိုဒဲလာ ပလာတာမြစ်ကြောင်းရဲ့ တစ်ဖက်တစ်ချက်မှာ ထည့်သွင်းတည်ဆောက်သွားဦးမှာဖြစ်ပါတယ်။ Ref: IE

K.H




## EV တစ်စီးရဲ့အကွာအဝေးကိုပူပန်စရာမလိုတော့မယ့် ဘက်ထရီလဲပေးမယ့်စခန်းများ

လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ်များဟာ ဘက်ထရီစွမ်းအင်အပေါ်မှီခိုနေရတာဖြစ်တာကြောင့် ဘက်ထရီအားကုန်တာနဲ့ ကုန်တဲ့နေရာမှာ ထိုးရပ်သွားမယ့် အခြေအနေရှိပါတယ်။ လောင်စာဆီသုံးကားတွေလိုမျိုး ဘက်ထရီအားကိုအလွယ်တကူဖြည့်ဖို့ဆိုတာကလည်း သိပ်အဆင်မပြေနိုင်သေးပါဘူး။ ဒါကြောင့် EV တွေကိုစီးတဲ့သူတွေအနေနဲ့ အကွာအဝေးနဲ့ပတ်သက်ပြီး စိုးရိမ်ကြောင့်ကြပူပန်မှုတွေ ရှိကြပါတယ်။

အခုတော့ တရုတ်နိုင်ငံမှာနည်းပညာတစ်ခုတိုးတက်ထွန်းကားလာပါပြီ။ အဲဒါကတော့ အရပ်ကားတွေမှာလိုမျိုးပဲ ဘက်ထရီတွေကိုဖြုတ်လဲလိုက်ရုံနဲ့ အချိန်ကုန်သက်သာတဲ့အပြင် ခရီးအကွာအဝေးနဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်မှုတွေကိုလည်း လျော့ကျစေမှာဖြစ်ပါတယ်။

ဒီနည်းပညာ ထွန်းကားလာတာကကြာတော့ကြာနေပါပြီ၊ ဒါပေမဲ့အခုအချိန်မှာတော့ ဒီလိုနည်းပညာအသုံးပြုထားတဲ့ ဘက်ထရီလဲပေးမယ့်စခန်းတွေ ပိုမိုများပြားလာပါပြီ။

EV ကားကုမ္ပဏီတွေက သူ့ထက်ငါ အပြိုင်အဆိုင်ဆိုသလို ဘက်ထရီတွေကို လဲပေးမယ့်စခန်းတွေကိုလည်း အသီးသီးတည်ဆောက်လာကြပါပြီ။ Ref: IE

K.H



# MILITARY

## ရေကူးသွားပြီး ၃၀ မီလီမီတာစက်အမြောက်နဲ့တိုက်ခိုက်မယ့် ACV-30mm တင့်များ



တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က ကုန်း၊ ရေနှစ်သွယ်သွားတင့်ဖျက်ဒုံးကျည်စနစ်အသစ်တစ်မျိုးကို မိတ်ဆက်ပြသပြီးနောက် မကြာမီမှာပဲ အမေရိကန်မရိန်းတပ်ဖွဲ့က ကုန်း၊ ရေနှစ်သွယ်သွားတင့်အမျိုးအစားအသစ်ကိုထုတ်ဖော်ပြသလိုက်ပါတယ်။

၃၀ မီလီမီတာစက်အမြောက်သုံး ကုန်း၊ ရေနှစ်သွယ်သွားတိုက်ယာဉ် ( ACV-30 mm) အစင်း ၃၀ ကို ဒေါ်လာ ၁၈၈ ဒသမ ၅ သန်းနဲ့ BAE System ကုမ္ပဏီက မရိန်းတပ်ဖွဲ့အတွက် ထုတ်လုပ်ပေးသွားမှာဖြစ်ပါတယ်။ သူ့မှာအရေးအကြီးဆုံးသောပြောင်းလဲမှုတစ်ခုက အဝေးထိန်းဆုံလည်စနစ်ပါဝင်လာခြင်းဖြစ်ပါတယ်။ ဒီအတွက်ကြောင့်လည်း ဘီးရှစ်လုံးတပ် ACV-30mm ကုန်း၊ ရေနှစ်သွယ်သွားတိုက်ယာဉ်များကရည်မှန်းချက်ဆီရေကူးသွားပြီး ၃၀ မီလီမီတာစက်အမြောက်နဲ့တိုက်ခိုက်နိုင်မှာဖြစ်ပါတယ်။ Ref: IE

K.H

## လက်ပစ်ဗုံးများကိုပစ်ချနိုင်မယ့် ဓာတ်ဘူးပုံ ၂ ပေါင်ဒရုန်း



တရုတ်နိုင်ငံက ဒရုန်းအမျိုးအစားတစ်ခုကိုထုတ်ဖော်ပြသလိုက်ပါတယ်။ အဲဒီဒရုန်းအမျိုးအစားက သမားရိုးကျပုံစံကနေကွဲထွက်နေပြီး အရင်လိုမျိုးဗုံးသီးတွေကိုသယ်ဆောင်တာမျိုးမဟုတ်ပါဘူး။

အခုထုတ်ဖော်ပြသလိုက်တဲ့ ဒရုန်းပုံစံက ဓာတ်ဘူးပုံစံဖြစ်ပြီး အထဲမှာ လက်ပစ်ဗုံးများကို ထည့်ထားတာဖြစ်ပါတယ်။ ပစ်မှတ်နေရာကိုရောက်တဲ့အခါ လက်ပစ်ဗုံးတွေကို ပစ်မှတ်ဆီပစ်ချလိုက်မှာပါ။

ဒီဒရုန်းက သမားရိုးကျဒရုန်းတွေကနေကွဲထွက်နေတဲ့အပြင် သူ့ရဲ့အလေးချိန်ကလည်း သမားရိုးကျဒရုန်းတွေလိုမျိုး လေးလံခြင်းမရှိပါဘူး။ အလေးချိန်အားဖြင့် ၂ ပေါင်ခန့်သာရှိတာပါ။

သူက လက်ပစ်ဗုံးသုံးလုံးကို ပစ်မှတ်ဆီပစ်ချနိုင်တဲ့အပြင် မြေပြင်သတင်းအချက်အလက်တွေကိုလည်း အချိန်နဲ့တစ်ပြေးညီ ပြန်ပို့ပေးနိုင်စွမ်းရှိပါတယ်။ နောက်ထပ်အားသာချက်တစ်ခုက စစ်သည်တစ်ဦးအနေနဲ့ ဒီလိုဒရုန်းများစွာကိုထိန်းချုပ်နိုင်ခြင်းဖြစ်ပါတယ်။ Ref: IE

K.H

## F-35၊ F-47 များနဲ့တွဲဖက်ပျံသန်းမယ့် ခပ်ကြမ်းကြမ်းဒရုန်းများ

အမေရိကန်လေတပ်က လူသားနဲ့စက်ပစ္စည်းပူးပေါင်းမှုရည်မှန်းချက်အကောင်အထည်ပေါ်စေရေးအတွက်လုပ်ဆောင်လျက်ရှိရာမှာ စုပေါင်းတိုက်ခိုက်ရေးလေယာဉ်အစီအစဉ်သည်လည်း အစီအစဉ်တစ်ခုအနေနဲ့ပါဝင်ပါတယ်။




အခုအဲဒီအစီအစဉ်ကနေထွက်ပေါ်လာတဲ့ ခပ်ကြမ်းကြမ်းဒရုန်းများကို လက်တွေ့စမ်းသပ်မှုလုပ်ဆောင်ထားတာတွေ့ရပါတယ်။ အဲဒီဒရုန်းတွေကတော့ YFQ-42A နဲ့ YFQ-44A တို့ပါပဲ။

ဒီစမ်းသပ်မှုတွေထဲမှာ တွန်းကန်အားစနစ်များ၊ လေကြောင်းထိန်းစနစ်များ၊ အလိုအလျောက် လှုပ်ရှားနိုင်မှုများ၊ စစ်ဆင်ရေးအောင်မြင်ရေးအတွက် အရေးပါတဲ့ ကွပ်ကဲမှုနဲ့ထိန်းချုပ်မှုစနစ်များပါဝင်တဲ့အပြင် လက်တွေ့ပျံသန်းမှုကိုတော့ ဒီနှစ်အကုန်ပိုင်းမှာလုပ်သွားမယ်လို့ လေတပ်ကထုတ်ပြန်ထားပါတယ်။ Ref: IE

K.H

# အီရန်မှ ရေနံထွက်ကုန်ပစ္စည်းများဝယ်ယူသူများ ထပ်ဆင့်အရေးယူပိတ်ဆို့ခံရမည်ဟု အမေရိကန်ထုတ်ပြန်

ဝါရှင်တန်၊ နိုင်ငံရေး

အီရန်နိုင်ငံမှ ရေနံနှင့်ရေနံထွက်ကုန်ပစ္စည်းများဝယ်ယူသူများသည် ထပ်ဆင့်အရေးယူပိတ်ဆို့ခံရမည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က လူမှုကွန်ရက်တွင် ရေးထားသည်။

အီရန်၏နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ အမေရိကန်နှင့်အီရန်တို့ကြား ဆွေးနွေးမှုများလုပ်ဆောင်နေစဉ် အမေရိကန်အစိုးရက ယခုကဲ့သို့ထုတ်ပြန်လာခြင်းဖြစ်သည်။

အကယ်၍အမေရိကန်အနေဖြင့်ပိတ်ဆို့မှုများကိုဖြေလျှော့ပေးပါက ၎င်းတို့၏နျူကလီးယားအစီအစဉ်များကို စစ်ဘက်အတွက်အသုံးမပြုရန်ဆန္ဒရှိကြောင်း အီရန်အစိုးရကပြောထားသည်။

သို့သော် အီရန်နိုင်ငံနှင့်ရေနံကုန်သွယ်မှုလုပ်သော နိုင်ငံများအနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် မည်သို့သောပုံစံ၊ နည်းလမ်းဖြင့်မဆိုစီးပွားရေးလုပ်ခွင့်မရှိကြောင်း၊ ထို့ကြောင့် အီရန်မှရေနံနှင့်ရေနံထွက်ကုန်ပစ္စည်းများဝယ်ယူမှုကို ချက်ချင်းရပ်တန့်သင့်ကြောင်း ထရမ့်က မေလ ၁ ရက်တွင်လူမှုကွန်ရက်၌ရေးထားသည်။

ကုမ္ပဏီခုနစ်ခုက အီရန်မှရေနံနှင့်ရေနံထွက်ကုန်ပစ္စည်းများကို တရားမဝင်ကုန်သွယ်မှုပြုလုပ်သည်ဟူသောစွပ်စွဲချက်ဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထိုကုမ္ပဏီများအပေါ် အရေးယူပိတ်ဆို့မှုများချမှတ်ပြီးနောက် ထရမ့်ကယခုကဲ့သို့ပြောလာခြင်းဖြစ်သည်။ ထိုကုမ္ပဏီများတွင် ယူအေအီးနိုင်ငံ အခြေစိုက်ကုမ္ပဏီခြောက်ခုနှင့် တူကီယဲနိုင်ငံအခြေစိုက်ကုမ္ပဏီတစ်ခုတို့ပါဝင်ကြောင်းသိရသည်။

Ref: RT



# သွင်းကုန်အခွန်ကိစ္စဆွေးနွေးရန် အမေရိကန်၏ကမ်းလှမ်းမှု တရုတ်စဉ်းစား

ပေကျင်း၊ ကုန်သွယ်ရေး

သွင်းကုန်အခွန်ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးရန် အမေရိကန်၏ကမ်းလှမ်းလာမှုကို စဉ်းစားသုံးသပ်နေကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနက မေလ ၂ ရက်တွင်ပြောသည်။

အမေရိကန်ဘက်မှ အဆင့်မြင့်တာဝန်ရှိသူများက သွင်းကုန်အခွန်ကိစ္စကိုတရုတ်နှင့်ဆွေးနွေးလိုသည်ဟု တိုက်ရိုက်မဟုတ်ဘဲ ကြားလူမှတစ်ဆင့်ပြောဆိုချဉ်းကပ်လာခြင်းဖြစ်ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က တရုတ်နိုင်ငံမှသွင်းကုန်များအပေါ် အခွန် ၁၄၅ ရာခိုင်နှုန်းအထိတိုးမြှင့်ကောက်ခံရန် ထုတ်ပြန်ပြီးနောက် အပြန်အလှန်အနေဖြင့် တရုတ်နိုင်ငံကလည်း အမေရိကန်မှသွင်းကုန်များကို အခွန် ၁၂၅ ရာခိုင်နှုန်းအထိတိုးမြှင့်ကာ ပို့ကုန်များကိုကန့်သတ်လိုက်ပြီးနောက် ကမ္ဘာ့စီးပွားရေးအင်အားကြီးနှစ်နိုင်ငံကြားတွင် တင်းမာမှုများဖြစ်ပွားလာခြင်းဖြစ်သည်။ သွင်းကုန်အခွန်ကိစ္စဆွေးနွေးရန် တရုတ်ဘက်ကကမ်းလှမ်းလာသည်ဟု ပြီးခဲ့သည့်သီတင်းပတ်တွင် အမေရိကန်အစိုးရ၏ပြောဆိုမှုကို တရုတ်အစိုးရကငြင်းပယ်ထားသည်။

Ref: RT




# ဂါဇာအတွက် ကယ်ဆယ်ရေးပစ္စည်းပါသင်္ဘော ဒရုန်းဖြင့်တိုက်ခိုက်ခံရ

ဗယ်လက်တာ၊ စစ်ရေး

ဂါဇာဒေသအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးပစ္စည်းများပါဝင်သော သင်္ဘောတစ်စင်းသည် မေလ ၁ ရက်နံနက်အစောပိုင်းတွင် မော်တာနိုင်ငံကမ်းရိုးတန်းအလွန်ရှိ နိုင်ငံတကာရေပိုင်နက်၌ ဒရုန်းများဖြင့် ဗုံးကြဲတိုက်ခိုက်ခံရကြောင်းသိရသည်။

သို့သော် တိုက်ခိုက်ခံရသည့်သင်္ဘောကို ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ပြီးနောက် သင်္ဘောပေါ်တွင်လိုက်ပါလာသူအားလုံး ဘေးကင်းလုံခြုံမှုရှိကြောင်း မော်တာအစိုးရကပြောသည်။

ကွန်ဆိုင်းယန့်ဟုအမည်ပေးထားသည့် အဆိုပါကူညီကယ်ဆယ်ရေးပစ္စည်းတင်သင်္ဘောကို အပြည်ပြည်ဆိုင်ရာအန်ဂျီအိုအဖွဲ့တစ်ခုဖြစ်သော Freedom Flotilla Coalition ကပိုင်ဆိုင်ခြင်းဖြစ်ပြီး အဆိုပါတိုက်ခိုက်မှုကို အစ္စရေးကလုပ်ဆောင်ခြင်းဖြစ်ကြောင်း ၎င်းတို့ကစွပ်စွဲထားသည်။ ထိုသင်္ဘောပေါ်တွင် နိုင်ငံတကာလူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ အယောက် ၃၀ လည်းပါဝင်ကြောင်းသိရသည်။

Ref: TST

## သတင်းတိုကဏ္ဍ

### ထိုင်းနိုင်ငံ၌ ထောင့်သန်းနာကြောင့် ဆယ်စုနှစ်များအတွင်း ပထမဆုံးသေဆုံးသူနှင့် ကူးစက်ခံရသူ ရာပေါင်းများစွာရှိနိုင်

ထိုင်းနိုင်ငံ၌ ဆယ်စုနှစ်များစွာအတွင်း ထောင့်သန်းနာရောဂါကြောင့် ပထမဆုံးသေဆုံးသူရှိလာကြောင်းနှင့် ထိုရောဂါကူးစက်ခံထားရသူ ရာပေါင်းများစွာရှိနေနိုင်ကြောင်း တာဝန်ရှိသူများက မေလ ၁ ရက် တွင်ထုတ်ပြန်ထားသည်။

လာအိုနိုင်ငံနှင့်နယ်စပ်ရှိ ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်း မက်ဒါဟန်ပြည်နယ်တွင် အသက် ၅၃ နှစ်ရှိအမျိုးသားတစ်ဦးသည် ထောင့်သန်းနာရောဂါကြောင့် ဧပြီလ ၃၀ ရက်တွင်သေဆုံးသွားပြီး ထိုရောဂါကူးစက်ခံထားရသူ အတည်ပြုလူနာတစ်ဦးကိုလည်း ထိုပြည်နယ်၌ပင်တွေ့ရှိရကြောင်းနှင့် နောက်ထပ်ရောဂါကူးစက်ခံထားရဖွယ်ရှိသူသုံးဦးကို စောင့်ကြည့်စစ်ဆေးမှုများလုပ်ဆောင်နေကြောင်း တာဝန်ရှိသူများကပြောသည်။

ထို့ပြင် ကောင်းစွာချက်ပြုတ်ထားခြင်းမရှိသည့်အမဲသားများကိုစားသုံးပြီးနောက် ထောင့်သန်းနာရောဂါနှင့်ထိတွေ့ထားသူ ၆၃၈ ဦးအထိရှိကြောင်း၊ ၎င်းတို့အနက် ၃၆ ဦးသည် သားသတ်သမားများဖြစ်ပြီး ကျန်သူများမှာ စားသုံးသူများဖြစ်ကြောင်းသိရသည်။

Ref: TST

### ဆာဘားပြည်နယ်၌ လက်၊ ခြေ၊ ပါးစပ်ရောဂါကြောင့် စာသင်ကျောင်းများပိတ်ထားရ

မလေးရှားနိုင်ငံ ဆာဘားပြည်နယ်တွင် ကျောင်းနေအရွယ်ကလေးများ၌ လက်၊ ခြေ၊ ပါးစပ်ရောဂါကူးစက်မှုများဖြစ်ပွားနေသောကြောင့် စာသင်ကျောင်းများကို ပိတ်ထားရကြောင်း ကျန်းမာရေးတာဝန်ရှိသူများကပြောသည်။

ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း လက်၊ ခြေ၊ ပါးစပ်ကူးစက်ရောဂါဖြစ်ပွားသူ ၄၃၀၀ ကျော်ရှိကြောင်း၊ ၎င်းတို့အနက် ၈၃ ရာခိုင်နှုန်းနီးပါးမှာ အသက်ခုနစ်နှစ်အောက်ကလေးများဖြစ်ကြောင်း ဆာဘားပြည်နယ် ကျန်းမာရေးဌာနကထုတ်ပြန်ထားသည်။

လက်ရှိအခြေအနေတွင်စာသင်ကျောင်းများကိုပိတ်ထားရခြင်းသည် ကျောင်းခန်းများကို သန့်ရှင်းရေးလုပ်ရန်၊ ပိုးသတ်ရန်တို့အတွက်ဖြစ်ကြောင်း၊ သို့မှသာရောဂါပိုးကူးစက်မှုကွင်းဆက်ကို တားမြစ်နိုင်မည်ဖြစ်ကြောင်း အရေးပေါ်ကျန်းမာရေးကျွမ်းကျင်ပညာရှင် ပြည်နယ်ကျန်းမာရေးညွှန်ကြားရေးမှူး မာရီယာဆူလေမန်က ပြောထားသည်။

Ref: Xinhua

### ပါကစ္စတန်နိုင်ငံ၌ ကားတစ်စီးလျှိုထဲပြုတ်ကျ လူရှစ်ဦးသေဆုံး

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာပါတန်ခွာပြည်နယ်၌ ကားတစ်စီးသည် နက်ရှိုင်းသောလျှိုအတွင်းသို့ပြုတ်ကျသွားသောကြောင့် မိသားစုဝင်ရှစ်ဦး သေဆုံးသွားကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုဖြစ်စဉ်သည် မေလ ၁ ရက်တွင် ကာရာကိုရမ်အမြန်လမ်းမကြီးတစ်လျှောက်ရှိကိုဟီစတန်ခရိုင်၌ ညနေပိုင်းတွင်ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ယာဉ်မောင်းသည် ကားကိုအရှိန်မထိန်းနိုင်သောကြောင့် ကားမှာလျှိုထဲသို့ပြုတ်ကျသွားခြင်းဖြစ်ကြောင်း၊ သေဆုံးသူရှစ်ဦးအနက်လေးဦးမှာ ကလေးငယ်များဖြစ်ကြောင်းနှင့် ယာဉ်မတော်တဆမှုဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း တာဝန်ရှိသူများကဆက်ပြောသည်။

ယခုဖြစ်စဉ်တွင် ကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် အမြန်လမ်းတပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာသို့သွားပြီး အလောင်းများကိုဆွဲထုတ်ကာ နီးစပ်ရာဆေးရုံသို့ပို့ပေးထားကြောင်း ကယ်ဆယ်ရေးအဖွဲ့က ထုတ်ပြန်ထားသည်ဟုသိရသည်။

Ref: Xinhua

### တောင်ကိုရီးယားဝန်ကြီးချုပ်ဟောင်းက ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည်ဟုကြေညာ

တောင်ကိုရီးယားဝန်ကြီးချုပ်ဟောင်း ဟန်ဒက်ဆူးက တောင်ကိုရီးယားသမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဟု မေလ ၂ ရက်တွင်ထုတ်ပြန်ကြေညာလိုက်ကြောင်းသိရသည်။

ဟန်ဒက်ဆူးက နိုင်ငံတော်အနာဂတ်အတွက် လုပ်ဆောင်နိုင်သည့်အရာများကိုရှာဖွေရန်စိတ်ဆုံးဖြတ်ထားကြောင်း၊ လာမည့်သမ္မတရွေးကောက်ပွဲတွင်ပြည်သူများ၏ရွေးချယ်မှုကိုခံရစေရန် အစွမ်းကုန်ကြိုးစားအားထုတ်မည်ဖြစ်ကြောင်း ပြောထားသည်။

အကယ်၍ သမ္မတအဖြစ်ရွေးကောက်ခံရပါက ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ပြီး ပြင်ဆင်ထားသည့်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်အရ သမ္မတသက်တမ်းငါးနှစ်အနက် သုံးနှစ်မြောက်တွင် လွှတ်တော်နှင့်သမ္မတရွေးကောက်ပွဲများကို တစ်ပြိုင်နက်ကျင်းပကာ ရွေးကောက်ခံရသည့်သမ္မတကိုတာဝန်များလွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်းနှင့် သမ္မတသက်တမ်းကို သုံးနှစ်သာသတ်မှတ်သွားမည်ဖြစ်ကြောင်း ၎င်းကပြောထားသည်။

Ref: Xinhua

# ပရီးမီးယားလိဂ် ပွဲစဉ်(၃၅) ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၃၂) အီတလီစီးရီးအေ ပွဲစဉ်(၃၅)ပွဲကြိုသုံးသပ်ချက်



## အာဆင်နယ် Vs ဘုန်းမောက်

**ကစားမည့်ရက်/အချိန်**
**(၃-၅-၂၀၂၅ ည ၁၁:၀၀ နာရီ)**
**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**
**ဘုန်းမောက် ၂ - ၀ အာဆင်နယ်**
**အာဆင်နယ် ၁ - ၁ ဘုန်းမောက်**
**အာဆင်နယ် ၃ - ၀ ဘုန်းမောက်**
**နောက်ဆုံးကစားတဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်**
**အာဆင်နယ် ဝေး(နိုင်) အိမ်(သရေ) အိမ်(ရှုံး)**
**ဘုန်းမောက် အိမ်(နိုင်) ဝေး(သရေ) အိမ်(သရေ)**

အာဆင်နယ်အသင်းအတွက် ချန်ပီယံမျှော်လင့်ချက်အဆုံးသတ်သွားရပြီဆိုပေမယ့် အိမ်ကွင်းပွဲစဉ်ဖြစ်လို့ အမှားခံမှာမဟုတ်သလို ပြီးခဲ့တဲ့ ပထမအကျော့က ရှုံးကြွေးကို အိမ်ကွင်းမှ ပြန်ဆပ်သွားမှာပါ။ အာဆင်နယ်အသင်းရဲ့ ဒီဘောလုံးရာသီ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင် အိမ်ကွင်း ၁၇ ပွဲကစားပြီးချိန်မှာ ၁၀ ပွဲအနိုင်ရရှိထားပြီး ခြောက်ပွဲသရေရလဒ်နဲ့တစ်ပွဲသာရှုံးနိမ့်ထားလို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ အားရစရာအနေအထားမှာရှိနေပါတယ်။ အာဆင်နယ်အသင်းက ဒီပွဲစဉ်ပြီးရင် ပီအက်စ်ဂျီအသင်းနဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲ အရေးကြီးပွဲစဉ်ရှိနေလို့ အဓိကကစားသမားတချို့ကို အနားပေးလာနိုင်ပေမယ့် လက်ရှိ အာဆင်နယ်အသင်းရဲ့ အရန်လူငယ်ကစားသမားတွေရဲ့ ခြေစွမ်းပိုင်းကလည်း အကောင်းဆုံးပုံစံမှာရှိနေလို့ ဘုန်းမောက်အသင်းကို အိမ်ကွင်းမှာ ခြေစွမ်းပိုင်းအသာနဲ့ကစားနိုင်စွမ်းရှိနေပါတယ်။

ဘုန်းမောက်အသင်းကတော့ ဥရောပဝင်ခွင့်တစ်နေရာအတွက်လည်း မျှော်လင့်ချက်မရှိတော့လို့ လက်ကျန်ပွဲစဉ်တွေမှာ သူတို့အတွက် ရမှတ်လိုအပ်ချက်မရှိတော့ဘဲ ဖိအားမရှိကစားရမှာပါ။ ဘုန်းမောက်အသင်းက နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းကျဆင်းလာခဲ့ပြီး ရလဒ်တွေလည်း မတည်မငြိမ်ဖြစ်လာခဲ့ပါတယ်။ ဒါ့ပြင် ဘုန်းမောက်အသင်းက အဓိက ကစားသမားတချို့ကိုလည်း ဒဏ်ရာရ၊ ပွဲပယ်ပြစ်ဒဏ်တွေကြောင့် လက်လွှတ်ထားရလို့ ရုန်းကန်နေရပါတယ်။ ဘုန်းမောက်အသင်းရဲ့ ဒီဘောလုံးရာသီ အဝေးကွင်းခြေစွမ်းပိုင်းကိုကြည့်မယ်ဆိုရင်လည်း ၁၇ ပွဲကစားပြီးချိန်မှာ ခြောက်ပွဲသာအနိုင်ရရှိပြီး ခုနစ်ပွဲသရေရလဒ်နဲ့လေးပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းခြေစွမ်းပိုင်းကတော့ သာမန်အနေအထားမှာပဲရှိနေပါတယ်။ ဘုန်းမောက်အသင်းက နောက်ဆုံးကစားတဲ့ ၁၀ ပွဲမှာလည်း တစ်ပွဲသာအနိုင်ရရှိခဲ့တဲ့အထိ ခြေစွမ်းပိုင်းကျဆင်းနေတာကို တွေ့ရမှာပါ။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ အာဆင်နယ်အသင်းက ၁၂ ကြိမ်အထိ အနိုင်ရရှိထားပါတယ်။ ဘုန်းမောက်အသင်းက နှစ်ကြိမ်အနိုင်ရရှိပြီး သုံးကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ အခုပွဲစဉ်မှာ တွေ့ဆုံမှုအပိုင်းမှာရော အိမ်ရှင်အားသာချက်မှာပါ အသာစီးမှာရှိနေတဲ့ အာဆင်နယ်အသင်းပဲရလဒ်ကောင်းသွားမှာပါ။

ခန့်မှန်းရလဒ်- အာဆင်နယ် ၂ - ၁ ဘုန်းမောက်

## လိုက်ပဇစ် Vs ဘိုင်ယန်မြူးနစ်

**ကစားမည့်ရက်/အချိန်**
**(၃-၅-၂၀၂၅ ည ၈:၀၀ နာရီ)**
**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**
**ဘိုင်ယန်မြူးနစ် ၅ - ၁ လိုက်ပဇစ်**
**ဘိုင်ယန်မြူးနစ် ၂ - ၁ လိုက်ပဇစ်**
**လိုက်ပဇစ် ၂ - ၂ ဘိုင်ယန်မြူးနစ်**
**နောက်ဆုံးကစားတဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်**
**လိုက်ပဇစ် ဝေး(နိုင်) အိမ်(သရေ) ဝေး(ရှုံး)**
**ဘိုင်ယန်မြူးနစ် ဝေး(သရေ) ဝေး(နိုင်) အိမ်(နိုင်)**

လိုက်ပဇစ်အသင်းက ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်အတွက် မျှော်လင့်ချက်ရှိနေသေးပြီး ရမှတ်လိုအပ်ချက်တွေရှိနေတယ်ဆိုပေမယ့် ပြိုင်ဘက်အသင်းက ဘိုင်ယန်မြူးနစ်အသင်းဖြစ်နေလို့ အိမ်ကွင်းဆိုပေမယ့် ရုန်းကန်ရဖို့ရှိနေပါတယ်။ လိုက်ပဇစ်အသင်းက နောက်ဆုံးကစားတဲ့ ငါးပွဲမှာ နှစ်ပွဲသာအနိုင်ရရှိပြီး နှစ်ပွဲရှုံးနိမ့်ကာ တစ်ပွဲသရေရလဒ်ထွက်ပေါ်ထားလို့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရတာကို တွေ့ရမှာပါ။ လိုက်ပဇစ်အသင်းရဲ့ ဒီဘောလုံးရာသီ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင်လည်း ၁၅ ပွဲကစားပြီးချိန်မှာ ရှစ်ပွဲသာအနိုင်ရရှိပြီး ငါးပွဲသရေရလဒ်နဲ့နှစ်ပွဲရှုံးနိမ့်ထားလို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ ပုံမှန်အနေအထားမှာပဲရှိနေပါတယ်။ ဒါ့ပြင် လိုက်ပဇစ်အသင်းက ဘိုင်ယန်မြူးနစ်အသင်းနဲ့တွေ့ဆုံတိုင်း ရုန်းကန်ရလေ့ရှိလို့ အခုပွဲစဉ်မှာလည်း ရုန်းကန်ရပါလိမ့်မယ်။

ဘိုင်ယန်မြူးနစ်အသင်းကတော့ အခုပွဲစဉ်မှာ အနိုင်ရရှိမယ်ဆိုရင် ဒီဘောလုံးရာသီမကုန်ဆုံးခင်မှာပဲ ချန်ပီယံဆုဆွတ်ခူးနိုင်မှာဖြစ်လို့ အဝေးကွင်းဆိုပေမယ့် အမှားခံမှာမဟုတ်ဘဲ ဗိုလ်လုပွဲတစ်ပွဲလို ပြင်ဆင်လာပါလိမ့်မယ်။ အခုပွဲစဉ်မှာ အဓိကအားထားနေရတဲ့ တိုက်စစ်မှူး ဟယ်ရီကိန်း ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မှာမဟုတ်ဘူးဆိုပေမယ့် အိုလီဆီနဲ့ဆာနေးတို့လို ဂိုးသွင်းအားကောင်းတဲ့ကစားသမားတွေရှိနေလို့ လိုက်ပဇစ်အသင်းခံစစ်ပိုင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ ဘိုင်ယန်မြူးနစ်အသင်းက ဂျာမန်ဘွန်ဒက်စ်လီဂါနောက်ဆုံးကစားတဲ့ငါးပွဲမှာလည်း တစ်ပွဲသာ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး လေးပွဲအနိုင်ရရှိထားလို့ ခြေစွမ်းပိုင်းက အားရစရာကောင်းနေပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းအတွက် ဖလားတစ်လုံးတည်းသာမျှော်လင့်ချက်ရှိနေလို့ ဂျာမန်ဘွန်ဒက်စ်လီဂါချန်ပီယံဆုဆွတ်ခူးနိုင်ဖို့ အခုပွဲစဉ်မှာသေချာပြင်ဆင်လာမှာပါ။ ဘိုင်ယန်မြူးနစ်အသင်းရဲ့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင်လည်း ၁၅ ပွဲကစားပြီးချိန်မှာ ၁၀ ပွဲအနိုင်ရရှိထားပြီး လေးပွဲသရေရလဒ်နဲ့ တစ်ပွဲသာရှုံးနိမ့်ထားလို့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်း အကောင်းဆုံးအသင်းအဖြစ်ပါ ရပ်တည်နေပါတယ်။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ ဘိုင်ယန်မြူးနစ်အသင်းက ၁၁ ကြိမ်အနိုင်ရရှိထားပါတယ်။ လိုက်ပဇစ်အသင်းက သုံးကြိမ်အနိုင်ရရှိပြီး ခုနစ်ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ အခုပွဲစဉ်မှာအနိုင်ရရှိရင် ချန်ပီယံဆု ဆွတ်ခူးနိုင်မှာဖြစ်လို့ မဖြစ်မနေအနိုင်ရလဒ်အတွက် ပြင်ဆင်လာမယ့် ဘိုင်ယန်မြူးနစ်အသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - လိုက်ပဇစ် ၁ - ၂ ဘိုင်ယန်မြူးနစ်

## အင်တာမီလန် Vs ဗီရိုနာ

**ကစားမည့်ရက်/အချိန်**
**(၄-၅-၂၀၂၅ နံနက် ၁:၁၅ နာရီ)**
**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**
**ဗီရိုနာ ၀ - ၅ အင်တာမီလန်**
**ဗီရိုနာ ၂ - ၂ အင်တာမီလန်**
**အင်တာမီလန် ၂ - ၁ ဗီရိုနာ**
**နောက်ဆုံးကစားတဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်**
**အင်တာမီလန် အိမ်(ရှုံး) အိမ်(ရှုံး) ဝေး(သရေ)**
**ဗီရိုနာ အိမ်(သရေ) ဝေး(ရှုံး) အိမ်(ရှုံး)**

အင်တာမီလန်အသင်းက အီတလီစီးရီးအေ နောက်ဆုံးကစားတဲ့ သုံးပွဲဆက်ရှုံးနိမ့်ခဲ့လို့ အမှတ်ပေးဇယားထိပ်ဆုံးကနေ ဖယ်ပေးခဲ့ရတဲ့အပြင် ချန်ပီယံဆုအတွက် အားပြိုင်နေရတဲ့ နာပိုလီအသင်းနဲ့လည်း ရမှတ်သုံးမှတ်ကွာဟနေလို့ အခုအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရရှိအောင် ပြင်ဆင်လာမှာပါ။ ဒါပေမဲ့ အင်တာမီလန်အသင်းအတွက် ချန်ပီယံဆုမျှော်လင့်ချက်ရှိနေသေးလို့ လက်ကျန်ပွဲစဉ်တွေအားလုံး ခြေချော်လို့မဖြစ်သေးပါဘူး။ အင်တာမီလန်အသင်းရဲ့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကို ပြန်ကြည့်ရမယ်ဆိုရင်လည်း ၁၇ ပွဲကစားပြီးချိန်မှာ ၁၂ ပွဲအနိုင်ရရှိပြီး သုံးပွဲသရေရလဒ်နဲ့ နှစ်ပွဲရှုံးနိမ့်ခဲ့လို့ နာပိုလီအသင်းပြီးရင် အိမ်ကွင်းစွမ်းဆောင်ရည်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေပါတယ်။

ဗီရိုနာအသင်းကလည်း နောက်ဆုံးကစားတဲ့ ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေတဲ့အထိ ရုန်းကန်နေရလို့ အခုပွဲစဉ်မှာ အင်တာမီလန်အသင်းကို ပွဲချိန်ပြည့်တုံ့ပြန်ကစားနိုင်ဖို့အတွက်တော့ ခက်ခဲနေမှာပါ။ ဒါ့ပြင် ဗီရိုနာအသင်းက အင်တာမီလန်နဲ့တွေ့ဆုံမှုတိုင်းမှာ ရုန်းကန်နေရလို့ အခုပွဲစဉ်မှာလည်း သူတို့အတွက် ခက်ခဲနေမှာပါ။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ အင်တာမီလန်အသင်းကတော့ ၁၆ ကြိမ်အနိုင်ရရှိထားပါတယ်။ ဗီရိုနာအသင်းက တစ်ကြိမ်မှအနိုင်ရရှိခြင်းမရှိဘဲ လေးကြိမ် သရေရလဒ်ထွက်ပေါ်ထားပါတယ်။ အခုပွဲစဉ်မှာ အစစအရာရာ အသာစီးမှာရှိနေတဲ့ အင်တာမီလန်အသင်းပဲ နိုင်ပွဲရယူသွားမှာပါ။

ခန့်မှန်းရလဒ်-အင်တာမီလန် ၂ - ၀ ဗီရိုနာ

## ပရီးမီးယားလိဂ် ပွဲစဉ်(၃၅)

| | | |
|---|---|---|
| အက်စ်တွန်ဗီလာ | - | ဖူလ်ဟမ် |
| အဲဗာတန် | - | အစ်ဗ့စ်ချ် |
| လက်စတာ | - | ဆောက်သမ်တန် |

## ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၃၂)

| | | |
|---|---|---|
| ဂလာဘတ် | - | ဟော့ဖန်ဟိမ်း |
| စိန့်ပေါ်လီ | - | စတုဂတ် |
| ယူနီယံဘာလင် | - | ဝါဒါဘရီမင် |
| ဒေါ့မွန် | - | ဝုဗ်ဘတ် |

## အီတလီစီးရီးအေ ပွဲစဉ်(၃၅)

| | | |
|---|---|---|
| ကာဂလီယာရီ | - | အူဒီးနိစ် |
| ပါးမား | - | ကိုမို |
| လက်ချီ | - | နာပိုလီ |

**စည်သူအောင်**



# ပဲတီစိမ်းသီးနှံ အထွက်နှင့် အရည်အသွေးမြှင့်တင်ရန်အသုံးပြုသင့်တဲ့ စိုက်နည်းစနစ်အမှန်

စည်းစိမ်သျှင်(စိုက်ပျိုးရေး)

ပဲတီစိမ်း၏ မူရင်းဒေသမှာ အိန္ဒိယနိုင်ငံဖြစ်သည်။ ပဲတီစိမ်းကို အပူပိုင်းအာရှနိုင်ငံအများအပြားတွင် စိုက်ပျိုးကြပြီး ပဲတီစိမ်း၊ ပဲနောက်စိမ်း၊ ပဲတီနက်၊ ပဲနောက်နက်ဟူ၍ လူသိများသည်။ ပဲတီစိမ်းကို အမေရိကန်၊ ဘရာဇီး၊ အာဂျင်တီးနား၊ တရုတ်၊ မြန်မာ စသည့်နိုင်ငံတို့တွင် အဓိကစိုက်ပျိုးကြသည်။ ပဲတီစိမ်းသီးနှံသည် တစ်ရာသီခံပင်ဖြစ်ပြီး ပင်တည်းဝတ်မှုန်ကူးသော အပင်အမျိုးအစားလည်းဖြစ်သည်။ ပဲတီစိမ်းသီးနှံသည် စိုက်ပျိုးပြီး ၆-၈ ပတ်အကြာ၌ ပန်းပွင့်စတင်၍ပွင့်သည်။ ပန်းမပွင့်အာမီ တစ်ရက်အလို ညနေဘက်တွင် အငုံထဲ၌ပင် ဝတ်မှုန်ရင့်ကြွေ၍ မျိုးကူးမှုပြီးစီးသည်။ ပွင့်အာခြင်းမရှိတော့ဘဲ ဝတ်မှုန်ကူးသည့် ပန်းပွင့်များ ၄၀ ရာခိုင်နှုန်းကျော်သည်။

ပဲတီစိမ်းသည် မြန်မာ့စိုက်ပျိုးရေးကဏ္ဍတွင် အရေးပါပြီး နိုင်ငံခြားဝင်ငွေ ရှာဖွေပေးလျက်ရှိသော သီးနှံတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် ပဲတီစိမ်းအား ပဲမျိုးစုံသီးနှံ စုစုပေါင်းစိုက်ဧရိယာ၏ ၃၀ ရာခိုင်နှုန်း စိုက်ပျိုးလျက်ရှိသည်။ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ပဲတီစိမ်းကို ၃၂၆၉၀၉၄ ဧက စိုက်ပျိုး၍ အထွက်နှုန်း ၁၇ ဒသမ ၅၅ တင်းဖြင့် ၅၇၂၂၅၅၆၆ တင်း ထွက်ရှိခဲ့ပြီး နိုင်ငံခြားတင်ပို့ကုန်အနေဖြင့် ၅၀၃၉၇၀ ဒသမ ၅၇၉ မက်ထရစ်တန်ချိန် တင်ပို့နိုင်ခဲ့သည်။

ပဲတီစိမ်းကို မိုးကြိုရာသီ၊ မိုးရာသီနှင့် ဆောင်းရာသီတို့တွင် စိုက်ပျိုးနိုင်သည့်အတွက် ရာသီအားလုံးမှာ စိုက်ပျိုးနိုင်လျှင် တစ်နှစ်ပတ်လုံး ဝင်ငွေကောင်းရစေနိုင်သည့် သီးနှံအမျိုးအစားဖြစ်သည်။

**သီးနှံကြိုက်နှစ်သက်သည့် သီးနှံဂေဟဗေဒစနစ်**

**(က) မြေအမျိုးအစား**

မြေအမျိုးအစားအနေဖြင့် သဲဆန်သောမြေနှင့် သဲနုန်းမြေ၊ မြေနက်စေး၊ မြေနီစေးတို့တွင် ကောင်းစွာဖြစ်ထွန်းပြီး မြေချဉ်ငန်ဓာတ်အပြောင်းအလဲကို အတော်အတန်ခံနိုင်စွမ်းရှိ၍ အလွန်အကြူးမငန်သော ဆားပေါက်မြေနှင့် ဂဝံဆန်သောမြေတို့တွင်ပါ စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။ မြေချဉ်ငန်ဓာတ် ၆ ဒသမ ၅ - ၇ ဒသမ ၅ အတွင်း စိုက်ပျိုးဖြစ်ထွန်းပြီး ပဲလွမ်းသီးနှံလောက် မြေချဉ်ခြင်းကို ခံနိုင်စွမ်းမရှိပါ။

**(ခ) ရာသီဥတု**

ပဲတီစိမ်းသည် ရေစီးရေလာကောင်းသည့် မည်သည့်မြေအမျိုးအစားမဆို စိုက်ပျိုးနိုင်သည်။ ရေဝပ်ဒဏ်ခံနိုင်ရည်မရှိပါ။ ပဲတီစိမ်းသည် မိုးရေချိန် ၁၂-၂၀ လက်မအတွင်း ရွာသွန်းသောဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။ ထို့ထက် ပိုများသော ဒေသများ၌လည်း ပန်းပွင့်ချိန်တွင် မိုးသည်းထန်စွာ ဆက်တိုက်ရွာသောရက်နှင့်မတိုက်ဆိုင်လျှင် စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။ အထွက်နှုန်း မထိခိုက်နိုင်ပါ။

**(ဂ) အပူချိန်**

ပဲတီစိမ်းသည် နှစ်စဉ်ပျမ်းမျှ ၈ ဒီဂရီစင်တီဂရိတ်အောက်မကျသောဒေသနှင့် ပျမ်းမျှ ၂၀ ဒီဂရီစင်တီဂရိတ်ထက်မပိုသောဒေသများတွင် ပိုမိုဖြစ်ထွန်းနိုင်သည်။ စိုက်ပျိုးချိန်ကာလအတွင်း အနိမ့်ဆုံး ၁၅ ဒီဂရီစင်တီဂရိတ်အောက် မကျဘဲ အမြင့်ဆုံး ၃၂ ဒီဂရီစင်တီဂရိတ်အထက် မကျော်သင့်ပေ။ အသင့်လျော်ဆုံးမှာ ၂၅-၃၀ ဒီဂရီစင်တီဂရိတ်အတွင်းဖြစ်သည်။

**သီးနှံစိုက်ပျိုးမှု စီမံခန့်ခွဲခြင်း**

**(က) မျိုးရွေးချယ်ခြင်း**

ပဲတီစိမ်းစိုက်ပျိုးရာတွင် ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီပြီး ရေမြေရာသီဥတုနှင့်သင့်လျော်သော မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးသင့်သည်။ ပဲတီစိမ်းအထွက်ကောင်းမျိုးများဖြစ်သော ရေဆင်း(၁)၊ ရေဆင်း(၉)၊ ရေဆင်း(၁၁)၊ ရေဆင်း(၁၄)၊ ရေဆင်း(၁၅)နှင့် ရေဆင်း(၁၆) စသည့် မျိုးတို့ကို ရွေးချယ်စိုက်ပျိုးသင့်သည်။ မျိုးစေ့များသည် အပင်ပေါက်ရာခိုင်နှုန်း ၈၀ ရာခိုင်နှုန်း အထက်ရှိပြီး ပိုးမွှားရောဂါကင်းစင်၍ အရည်အသွေးကောင်းမျိုးများဖြစ်ရမည်။



**(ခ) မြေပြုပြင်ခြင်း**

ပဲတီစိမ်းသည် မြေချဉ်ငန်ဓာတ် ၆ ဒသမ ၅ မှ ၇ ဒသမ ၅ ရှိသည့်မြေအမျိုးအစားတွင် ကောင်းစွာဖြစ်ထွန်းပြီး မြေပြုပြင်ရာတွင် ထယ်ရေးနက်နက်ဖြင့် ထွန်ရေးညက်အောင်ပြုပြင်ရန်လိုအပ်သည်။ စိုက်ပျိုးမည့်မြေနေရာတွင် ရေဝပ်ခြင်းနှင့် ရေနစ်မြုပ်ခြင်းမဖြစ်စေရန် ကြိုတင်ပြင်ဆင်ထားရမည်။

- မြေပြုပြင်ချိန်တွင် တစ်ဧကလျှင် နွားချေး သို့မဟုတ် မြေဆွေး ၁-၃ တန်နှုန်း ထည့်ပါ။
- မြေပြင်ချိန်တွင် ယူရီးယား ၂၈ ပေါင်၊ တီစူပါ ၁၁၂ ပေါင်နှင့် ပိုတက် ၅၆ ပေါင်နှုန်း ထည့်ပေးပါ။
- ကန့်ဓာတ်အနည်းဆုံး ၅ ရာခိုင်နှုန်းပါဝင်သော ဂျစ်ပဆန်မြေဩဇာ ပေါင် ၁၀၀ ကို စိုက်ချိန်တွင်ထည့်ပါ။
- ဇင့်ဓာတ်ပါသော ဇီဖာမြေဩဇာကို တစ်ဧကလျှင် ၃ ပေါင်နှုန်းဖြင့် မြေပြင်ချိန်တွင်ထည့်ပါ။

**(ဂ) စိုက်ပျိုးခြင်း**

ပဲတီစိမ်းသီးနှံကို မြန်မာနိုင်ငံတွင် မိုးကြို၊ မိုးရာသီနှင့် ဆောင်းရာသီတို့တွင် အဓိကစိုက်ပျိုးလျက်ရှိပြီး မိုးကြိုတွင် ဖေဖော်ဝါရီလလယ်မှ မတ်လအထိ၊ မိုးရာသီတွင် မေလမှဩဂုတ်လအထိနှင့် ဆောင်းရာသီတွင် အောက်တိုဘာလမှ နိုဝင်ဘာလကုန်အထိ စိုက်ပျိုးကြသည်။ အထက်မြန်မာပြည်၌ မိုးရေသောက်သီးနှံအဖြစ် မိုးဦး၊ မိုးလယ်တွင် သီးသန့် သို့မဟုတ် ဝါ၊ ပဲစင်းငုံတို့နှင့် သီးညှပ်စိုက်ပျိုးသည်။ စပါးအပြီး သီးထပ်လည်းစိုက်ပျိုးသည်။ အောက်မြန်မာပြည်တွင် မိုးစပါးအပြီး သီးထပ်စိုက်ပျိုးမည်ဆိုပါက မိုးစပါးအား အောက်တိုဘာလကုန်ရိတ်သိမ်းနိုင်သည့် သက်လတ်စပါးမျိုးကို စိုက်ရမည်။ စပါးရိတ်သိမ်းသည့်အခါ အောက်ခြေပြတ်ရိတ်၍ခြေနင်းခံနိုင်သော မြေအခြေအနေတွင် စိုက်ပျိုးရန်သင့်လျော်သောအခြေအနေဖြစ်၍အစိုဓာတ်အနေတော်ဖြစ်သည်။ ရေသွင်းနိုင်သည့်ဒေသများတွင် မိုးကြိုသီးနှံအဖြစ် စိုက်ပျိုးကြသည်။ ပဲတီစိမ်းကို အထက်မြန်မာပြည်၌ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြပြီး အောက်မြန်မာပြည်၌ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးလျက်ရှိသည်။

ပဲတီစိမ်းသီးနှံကို မိုးရာသီတွင် တစ်ဧကရိတ်သိမ်းပင် ၈၇၀၀၀ ရရှိရန် တန်းကြား ၁ ဒသမ ၅ ပေ၊ ပင်ကြား ၄ လက်မရအောင် စိုက်ပျိုးပြီး မိုးနှောင်းရာသီ၌ တစ်ဧကရိတ်သိမ်းပင် ၁၃၀၀၀၀ ရရှိရန် တန်းကြား ၁ ပေ၊ ပင်ကြား ၄ လက်မ ရအောင်စိုက်ပျိုးပါ။ ပဲစိုက်ပျိုးစဉ်တွင် မျိုးစေ့အတိမ်အနက်သည် တစ်လက်မမှ တစ်လက်မခွဲအတွင်းမှာသာ ဖြစ်သင့်ပြီး အစိုဓာတ် အလုံအလောက်ရရှိရမည်။

➢ **စပါးအပြီး သီးထပ်စိုက်ပျိုးခြင်း**

မိုးစပါးအပြီး သီးထပ်စိုက်ရန် အခြေအနေပေးမှုသည် နိုဝင်ဘာလ ပထမပတ်ထက် စောရန် မလွယ်ကူပါ။ သို့ဖြစ်၍ အညာဒေသတွင် မိုးစပါးအပြီး ပဲတီစိမ်းစိုက်ရန် အခြေအနေမပေးပါ။ အအေးဓာတ်ကြောင့် အပင်ပေါက်ရန်ခဲယဉ်းသည်၊ အောက်မြန်မာပြည်ဒေသအားလုံးတွင် နေ့နှင့် ညအပူချိန်များစွာ မကွာသေးမီ၊ အအေးဓာတ်မဝင်သေးမီ စိုက်ရန်ဖြစ်သည်။ မိုးစပါးခင်းများတွင် စပါးရင့်မှည့်ပြီးနောက် မြေတွင်း၌ ကျန်ရှိနေသည့် အစိုဓာတ်ကိုအားကိုး၍ စိုက်ရာတွင် ထိုအစိုဓာတ်နှင့်အမီ အညှောက်မြန်မြန်ပေါက်ရန် အရေးကြီးသည်။

➢ **ရေလိုက်ကြဲခြင်း**

ရင့်မှည့်ခါနီး စပါးခင်းမှလှောင်ရေသည် အောင်ရေထုတ်ချိန်တွင် တဖြည်းဖြည်းခန်းခြောက်၍ မြေစေး၊ နုန်းမြေ၊ သဲနုန်း၊ သဲ စသော မြေအခြေအနေအရ မြေတွင်းအစိုဓာတ်သည် မျိုးစေ့အတွင်းသို့ အစိုဓာတ်စိမ့်ဝင်ပြီး အပင်ပေါက်ရန် လုံလောက်သော အစိုဓာတ်ရှိချိန်တွင် ပဲတီစိမ်းစေ့ကို ကြဲချရမည်၊ နွံ့စေးမြေဖြစ်ပါက ခြေနင်းမခံတခံ အခြေအနေတွင် စပါးမရိတ်မီ ၁၀ ရက်ထက် နောက်မကျစေဘဲ ကြဲသင့်သည်။ ရေအောက်လက်မဝက်ခန့်အထိ မြုပ်သွားနိုင်လျှင် မကြဲသင့်သေးပါ။ ပုပ်တတ်သည်။ ပဲတီစိမ်းစေ့ ရေမမြုပ်တမြုပ်အချိန်တွင် သို့မဟုတ် ကြဲပြီး နှစ်ရက်ခန့် ရေလုံးဝခန်းခြောက်မည့်အချိန်တွင် ကြဲရမည်။ သဲများသောမြေဖြစ်လျှင် ပဲတီစိမ်းစေ့ ရေအောက်တစ်စေ့စာလောက် မြုပ်သည့်အချိန်တွင် ကြဲနိုင်သည်။ ရေများသည်ဟုယူဆပါက ရေထုတ်၍ရလျှင် ထုတ်ပြီး တစ်ညသိပ်ပြီးမှကြဲပါ။ ကြဲသောအခါ အတန်းလိုက်ဖြစ်စေရန် စပါးပင်တန်းတစ်တန်းအတွင်း လူလျှောက်သွားပြီး ဘေးဘက်မှ နှစ်တန်းတွင် ပဲမျိုးစေ့ကို ကြွက်မြီးတန်းချသွားပါ။ အစုန်/အဆန် တစ်တန်းလှပ် (လှပ်တန်းမှာ လူလျှောက်သောအတန်း) ကြဲခြင်းအားဖြင့် ပေါက်လာသော ပဲပင်များကို အတန်းလိုက်ဖြစ်စေသည်။ စပါးရိတ်သောအခါ၌လည်း ပဲပင်ပေါက်ငယ်များ မနင်းမိအောင် လှပ်တန်းမှဝင်၍ ရိတ်နိုင်သည်။ ရေလိုက်ကြဲသောအခါ အပင်ပေါက်သေချာစေရန် ပဲတီစိမ်းမျိုးစေ့ကို ၁၀-၁၂ ပြည်အထိ အသုံးပြုသင့်သည်။ စပါးရိတ်ပြီး မြေအစိုဓာတ်အခြေအနေကိုကြည့်၍ လိုအပ်မှသာ ရေသွင်းပါ။

➢ **ဓားခုတ်ဖုံးစိုက်ပျိုးခြင်း**

မိုးစပါးရိုးပြတ်ခင်းတွင် အစိုဓာတ် လူနင်းခံနိုင်လျှင် မျိုးစေ့ကိုကြဲပက်ပြီး ရိုးပြတ်များကို ကိုင်းရမ်းဓား (အရိုးသုံးပေခန့် အသွားတစ်ပေခန့် ဓားဦးကား)ဖြင့် ခုတ်ရမ်းပြီး ဖုံးပေးခြင်းဖြစ်သည်။ ရိုးပြတ်ကို ဓားထွန်ဖြင့်မောင်းပြီးမှ ပဲစေ့ကိုကြဲသည်။ ပြီးမှ ထွန်ကြောင်းကန့်လန့်ဖြတ်၍ ကျမ်းတုံးရိုက်ပေးရသည်၊ ရိုးပြတ်ရှည်ရှည်ထားရိတ်ပြီး ဆောင်ရွက်ကြသည်။ ဤစနစ်သည် သဲဆန်လွန်းသောမြေများတွင် အစိုဓာတ်မထိန်းနိုင်သဖြင့် အောင်မြင်မှုမရှိပါ။ ရေနေရေထား၊ မြေစေး မြေဖွယ်ကိုကြည့်၍ ကြိုတင်ဆောင်ရွက်သင့်သည်များနှင့် နောင်မှပြုစုရမည်များကို ရေလိုက်ကြဲအတိုင်း လိုက်နာနိုင်သည်။

➢ **စပါးသီးထပ် ထွန်ပဲစိုက်ပျိုးခြင်း**

စပါးရိတ်ပြီးသောလယ်မြေ၏မြေသားအမာအကျစ်၊ အဖွယ်အဖွာ၊ အစိုအခြောက်ကို လိုက်၍ ထယ် (သို့) ထွန် (သို့) လက်တွန်းထွန်စက်ဖြင့်ထွန်ပြီးမှ စိုက်ပျိုးသောအလေ့အထလည်းရှိသည်။ အစိုဓာတ်ကောင်း၍ စက်ဝင်၊ နွားဝင်ခံနိုင်ရည်ရှိသောမြေတွင်သာ စိုက်ကြသည်။ ဤသို့သော

**စာမျက်နှာ ၂၆ သို့** ■

■ **စာမျက်နှာ ၂၅ မှအဆက်**

စိုက်ပျိုးနည်းစနစ်အတွက် မြေအစိုဓာတ်မိစေရန် လယ်ကွက်တစ်ကွက်ချင်း (သို့) တစ်ခြမ်းကိုပင် အမိအရရိုက်ပြီး ထွန်ယက်စိုက်သင့်က စိုက်ရမည်။ နံနက်စပါးရိတ် ညနေစောင်းမှာ လယ်ကွက်ကို ထွန်ယက်ပြီး ပဲစေ့စိုက်ရမည်။ မြေအစိုဓာတ်မလွင့်ဘဲ ညအခါ နှင်းဓာတ်ရသည့်အပြင်ပဲစေ့နေပူမမိတော့ပေ။ မြေအစိုဓာတ်ကို စိတ်မချပါက ပဲတီစိမ်းကို ရေတွင်တစ်ညဖြစ်နိုင်လျှင် (၁၈ နာရီအနည်းဆုံး ၂၄ နာရီအများဆုံး) စိမ်ပြီး ကြဲပါ။ ရေစိမ်ထားသောပဲစေ့များကို ချက်ချင်းကြဲရန် သတိပြုပါ။ ကြာကြာထားလျှင် မှိုစွဲလာနိုင်သည်။ သို့မဟုတ် မျိုးစေ့ခြောက်ပြီး နောင်ပြန်စိုက်သောအခါ သန္ဓေပျက်သွားတတ်သည်။

**(ဃ) ပြုစုစောင့်ရှောက်ခြင်း**

သီးနှံများစိုက်ပျိုးပြီးလျှင် ပစ်ထား၍မရဘဲ ရိတ်သိမ်းချိန်အထိ ဂရုတစိုက် ပြုစုစောင့်ရှောက်ရန် အလွန်အရေးကြီးသည်။ ပဲတီစိမ်းကို စိုက်ပြီး ၁၄ ရက်သားမှ ပန်းပွင့်ချိန်အထိ ၇-၁၀ ရက်ခြားတစ်ကြိမ် ဇီဝစူပါရွက်ဖျန်းမြေဩဇာကို အရွက်၏အပေါ်နှင့် အောက်မျက်နှာပြင်နှစ်ဖက်လုံးကို ဖျန်းပေးပါ။ ပန်းစတင်ပြချိန်မှ သီးလုံးဝင်ချိန်အထိ အနည်းဆုံးနှစ်ကြိမ် ယူရီးယား ဟင်းစားဇွန်းလေးဇွန်း၊ လက်ချားမှုန့် တစ်ဇွန်းတို့အား ရေတစ်ဂါလန်တွင်ဖျော်၍ တစ်ဧကလျှင် ၂၀-၂၅ ဂါလန်နှုန်း ဖျန်းပေးပါ။ အပင်နှစ်ပတ်သားမှ ပန်းပွင့်ချိန်အထိ ပေါင်းမြက်ကင်းစင်အောင် ဆောင်ရွက်ပါ။ စိုက်ပျိုးသည့်မြေနေရာတွင် ရေဝပ်ခြင်းမဖြစ်စေရန် ကြိုတင်စီမံထားသင့်သည်။ အပင်ငယ်စဉ် ပေါင်းမြက်များကို နှိမ်နင်းရန် အထူးလိုအပ်သည်။ ပေါင်းမြက်များကြောင့် ပဲတီစိမ်းအထွက်နှုန်း ၄၀-၅၀ ရာခိုင်နှုန်းအထိ လျော့နည်းသွားနိုင်သည်။ ကြားပေါင်းလိုက်ခြင်း၊ လက်ပေါင်းလိုက်ခြင်း၊ ကြားတိုက်ခြင်းလုပ်ငန်းများကို ပဲတီစိမ်းစိုက်ပျိုးပြီး တစ်လမှ ၄၅ ရက်ကြားမဖြစ်မနေပေါင်းရှင်းရမည်။ ပန်းပွင့်ချိန်တွင် မြေအစိုဓာတ်လုံလောက်စွာရှိအောင်ဆောင်ရွက်ပါ။ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် ကြိုတင်ကာကွယ်ပါ။

**(င) ရိတ်သိမ်းခြင်း**

ပဲတီစိမ်းသီးတောင့်များ အစိမ်းရောင်မှ အညိုရောင် သို့မဟုတ် အနက်ရောင်သို့ ၇၅ ရာခိုင်နှုန်းအထိ အရောင်ပြောင်းချိန်တွင် ရိတ်သိမ်းပါ။ ပဲတီစိမ်း၏ တစ်ဧကအထွက်နှုန်းမှာ မျိုး၊ စိုက်ပျိုးနည်းစနစ်နှင့်ရာသီဥတုအပေါ်မူတည်၍ပြောင်းလဲနိုင်သည်။ တစ်ဧကပျမ်းမျှအထွက်နှုန်း ၂၀-၃၀ အတွင်း ထွက်ရှိသည်။

ပဲတီစိမ်းများ၏ ပဲစေ့များကို ကုန်ကြမ်းအဖြစ်ဈေးကွက်သို့တင်ပို့ရောင်းချနိုင်ပြီး ပဲတီစိမ်းခွံ၊ ပဲရိုးများကို မြေဩဇာအဖြစ်လည်းကောင်း၊ နွားများအတွက် တိရစ္ဆာန်စာအဖြစ် အသုံးပြုနိုင်သည်။ ပဲတီစိမ်းကို တန်ဖိုးမြှင့်ထုတ်ကုန် ကုန်ချောအဖြစ်ထုတ်လုပ်နိုင်သောပစ္စည်းများမှာ ပဲပင်ပေါက်၊ ပဲငံပြာရည်၊ ကြာဆံ၊ မုန့်အမျိုးမျိုး၊ ပဲကြော်၊ စည်သွတ်ဘူး၊ ပဲတီစိမ်းမှုန့်၊ ဆပ်ပြာများဖြစ်သည်။

ဥရောပနိုင်ငံများနှင့် တရုတ်နိုင်ငံတို့သည် ပဲတီစိမ်းကို ပဲပင်ပေါက်အနေဖြင့် အဓိကစားသုံးသောနိုင်ငံများဖြစ်ပြီး မြန်မာနိုင်ငံမှ ပဲတီစိမ်းများကို ဥရောပနိုင်ငံများနှင့်တရုတ်နိုင်ငံသို့တင်ပို့လျက်ရှိသည်။ ပြည်ပဈေးကွက်အနေဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်း၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိသည်။ ပဲတီစိမ်း၏ အရည်အသွေးသည် နိုင်ငံတကာတွင် အသိအမှတ်ပြုခံရ၍ ဝယ်လိုအားမြင့်မားသည်။

ပဲတီစိမ်းကို မြန်မာနိုင်ငံတွင် ပြည်တွင်းစားသုံးမှုနှင့် ပြည်ပတင်ပို့ရန် စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်သည်။ ဒေသတွင်းဈေးကွက်အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်ရောင်းချလျက်ရှိပြီး အထူးသဖြင့် မန္တလေး၊ ရန်ကုန်၊ မကွေးစသည့်မြို့ကြီးများတွင် ဝယ်လိုအားမြင့်မားသည်။ ပဲတီစိမ်းသည် မြန်မာ နိုင်ငံ၊ ဥရောပနိုင်ငံများ၊ တရုတ်နှင့် ကမ္ဘာ့ဈေးကွက်တွင် အရေးပါသောသီးနှံတစ်မျိုးဖြစ်ပြီး ပြည်တွင်းပြည်ပဈေးကွက်များတွင် ပဲတီစိမ်းကို ကျယ်ကျယ်ပြန့်ပြန့်ရောင်းချလျက်ရှိသည်။

ပဲတီစိမ်းသီးနှံသည် မြန်မာနိုင်ငံအတွက် အာဟာရပြည့်ဝပြီး စီးပွားဖြစ်စိုက်ပျိုးနိုင်သော သီးနှံတစ်မျိုးဖြစ်၍ လူထု၏အာဟာရဓာတ်ကိုဖြည့်တင်းပေးသည့်အပြင် စီးပွားရေးအရလည်း အထောက်အကူပြုသည်။ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်း၊ ခေတ်မီနည်းစနစ်များ အသုံးပြုခြင်းဖြင့် အထွက်နှုန်းနှင့် သီးနှံအရည်အသွေးကိုမြှင့်တင်နိုင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံခြားဝင်ငွေတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်သည်။ ထို့ကြောင့် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှုကို မြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်စေနိုင်မည် ဖြစ်သည်။ ။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၅-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၈၅ | ၂၉၉၅ | ၂၉၆၅ | ၂၉၀၀ | ၃၀၀၅ | ၃၀၂၀ | ၃၀၃၅ | ၂၉၅၅ | ၄၅၀၅ | ၃၂၅၀ | ၂၉၇၀ | ၂၉၇၅ | ၃၀၄၅ | ၃၀၁၀ | ၃၀၃၀ | ၃၂၈၅ |
| 95 Ron | ၂၉၄၀ | ၃၀၅၅ | ၃၀၂၀ | ၂၉၅၅ | ၃၀၆၀ | ၃၀၇၅ | ၃၀၉၀ | ၃၀၁၀ | ၄၅၆၀ | ၃၃၀၅ | ၃၀၃၀ | ၃၀၃၀ | ၃၁၀၀ | ၃၀၆၅ | ၃၀၈၅ | ၃၃၄၅ |
| HSD (500 ppm) | ၂၄၇၀ | ၂၅၈၅ | ၂၅၅၀ | ၂၄၈၅ | ၂၅၉၀ | ၂၆၀၅ | ၂၆၂၅ | ၂၅၄၀ | - | ၂၈၃၅ | ၂၅၆၀ | ၂၅၆၀ | ၂၆၃၀ | ၂၅၉၅ | ၂၆၂၀ | ၂၈၇၅ |
| HSD (50 ppm) | ၃၀၅၅ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၉၀ | ၃၂၀၅ | ၃၁၂၅ | ၄၈၃၀ | ၃၄၁၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |
| HSD (10 ppm) | ၃၀၅၅ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၉၀ | ၃၂၀၅ | ၃၁၂၅ | - | ၃၄၁၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၁၈ | ၂၈၀၆ |
| 95 Ron | ၂၇၇၃ | ၂၈၆၂ |
| HSD (500 ppm) | ၂၃၁၈ | ၂၃၉၄ |
| HSD (50 ppm) | ၂၈၈၂ | ၂၉၆၉ |
| HSD (10 ppm) | ၂၈၈၂ | ၂၉၆၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်းအသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မေလ၏ အနိမ့်ဆုံးအပူချိန်စံချိန်သစ်များ

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | အနိမ့်ဆုံးအပူချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | အနိမ့်ဆုံးအပူချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် | | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် | |
| ၁။ | မြစ်ကြီးနား | ၂-၅-၂၀၂၅ | ၁၄.၅ | ၅၈.၁ | ၃-၅-၂၀၂၄ | ၁၆.၂ | ၆၁.၂ | ၅၉ |
| ၂။ | ဟားခါး | ၂-၅-၂၀၂၅ | ၇.၀ | ၄၄.၆ | ၁၅-၅-၂၀၁၁ | ၇.၅ | ၄၅.၅ | ၄၅ |

(မိုး/ဇလ)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# သနပ်ပင်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

**သနပ်ပင် မေ ၂**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ မေလ ၂ ရက် နံနက်ပိုင်းတွင် သနပ်ပင်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သနပ်ပင်မြို့နယ် အောက်စုကွင်း၌ တစ်ကွင်းတစ်ဆက်တည်း ဧက ၅၀ နွေစပါး နှစ်သီးစိုက်မှ ဒုတိယသီးနှံ နွေစပါးဆိုလာစနစ်ဖြင့် ရေသွင်းစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး သနပ်ပင်ဒေသသည် ရေကြီးရေနက်ကွင်းများဖြစ်၍ မိရိုးဖလာနွေစပါး တစ်သီးသာ စိုက်ပျိုးခဲ့ရာမှ ယခုအခါ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကြိုတင်ပျိုးထောင်စနစ်အသုံးပြုကာ နွေစပါးနှစ်သီးစိုက်ပျိုးနိုင်ခဲ့ပြီဖြစ်၍ အခြားဒေသမှတောင်သူများကိုလည်း ခေါ်ယူပြသ အသိပညာပေးပြီး သီးထပ်စွမ်းအားတိုးတက်အောင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။ ထို့နောက်နွေစပါးနှစ်သီးစိုက်တောင်သူများနှင့်တွေ့ဆုံ၍ သွင်းအားစုများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သနပ်ပင်မြို့ ဘူတာပိုင်းရပ်ကွက် မြရတနာလမ်းပေါ်ရှိ ဦးအောင်ရွှေ၏ ဆီစက်၊ ဆန်စက်နှင့် ဆန်အခြောက်ခံစက်ရုံသို့ သွားရောက်ကြည့်ရှုအားပေးပြီး ဆီစက်မှထွက်ရှိလာသည့် မြေပဲဖတ်များအား တိရစ္ဆာန်အစာထုတ်လုပ်ရောင်းချသွားရန်၊ မြေပဲ၊ ပဲတီစိမ်းနှင့် မတ်ပဲတို့မှထွက်ရှိလာသည့် ပဲမှော်များအား သဘာဝမြေဩဇာထုတ်လုပ်ရန်မှာကြားပြီး စက်ရုံအတွင်းလှည့်လည်ကြည့်ရှုသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သနပ်ပင်မြို့ ကမာစဲကျေးရွာအုပ်စု၌ မွေးမြူရေးလုပ်ငန်းရှင် ဦးဝင်းဗိုလ်၏ ဥစားဘဲကောင်ရေ ၄၀၀၀ မွေးမြူထားရှိမှုကိုကြည့်ရှုအားပေးပြီး ဥစားဘဲအပြင် ဒေသကြက်ကိုလည်း တိုးချဲ့၍သဘာဝနည်းအတိုင်း မွေးမြူသွားနိုင်ရေးဆောင်ရွက်ပေးရန်၊ ဒေသတွင်း စားရေရိက္ခာဖူလုံပိုလျှံနိုင်ရေး များများစိုက်၊ များများမွေးရန် တာဝန်ရှိသူများအား မှာကြားသည်။ ၎င်းနောက် မွေးမြူရေးလုပ်ငန်းများ ထပ်မံတိုးချဲ့ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သနပ်ပင်မြို့ရှိ "ထက်ကိုကို" ပန်းဘဲနှင့် လယ်ယာသုံးပစ္စည်းအရောင်းဆိုင်သို့ သွားရောက်၍ လယ်ယာသုံးပစ္စည်းမျိုးစုံ ထုတ်လုပ်နေမှုကိုကြည့်ရှုအားပေးပြီး မိရိုးဖလာထုတ်လုပ်သည့် လယ်ယာသုံးပစ္စည်းများအပြင် ခေတ်မီစက်ကိရိယာများတွင် တပ်ဆင်အသုံးပြုနိုင်သည့် လယ်ယာသုံးပစ္စည်းများ ဆန်းသစ်တိုးချဲ့ထုတ်လုပ်နိုင်ရေး နည်းပညာနှင့် ချေးငွေရရှိရေး၊ ပြည်တွင်းဈေးကွက် ချဲ့ထွင်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **၄၀၁၊ တင်စိုး(ပဲခူး)**

# တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့၌ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲများပြုလုပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းက ပူဖောင်းများအား ပစ္စတိုဖြင့်ပစ်ဖောက်ကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် မေ ၂**

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အရာရှိ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပူဖောင်းများအားပစ္စတိုဖြင့်ပစ်ဖောက်ကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမျိုးသား/အမျိုးသမီး ပစ္စတိုသရုပ်ပြပစ်ခတ်မှု၊ စွမ်းရည်ပြပစ်ခတ်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါသေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၀ သင်း၊ အမျိုးသမီးအသင်း ၁၀ သင်းတို့ဖြင့် မေလ ၇ ရက်အထိ ယှဉ်ပြိုင်ပစ်ခတ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်းသေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့်အရာရှိ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပူဖောင်းများအားပစ္စတိုဖြင့်ပစ်ဖောက်ကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အမျိုးသား/အမျိုးသမီးပစ္စတိုထိလဲပစ်ခတ်မှု၊ သရုပ်ပြပစ်ခတ်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါသေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် မေလ ၉ ရက်အထိ ယှဉ်ပြိုင်ပစ်ခတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# လျှော်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂**

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့်ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၈၃၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၅ ဦးနှင့် ပျောက်ဆုံးသူ ၁၀၁ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့်ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိအသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၈၆ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ဆက်လက်ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေလ ၁ ရက် ညနေ ၅ နာရီမှ မေလ ၂ ရက် ညနေ ၅ နာရီအတွင်း International Organization For Migration (IOM) အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းနေထိုင်သူများအဖွဲ့က ထောက်ပံ့ပေးသည့်ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ အိပ်ရာခင်း၊ ရွက်ဖျင်တဲ၊ Container ၂၀' စုစုပေါင်းတန်ချိန် ၂၃ ဒသမ၂၁၁ တန်၊ World Health Organization (WHO) ကထောက်ပံ့ပေးသည့် Portable Toilets စုစုပေါင်းတန်ချိန် ၄ ဒသမ ၇၃၆ တန်နှင့်မလေးရှားနိုင်ငံ ဆီလန်ဂေါပြည်နယ်ရှိ KRI SAKTHI NYANAETHIRA KANIMADAM YOGI RAMSURATKUMAR SHIRAMAM and PERSATUAN RENGANUT DEVI SHRI KARUMARIAMMAN TEMPLE ကထောက်ပံ့ပေးသည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်၊ အဝတ်အထည်များ စုစုပေါင်းတန်ချိန် သုည ဒသမ ၄၉၁ တန် ရောက်ရှိခဲ့သည်။

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။ **မြဝတီ**

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

**ရွှေတောင် မေ ၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နွေရာသီကျောင်းပိတ်ရက်တွင် စာကြည့်တိုက်သို့လာရောက်၍ စာအုပ်ငှားရမ်းဖတ်ရှုကြသည့် မျိုးဆက်သစ်လူငယ်ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတရရှိစေရန်ရည်ရွယ်၍ ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေးဟောပြောပွဲကို မေလ ၂ ရက်တွင် မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က ကလေးအလုပ်သမားပပျောက်ရေးအကြောင်းကိုလည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့်အလေ့အကျင့်ရှိပြီး စာပေနှင့်ပိုမိုရင်းနှီးကျွမ်းဝင်လာစေရန်၊ စာပေမှရရှိသော အသိပညာ ဗဟုသုတများတိုးပွားလာစေရန်၊ ဉာဏ်ရည်ဉာဏ်သွေးဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကိုယ်ရည်ကိုယ်သွေးထက်မြက်လာစေရန် စသည့်အကြောင်းအရာများကိုလည်းကောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ဆက်)

## မိုးလေဝသ သတင်း

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ရမည်းသင်း | (၁.၇၃)လက်မ |
| ကလေး | (၁.၅၇)လက်မ |
| ပုသိမ်ကြီး(ရွှေစာရံ) | (၁.၅၅)လက်မ |
| လှိုင်ကော် | (၁.၄၆)လက်မ |
| မိုင်းယန်း | (၁.၂၆)လက်မ |
| ပြင်ဦးလွင် | (၁.၁၈)လက်မ |
| ဟဲဟိုး | (၁.၁၀)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ညောင်လေးပင် | ၃၉.၅ °C |
| ကျောက်ကရိတ် | ၃၉ °C |
| ဘားအံ | ၃၈.၁ °C |
| ဘားအံ (စိုက်ပျိုးရေးမိုးလေဝသ) | ၃၈ °C |
| ထားဝယ် | ၃၇.၇ °C |
| ချောက် | ၃၇.၅ °C |
| ပခုက္ကူ | ၃၇ °C |
| ဘီးလင်း | ၃၆.၈ °C |
| ဇောင်းတူ | ၃၆.၇ °C |
| မော်လမြိုင် | ၃၆.၅ °C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| မင်းကင်း | (၃.၁၁)လက်မ |
| ရေဦး | (၃.၀၇)လက်မ |
| စစ်တွေ | (၂.၃၆)လက်မ |




| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၈ | ၂၇ |
| ရှမ်း(မြောက်) | ၂၀ | ၃၃ |
| ရှမ်း(အရှေ့) | ၂၀ | ၂၆ |
| ရှမ်း(တောင်) | ၁၇ | ၂၄ |
| ချင်း | ၉ | ၂၀ |
| စစ်ကိုင်း(အထက်) | ၁၉ | ၃၃ |
| စစ်ကိုင်း(အောက်) | ၂၂ | ၃၄ |
| နေပြည်တော် | ၂၃ | ၃၃ |
| မန္တလေး | ၂၁ | ၃၂ |
| မကွေး | ၂၃ | ၃၄ |
| ရခိုင် | ၁၈ | ၃၃ |
| ပဲခူး | ၂၃ | ၃၄ |
| ရန်ကုန် | ၂၆ | ၃၆ |
| ဧရာဝတီ | ၂၄ | ၃၃ |
| ကယား | ၁၉ | ၂၈ |
| ကရင် | ၂၅ | ၃၈ |
| မွန် | ၂၄ | ၃၆ |
| တနင်္သာရီ | ၂၃ | ၃၆ |


အရည်အသွေးပြည့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART nine mile Showroom
KHA YAE PIN MART
SUGARMEC
Lemon Tea
LEMON
SODA


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
ရွှေဖီဦး
Tea Mix
Lemon Tea
Black Tea
ရွှေဖီဦး BLACK TEA (နောင်တရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး၊
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ
➢ပါရမီ(YBS)
09-459448201
➢ရွှေမန်းသူ
09-254781060
➢ မန္တလေးအခြေစိုက်
09-426500153
➢တော်ဝင်
09-423333250
➢ ပါရမီတက္ကစီ
01-3643641
➢ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS Certification
UKAS MANAGEMENT SYSTEMS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com

# ပြည်တွင်းကုမ္ပဏီများက ရုရှားဈေးကွက်သို့ စိန်တလုံးသရက်သီးများတင်ပို့ရန် ပြင်ဆင်နေ

မန္တလေး မေ ၂

မြန်မာ့စိန်တလုံးသရက်သီးများကို ရုရှားဈေးကွက်သို့တင်ပို့မည့် ပြည်တွင်းမှကုမ္ပဏီများက သရက်ခြံများသို့ ကွင်းဆင်းကာ အရည်အသွေးကောင်းသရက်သီးများ ဝယ်ယူရရှိရေးအတွက် ပြင်ဆင်နေကြကြောင်း မြန်မာနိုင်ငံ သရက်သီးဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောသည်။

ရုရှား-မြန်မာစီးပွားရေးကောင်စီနှင့် အဖွဲ့ဝင်ကုမ္ပဏီများက ယခုနှစ်မှစတင်၍ မြန်မာနိုင်ငံမှ လတ်ဆတ်သောသရက်သီးနှင့်သရက်သီးခြောက်များ ဝယ်ယူသွားမည်ဖြစ်ရာ ရုရှားဈေးကွက်သို့တင်ပို့မည့်လုပ်ငန်း/ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

"ဒီနှစ်မှာ ရုရှားက မြန်မာ့သရက်သီးနှင့် သရက်ခြောက်ကို ရသလောက်ဝယ်မယ့်အနေအထားရှိတော့ တိုက်ရိုက်တင်ပို့နိုင်လို့ရမယ့် ဈေးကွက်သစ်တစ်ခုလို့ပြောရမယ်။ တင်ပို့မယ့် Exporter တွေ၊ ကုမ္ပဏီတွေက ပြင်ဆင်တဲ့အနေနဲ့ အရည်အသွေးကောင်းသရက်သီးဝယ်ဖို့ ခြံတွေကိုကွင်းဆင်းနေကြပြီ။ ဘယ်ခြံကအရည်အသွေးကောင်းတယ်၊ မကောင်းဘူး။ ဘယ်ခြံတွေမှာ ရနိုင်မလဲ၊ ဘယ်အချိန်များများရနိုင်မလဲဆိုတာတွေ အချက်အလက်ကောက်ပြီး အဲဒီခြံတွေမှာ သရက်သီးဘယ်လောက်ပမာဏဝယ်မယ်ဆိုတာ အော်ဒါပေးမယ်။ သိသလောက်ဆိုရင် ရုရှားကို သရက်တင်ပို့ဖို့ ကုမ္ပဏီ ၃ ခုလောက်က ပြင်ဆင်နေတယ်လို့ သိရတယ်" ဟု ဦးကျော်စိုးနိုင်ကပြောသည်။



လက်ရှိတွင် စိန်တလုံးသရက်သီးမှာ ပေါ်ဦးပေါ်ဖျားအချိန်ဖြစ်၍ ဈေးကောင်းရရှိနေပြီး ရုရှားသို့ သရက်သီးများတင်ပို့ရန် ပြင်ဆင်နေကြသည့် ကုမ္ပဏီများသည် သရက်သီးလှိုင်လှိုင်ပေါ်ချိန်တွင် သရက်ခြံများသို့ ကွင်းဆင်းကာ အရည်အသွေးကောင်းသရက်သီးဝယ်ယူရရှိနိုင်ရေးနှင့် ဈေးနှုန်းညှိနှိုင်းခြင်းတို့ လုပ်ဆောင်နေကြကြောင်း သိရသည်။

မင်းထက်အောင် (မန်းကိုယ်ပွား)

# ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့နယ်တွင် ငွေကျပ်သိန်း ၉၁၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၉ သိန်းနှင့် ထိန်းချုပ်ဓာတုပစ္စည်းကဖင်း ၂ ဒသမ ၇၂၅ တန် ဖမ်းဆီးရမိ

နေပြည်တော် မေ ၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဧပြီလ ၃၀ ရက်နေ့ နံနက် ၁၀ နာရီအချိန် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့နယ်၊ တာကော်ကျေးရွာအနီးတွင် မိုင်းပျဉ်းမှ ကာလိဘက်သို့ ကျော်စွာမြင့်(ခ)လင်းအောင် မောင်းနှင်လာသည့် NISSAN DIESEL ၁၂ ဘီးမော်တော်ယာဉ်နှင့် စိုင်းပညာမောင်းနှင်လာသည့် NISSAN DIESEL ၁၂ ဘီး မော်တော်ယာဉ်တို့ကို သတင်းအရရှာဖွေရာ အဆိုပါယာဉ် ၂ စီးပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၉၁၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၉ သိန်း၊ ထိန်းချုပ်ဓာတုပစ္စည်းကဖင်း ၂ ဒသမ ၇၂၅ တန်နှင့် အနံ့ဆေးရည် ၆၀၀ လီတာ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ အဆိုပါဖမ်းဆီးရမိမူးယစ်ဆေးဝါးများအား ကျိုင်းတုံမြို့နယ်မှ ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသတင်းရရှိသည်။

(၁၀၀)

# တရားမဝင်ကုန်သွယ်မှုများလျော့နည်းပပျောက်စေရေး တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်

## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များဖမ်းဆီးရမိ




ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။




TMIT ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

နေပြည်တော် မေ ၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**ဧပြီလ ၃၀ ရက်**တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ မြို့ရှောင်လမ်း၌ ကျိုင်းတုံမြို့မှ မိုင်းပျဉ်းမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၇၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျိုင်းတုံမြို့ မြို့ရှောင်လမ်း ကျိုင်းဖောင်းကျေးရွာအနီး လမ်းဘေးတစ်နေရာ၌စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀)ကိုလည်းကောင်း၊ ရွာင်မြို့နယ်၊ ယုံတောင်ကျေးရွာအနီး၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၄၄)မျိုး၊ လူသုံးကုန်ပစ္စည်း(၃၁)မျိုး၊ စားသောက်ကုန်ပစ္စည်း(၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၀၉၄၇၂၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Chenglong Tractor Head (၁)စီး၊ Shacman Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၂)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ဟိုပုံးတပ်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၂၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃၅)မျိုး၊ လူသုံးကုန်ပစ္စည်း (၁၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၉၄၆၇၈၄၄)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁၀)စီး၊ Nissan Diesel Truck (၅)စီး၊ Hino Profia Truck (၃)စီး၊ Hino Truck (၂)စီး၊ Diamond Truck (၁)စီး၊ Super Mandalar Truck (၁)စီး၊ Shwe Chan Truck (၁)စီး၊ Ayar Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၉၃၃၂၅၆၄)** ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**မေလ ၁ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၈၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး၊ Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၂၉)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၄၄၆၁၇၉၄) ကိုလည်းကောင်း၊ TMIT ဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၂၄၇၆၁၇၃)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ(၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၈၇၅၁၉၅)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၅၆၉၃၁၆၂)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဧပြီလ ၃၀ ရက်နှင့် မေလ ၁ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၆၄)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၈၅၀၂၅၇၂၆)**ကို ဖမ်းဆီးရမိခဲ့ပါသည်။ တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်အောင်ဆောင်ရွက်ရာတွင် သိသာစွာထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှရရှိသည့် အခွန်အခများ၊ တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများလျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

# မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းဆောင်ရွက်

နေပြည်တော်　မေ　၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော်သည် ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများနှင့်တွေ့ဆုံသည်။



တွေ့ဆုံစဉ်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ကျင်းပမည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)သည် မြန်မာနိုင်ငံရွေးကောက်ပွဲသမိုင်းတွင် ပထမဆုံးအသုံးပြုမည့်မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် မြန်မာနိုင်ငံသားများကိုယ်တိုင် တီထွင်ထားသော မဲပေးစက်ဖြစ်ကြောင်း၊ အဆိုပါမဲပေးစက်အသုံးပြု၍ မဲပေးခြင်းဖြင့် ပယ်မဲဖြစ်ပေါ်မှုမရှိခြင်း၊ မဲရေတွက်ခြင်းအတွက်အချိန်ကြန့်ကြာမှုများ၊ ကိန်းဂဏန်းလွဲမှားမှုများကို ကျော်လွှားပြီး အချိန်တိုအတွင်း တိကျမှန်ကန်သည့်မဲရလဒ်များ ထုတ်ပြန်ဆောင်ရွက်နိုင်မည်ဖြစ်၍ ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများကဲ့သို့ အငြင်းပွားဖွယ်ဖြစ်ရပ်များ၊ မဲမသမာမှုများ မရှိနိုင်တော့ဘဲ ပိုမိုပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများနှင့် တပ်ရင်း/ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များ စုစုပေါင်းအင်အား ၂၂၀ ခန့်က လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် ပူတာအိုခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအစည်းအဝေးခန်းမ၌ ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ဝန်ထမ်းရေးရာကိစ္စများနှင့်ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များဆွေးနွေးခဲ့ကြပြီး လိုအပ်သည်များမှာကြားကာ ဝန်ထမ်းများအား ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

## ၂-၅-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၆၇၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က လျှော်ဘေးဒဏ်သင့်ဝန်ထမ်းမိသားစုများ အတွက် ငွေကျပ်ခုနစ်ဆယ့်ငါးသိန်းတန်ဖိုးရှိ ဆန်နှင့်ဆီလှူဒါန်း




နေပြည်တော်　မေ　၂

မန္တလေးငလျင်ကြီးဘေးဒဏ်သင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ငွေကျပ်ခုနစ်ဆယ့်ငါးသိန်းတန်ဖိုးရှိ ဆန် ၆ ပြည်အိတ် ၂၀၀ နှင့် ဆီ ၅၅ ကျပ်သားဘူး ၂၀၀ တို့ကိုပေးအပ်လှူဒါန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ၂၀၂၅ ခုနှစ် မတ်လအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအခြေအနေများ

## လေအရည်အသွေးစောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းကို ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိ

နေပြည်တော်　မေ　၂

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ဂျပန်နိုင်ငံ Asia Center for Air Pollution Research (ACAP) နှင့် Clean Air Asia တို့၏ ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5µg)နှင့်အောက် သေးငယ်သောအမှုန်အမွှားများ (Particulate Matter – PM) ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် $PM_{2.5}$ Monitor စက် တပ်ဆင်၍ လေအရည်အသွေး ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းကို ၂၆-၃-၂၀၁၈ ရက်နေ့မှစ၍ ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

**ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း(AQI) များပြပုံ**




**လေအရည်အသွေးအညွှန်းကိန်း(AQI) အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်**

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ - ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ - ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေး ထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ - ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ - ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ - ၃၀၀ | ကျန်းမာရေးကိုအလွန် ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် - လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ - ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ၂၀၂၅ ခုနှစ် မတ်လ ၁ ရက်မှ ၃၁ ရက်အထိ တိုင်းတာရရှိခဲ့သည့် $PM_{2.5}$ တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index – AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် မတ်လ ၁၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်နှင့် ၂၂ ရက်တို့သည် AQI Range 51–100 အတွင်းတွင်ရှိသောကြောင့် အသင့်အတင့်အဆင့် (Moderate)၊ ၂ ရက်နှင့် ၁၃ ရက်တို့သည် AQI Range 151–200 အတွင်းတွင်ရှိသောကြောင့် ကျန်းမာရေးကို ထိခိုက်စေသောအဆင့် (Unhealthy) နှင့် ကျန်ရက်များသည် AQI Range 101–150 အတွင်းတွင်ရှိသောကြောင့် ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကိုထိခိုက်စေသောအဆင့် (Unhealthy for Sensitive Group) ဖြစ်ကြောင်း တွေ့ရှိရသည်။

တိုင်းတာရရှိခဲ့သည့်မှတ်တမ်းများအရ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ မတ်လအတွင်းတွင် အသင့်အတင့်အဆင့်၌ ၁၂ ရက်၊ ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကိုထိခိုက်စေသောအဆင့်၌ ၁၇ ရက်နှင့်ကျန်းမာရေးကိုထိခိုက်စေသောအဆင့်၌ ၂ ရက်ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

❖ **စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၅ ခုနှစ်၊ ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ် အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ



၂၀၂၅ ခုနှစ်၊ ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းများလေ့ကျင့်သင်ကြားပေးစဉ်။

နေပြည်တော် မေ ၂

ကျောင်းသား၊ ကျောင်းသူမျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့်နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သောအနာဂတ်မျိုးဆက်သစ်လူငယ်များပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းဖွင့်ပွဲများကို ဧပြီလ ၂၂ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ

**စာမျက်နှာ ၁၅ ကော်လံ ၁ ●**



တရားခံများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့နယ်တွင် ငွေကျပ်သိန်း ၉၁၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၉ သိန်းနှင့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၂ ဒသမ ၇၂၅ တန် ဖမ်းဆီးရမိ

စာ - ၂၉ သို့

## အချိန်အခါမဟုတ်မိုးရွာနိုင်မည့်သတိပေးချက်

## တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် မေလ ၄ ရက်အတွင်း နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် မေ ၂

ယနေ့ညနေ ၄ နာရီခွဲအချိန်တိုင်းထွာချက်များအရ အနောက်ဘက်မှရွေ့လျားလာသောလေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသောလေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ ၄-၅-၂၀၂၅ ရက်အတွင်း မကွေးတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊

**စာမျက်နှာ ၁၂ ကော်လံ ၄ ❐**

## ပြည်တွင်းကုမ္ပဏီများက ရုရှားဈေးကွက်သို့ စိန်တလုံးသရက်သီးများ တင်ပို့ရန် ပြင်ဆင်နေ

စာ - ၂၉ သို့




